www.burmeseclassic.com

# ြသန်းတင့်

## ကွဲသွားသောသိုက်မြုံကလေးနှင့်
## မေ့သား

## HE BROKEN NEST &
## ASHMANI'S SON

RABINDRANATH TAGORE

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၂ / ၉၉ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၀၄ / ၉၉ (၁၁)

●

ထုတ်ဝေသူ
ဒေါ်ရွှေအိမ်(၀၁၂၉၉)
တိုင်းလင်းစာပေတိုက်
အမှတ်၈/၆၅-အုပ်စု၊ ၃/အောင်သိဒ္ဓိလမ်း
စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်
ရန်ကုန်မြို့။

●

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်ခင်သန်း (၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်
၁၈၊ သင်္ဂဟာလမ်း၊ ကျောက်မြောင်း
ရန်ကုန်မြို့။

●

အုပ်ရေ - ၄၀၀
တန်ဖိုး -
ဒီဇင်ဘာလ၊ ၁၉၉၉ခုနှစ်
ပထမအကြိမ်

BURMESE CLASSIC .com

# မြသန်းတင့်

## ပြိုကွဲသွားသောသိုက်မြုံကလေး
(The broken Nest)

## အမေ့သား
(Rashmani's Son)

www.burmeseclassic.com

www.burmeseclassic.com

ဘင်္ဂါလီစာရေးဆရာကြီး

**Rabindranath Tagore**

၏

**The broken Nest**

**&**

**Rashmani's Son**

တို့ကို ဘာသာပြန်ပါသည်။

# မာတိကာ


၁။ ပြိုကွဲသွားသောသိုက်မြုံကလေး .. ၉
(The broken Nest)

၂။ အမေ့သား .. ၁၆၃
(Rashmani's Son)


www.burmeseclassic.com

www.burmeseclassic.com

# ပြိုကွဲသွားသောသိုက်မြုံကလေး

မြသန်းတင့်

ဘင်္ဂါလီစာရေးဆရာကြီး
**Rabindranath Tagore** ၏
**The broken Nest** ကို
ဘာသာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



# ၁

ဘူပတိသည် အလုပ်လုပ်ဖို့ မလိုသော လူတစ်ယောက် ဖြစ်၏။ သူ့တွင် ဝင်ငွေကလည်း လုံလောက်သည်။ ရာသီဥတုကလည်း ပူပြင်းသည်။ သို့ရာတွင် သူ့ခမျာ အလုပ်လုပ်ရန် ကံဇာတာ ပါလာသည့်ထင့်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာဖြင့် သတင်းစာတစ်စောင် ထုတ်ဝေသည်။ ထို့နောက်တွင်မူကား အချိန်ကုန်ခဲလှချည့်ဟု ညည်းတွားစရာ မလိုတော့ပြီ။

သူသည် ငယ်စဉ်ကတည်းကပင်လျှင် အင်္ဂလိပ်လို ရေရေရ ပြောရသည်ကို ဝါသနာထုံသည်။ မလိုအပ်သည် အယ်ဒီတာထံ ပေးစာ တွေ ရေးသည်။ အစည်းအဝေးတို့

*ယောစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘာတို့ရောက်လျှင် ဘာမျှ ပြောစရာ အထွေအထူး မရှိသည့်တိုင် တစ်ခွန်း နှစ်ခွန်းတော့ ထပြောလိုက်ရမှ နေသာထိုင်သာရှိသည်။ သူတို့ပါတီထဲတွင် လူချမ်းသာ တစ်ယောက် ဝင်ရောက်စေချင်သဖြင့် နိုင်ငံရေး ခေါင်းဆောင်များက သူ အင်္ဂလိပ်စာတော်ကြောင်းကို ချီးမွမ်းပြောဆိုကြသည်။ သူကလည်း သဘောကျသည်။

မအောင်မြင်သော ရှေ့နေပေါက်စတစ်ဦးဖြစ်သည့် ယောက်ဖဖြစ်သူ အမ္မာပဒက သူ့ကို မြှောက်ပင့်ပြောသည်။

"အစ်ကိုကြီးနယ်ဗျာ....အစ်ကိုကြီးလို အင်္ဂလိပ်စာ အရေးအသား ကောင်းပုံမျိုးနဲ့ ဆိုရင် အင်္ဂလိပ်သတင်းစာ တစ်စောင်လောက် ထုတ်ဖို့ ကောင်းတာပေါ့။ မိုးကို ပျံနေမှာဘဲ" ဟုဆိုသည့်အခါတွင် ဘူပတိသည် အကြီးအကျယ် ဘဝင်ခိုက်သွားသည်။

သူတစ်ပါးသတင်းစာထဲတွင် အယ်ဒီတာထံ ပေးစာ ရေးရသည်မှာ မျက်နှာငယ်လှသည်။ ကိုယ့်သတင်းစာတွင်ဆိုလျှင် ကလောင်ကို ဇက်ကုန်လွှတ်နိုင်ပြီ။ ဘူပတိသည် ယောက်ဖတော် အမ္မာပဒကို မန်နေဂျာခန့်ပြီးသော် သတင်းစာ အယ်ဒီတာ ကုလားထိုင်တွင် ဝင်ထိုင်သည်။ ထိုခေတ်တုန်းက အယ်ဒီတာလုပ်ချင်သူ၊





နိုင်ငံရေးလုပ်ချင်သူတွေ များလှပါဘိခြင်း။ အပေါင်းအသင်းများသည် ဘူပတိကို ကြည့်၍ အားကျကြသည်။

ဘူပတိက သတင်းစာလုပ်ငန်းတွင် အားသွန်ခွန်စိုက် လုပ်နေချိန်၌ သူ၏ ကုမ္မာရီ ဇနီးသည် ချာရုလတာသည် အရွယ်ရောက်လာခဲ့သည်။ အယ်ဒီတာကြီးသည် သူ့အတွက် ထိုမျှအရေးကြီးသော သတင်းကြီးကို ဂရုမစိုက်နိုင်ပါ။ သူ့အဖို့အရေးကြီးနေသည့် ကိစ္စမှာ အိန္ဒိယ အစိုးရ၏ နယ်ချဲ့ရေးပေါ်လစီသည် အတားအဆီးများကို ကျော်ဖြတ်ကာ ဆူပူထကြွမှုများကို လျှင်မြန်လာစေမည် ဆိုသည့်အချက်သာ ဖြစ်သည်။

သူတို့၏ စည်းစိမ်ဥစ္စာ ချမ်းသာသော မိသားစုတွင် ချာရုလတာသည် ဘာမျှ မည်မည်ရရ လုပ်စရာမရှိ။ ချာရုလတာသည် အသီးသီးတော့မည် မဟုတ်သော အပွင့်တစ်ပွင့်ကဲ့သို့ ဝေဆာ ပွင့်လန်းလာခဲ့သည်။ သို့ရာတွင် ဘာကိုမျှ လေးလေး နက်နက်မရှိဘဲ အစစအရာရာ ပြည့်စုံလျက်ရှိသဖြင့် အဆုံးမရှိသော အချိန်များကို အကျိုးမဲ့စွာ ဖြုန်းတီးလျက် ရှိပါသည်။ သူ့တွင် ဘာမျှ လိုလေသေး မရှိ။ ထိုသို့သော အခြေအနေမျိုးတွင် ဇနီးပျိုတစ်ယောက်သည် အခွင့်ရသည်နှင့် ယောက်ျား၏ အနားတွင် တကပ်ကပ်လုပ်နေတတ်သည်။ အိမ်တွင်း



www.burmeseclassic.com

www.burmeseclassic.com



ရေး နယ်စပ် ပေါ်လစီများကို ဖောက်ဖျက်တတ်သည်။ သင့်ရာမှ မသင့်ရာသို့ ကျူးကျော်တတ်သည်။ အချိန်မှန်မှသည် အချိန်မှားသို့ ကျူးကျော်တတ်သည်။ သို့ရာတွင် ချာရုလတာမှာ ထိုသို့သော အခွင့်အရေးများကို မရရှာပါ။ သူ့ယောကျ်ားကို စောင့်ကြပ်ကာဆီးနေသော စက္ကူပုံကြီးကို ကျော်လွှား၍ မရနိုင်အောင် ဖြစ်နေပါသည်။ သူ့ဇနီးပျိုကို ပစ်ပယ်ထားသည့် ဘူပတိကို ဆုံးမရန်အတွက် ဒေါ်ကြီး၊ ဒေါ်လေးတို့လို မိန်းမဆွေမျိုးသားချင်းမျိုး ရှိဖို့ ကောင်းသည်။ ထိုသို့ ဆုံးမနိုင်လျှင်မှ ဟုတ်တာပေါ့။ ချာရုလတာမှာ အဖော်တို့ ဘာတို့ ညာတို့ ရှိဖို့ ကောင်းတာပေါ့။ သူ့ခမျာ ဘာမှလည်း လုပ်စရာ မရှိဘူးဟု ပြောဖော်ရလျှင် ဘူပတိ သဘောပေါက်ကောင်း ပေါက်လာပေလိမ့်မည်။

"မင်းမိန်းမကို ခေါ်ခဲ့ပါလားကွ။ ဒီမှာ ချာရုလတာတို့လို ရွယ်တူ မိန်းမကလေးဆိုလို့ တစ်ယောက်မှ မရှိဘူး မဟုတ်လား။ ဒီတော့ သူလဲ ပျင်းနေမှာပေါ့"

ဟု ဘူပတိက ယောက်ဖဖြစ်သူ အမ္ဗာပဒကို ပြောသည်။ အလုပ်များသည့် အယ်ဒီတာကြီး၏ စိတ်၌ မိမိဇနီးသည် ချာရုလတာသည် မိန်းမအပေါင်း အဖော်လိုအပ်နေသည်ဟု ထင်နေသည်။ ချာရုလတာ၏ ယောက်မ (အမ္ဗာပဒ





၏ ဇနီး) မန္ဒာတိဏီ ရောက်လာသည့် အခါ၌ ဘူပတိသည် သူ့ဇနီးအတွက် အဖော်ရလေပြီဟု စိတ်သက်သာရာ ရသွားသည်။

လက်ထပ်ပြီးကာစ၌ လင်မယားနှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် အသစ်အဆန်းဖြစ်နေကြသည်။ သို့ရာတွင် အချစ်တည်းဟူသော အရက်သည် လင်မယားဘဝတည်းဟူသော နံနက်ခင်းထဲတွင် မေ့မိန်းစ ပြုလာသောအခါ၌ကား အချိန်တို့သည် ကုန်မှန်းမသိ ကုန်သွားကြသည်။ ထိုအခါ လန်းဆတ်မှုတို့သည်လည်း ပျောက်ကွယ်သွားကြကာ လင်နှင့်မယားသည် ပြုနေကျ အလေ့အထ တစ်ခုလို တစ်ယောက်ကို တစ်ယောက် သဘောထား လာခဲ့ကြသည်။

အမှန်အားဖြင့်မူ ချာရုလတာအတွက် အချိန်တွေပိုသည်ဟူ၍မရှိပါ။ ချာရုလတာသည် အချိန်ရှိသရွေ့ စာများကို ဖတ်လျက်ရှိပါသည်။ ချာရုလတာသည် စာအုပ်ကောင်းများကို ရနိုင်မည့်နေရာများကို မေးမြန်းစုံစမ်းသည်။ သူများထံမှာ အကူအညီ တောင်းသည်။ ယင်းတို့အထဲတွင် သူတို့နှင့်အတူ တစ်အိမ်တည်းနေပြီး ကောလိပ်ကျောင်း တတိယနှစ်တွင် တက်နေသည့် ဘူပတိ၏ ညီဝမ်းကွဲ တစ်ဦးလည်း ပါသည်။ သူ့အကူ



www.burmeseclassic.com

www.burmeseclassic.com



အညီကို ရရန်အတွက် ချာရုလတာမှာ သူနှင့်ဆိုးဆိုးသည်ကိုတော့ သည်းခံရသည်။ သူအပြင်သို့ ထမင်းထွက်စားလျှင် ထမင်းဖိုးပေးသည်။ အင်္ဂလိပ်စာအုပ်ဖိုးလိုလျှင် ထုတ်ပေးရသည်။ တစ်ခါတစ်ရံတွင်လည်း သူသည် အိမ်သို့ အပေါင်းအသင်း သူငယ်ချင်းတွေကို ခေါ်လာပြီး ကျွေးတတ်မွေးတတ်သေးသည်။ ထိုအခါမျိုးတွင် ချာရုလတာသည် သူ့'ဂုရု'ကို အလိုလိုက်သည်။ ဘူပတိက ချာရုလတာထံမှ ဘာမျှ တောင်းဆိုခြင်း မပြုသည့်တိုင် အမားလ်ကမူ သူ၏ စာအုပ်များကို ရှာပေးရသည့်အတွက် ချာရုလတာထံမှ အမျိုးမျိုး တောင်းဆိုတတ်သည်။ တစ်ခါတစ်ရံတွင်မူ ချာရုလတာကလည်း ထိုသို့တစ်ယောက်ယောက်အတွက် သူအသုံးကျနေသည့် အဖြစ်မျိုးကို လိုချင်သည်။ နှဲ့ဆိုးဆိုး၍ အနိုင်ကျင့်ခြင်းမျိုးကို လိုချင်နေသည်။

"ကျွန်တော်တို့ ကောလိပ်ကို ဘူတန်စော်ဘွားရဲ့သား လာတယ်။ သူစီးထားတဲ့ ဖိနပ်က လှလိုက်တာဗျာ။ နန်းတွင်းသူတွေ ကိုယ်တိုင် ရွှေချည်ထိုးပေးတာတဲ့။ ကျွန်တော်လဲ တစ်ရန်လောက် လိုချင်လိုက်တာဗျာ။ အဲဒါမျိုး တစ်ရန်လောက်ရရင်တော့ ဟန်ကျမှာပဲ" ဟု အမားလ်က ပြောသည်။





"ဟုတ်လား၊ တို့ကတော့ နင့်ကို ဖိနပ်ထိုးမပေးနိုင်ဘူး၊ လိုချင်ရင် ပိုက်ဆံ ပေးလိုက်မယ်၊ ဆိုင်မှာသွားဝယ်ချေ"

"ဆိုင်က ရောင်းတမ်းဖိနပ်က ဘယ်ကောင်းမလဲဗျ" ဟု အမားလ်က ပြော၏။

ချာရုလတာသည် ထိုဖိနပ်မျိုးကို ဘယ်လိုထိုးရမည်ကို ကောင်းကောင်းမသိ။ သို့ရာတွင် သူ မချုပ်တတ်ဟုလည်း ဝန်မခံချင်။ သူ့တွင် ပူဆာမည့်သူ၊ သူ့ဆီက တောင်းခံမည့်သူဆို၍ အမားလ်တစ်ယောက်သာ ရှိသည်။ တစ်ဦးတည်းသော တောင်းခံသူကို သူငြင်းပယ်ခြင်း မပြုချင်။ ထို့ကြောင့် ချာရုလတာသည် အမားလ်ကျောင်းတက်နေချိန်များတွင် ဖိနပ်ချုပ်နည်း၊ ဖိနပ်ထိုးနည်းများကို ကျိတ်၍ သင်သည်။ အမားလ်က ဖိနပ်ချုပ်ရန် ပူဆာပြီး သူ့ဘာသာသူ မေ့မေ့ပျောက်ပျောက် ဖြစ်လောက်ချိန် တစ်ညနေ၌ ချာရုလတာက သူတို့အခန်းသို့လာ၍ ထမင်းစားရန် အမားလ်ကို ဖိတ်လိုက်သည်။ အချိန်မှာ နွေရာသီဖြစ်၏။ ထမင်းစားရန် အမိုးပေါ်က လသာဆောင်တွင် ပြင်ဆင်ထားသည်။ ထုံးစံအတိုင်း ဖုန် မဝင်စေရန် ထမင်းပန်းကန်ကို ကြေးအဖုံးဖြင့် ဖုံးထား၏။ အမားလ်သည် ကျောင်းမှ ပြန်လာပြီး ရေမိုးချိုး၊



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲကာ အပေါ်ထပ်သို့ တက်လာခဲ့သည်။ ထမင်းစားရန် အကျအနထိုင်ပြီး အဖုံးကို ဖွင့်လိုက်သည့် အခါတွင်ကား...

အသစ်ချုပ်ထားသည့် သိုးမွေးဖိနပ် အသစ်စက်စက်ကလေးတစ်ရန်။

ချာရုလတာမှာ သဘောကျ၍ ခွက်ထိုးခွက်လန် ရယ်နေသည်။

သူလိုချင်နေသည့် ဖိနပ်ကို ရလိုက်သည့်အခါတွင် အမားလ်၏ မျှော်လင့်ချက်သည် တိုးသည်ထက် တိုးလာခဲ့သည်။

"နောက်ထပ် လည်စီးတစ်ထည်ရယ်၊ ပိုးပန်း အနားရိုက်ထားတဲ့ လက်ကိုင်ပဝါ တစ်ထည်ရယ်၊ ပြီးတော့ ကုလားထိုင်နောက်မှီတွေမှာ ခေါင်းလိမ်းဆီတွေ မစွန်းအောင် ကုလားထိုင်စွပ်ရယ်၊ အဲဒါတွေလဲ လိုချင်သေးတယ်"

သူက ပူဆာတိုင်း ချာရုလတာသည် ငြင်းဆန်၍ ရန်ဖြစ်သည်။ သို့ရာတွင် သူက ပူဆာတိုင်း ကြင်နာမြတ်နိုးမှုအပြည့်ဖြင့် သူ့ဆန္ဒကို လိုက်လျောတတ်သည်။ တစ်ခါတစ်ရံတွင်လည်း အမားလ်က "အစ်မတို့ လင်မယား ဘယ်လိုလဲ" ဟု မေးတတ်သည်။





ထိုအခါတွင် ချာရုလတာက "ဘာ ဘယ်လိုရမှာလဲ၊ ဒီလိုပဲပေါ့" ဟုဖြေသည့်အခါ ဖြေ၍ "ငါ ဒါတွေ စိတ်မဝင်စားပါဘူး" ဟု ဖြေသည့်အခါလည်း ဖြေတတ်သည်။

သို့ရာတွင် အမားလ်ကမူ မမေ့ပါ။ နေ့စဉ်နေ့တိုင်း သတိပေးကာ နေ့စဉ် နေ့တိုင်း ပူစာတတ်ပါသည်။ ထိုအခါတွင် ချာရုလတာက လျစ်လျူရှုနေသည်။ သို့မဟုတ်လျှင်လည်း ရန်ဖြစ်သည်။ နောက်ဆုံးတွင် သူ့အလိုကို လိုက်လျောကာ သူလိုချင်သည့် အရာကို လုပ်ပေးသည်ချည်း။ ဤသို့ဖြင့် အပျင်းဖြေ ရသည်။ လူချမ်းသာတို့၏ အိမ်တွင် ချာရုလတာအဖို့ အပျင်းဖြေစရာဆို၍ အမားလ်တစ်ယောက်သာ ရှိသည်။ အမားလ်၏ အသေးအဖွဲ နားပူနားဆာ လုပ်မှုများသည် ချာရုလတာ၏ နူးညံ့သော နှလုံးသား၏ အလိုဆန္ဒကို ဖြည့်စွမ်းပေး နေသကဲ့သို့ ရှိသည်။

ဘူပတိ၏ အိမ်အတွင်းဆောင်များမှာ ဥယျာဉ်ဟု ခေါ်နိုင်သည့် မြေကွက်တစ်ကွက်ကို မျက်နှာမူလျက် ရှိသည်။ ထိုမြေကွက်ထဲတွင် ထူးခြားသည့် အပင်မှာ အင်္ဂလိပ် ဆီးတော်ပင်များ ဖြစ်သည်။ ချာရုလတာနှင့် အမားလ်တို့သည် ထိုနယ်မြေ စည်ပင်သာယာရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကော်မတီလေး တစ်ခုကို ဖွဲ့စည်းလိုက်ကြ၏။ မကြာခဏ တွေ့ဆုံ၍ စီမံကိန်းများ ချမှတ်ကြ၏။ ပုံကြမ်းများ ရေးဆွဲကြ၏။ သူတို့ နှစ်ဦးသည် စိတ်အားထက်သန်စွာဖြင့် ဥယျာဉ်ကြီး တစ်ခုကို ပြုစုပျိုးထောင်ရန် စိတ်ကူးကြသည်။

"အစ်မ ဒီဥယျာဉ်ကြီးကို ရှေးက မင်းသမီးတွေလို အစ်မကိုယ်တိုင် ရေလောင်းရမှာနော်" ဟု အမာလ်က ချာရုလတာကို ပြောသည်။

"ဟိုအနောက်ဘက်ထောင့်မှာ သမင်ကလေးတွေကို ထားဖို့ တဲကလေးတစ်လုံးလဲ ဆောက်ရမယ်" ဟု ချာရုလတာက ပြောသည်။

"ဘဲကလေးတွေ ကူးဖို့ ကန်ကလေး တစ်ကန်လဲ တူးမယ်လေ"

"ပြီးတော့ ကန်ကို ဖြတ်ပြီး တံတားကလေးတစ်ခု ထိုးမယ်၊ အဲဒီ တံတားဘေးမှာ လှေကလေး တစ်စင်း ဆိုက်ထားမယ်"

"အဲဒီ လှေဆိပ်ကလေးကို ကျောက်ဖြူ လှေကားထစ်ကလေးတွေ ခင်းထားမယ်"

အမာလ်က စက္ကူနှင့် ခဲတံကို ထုတ်သည်။ ထို့နောက် ပေတံနှင့် အိမ်မြှောင်ကို ယူပြီး သူတို့ ဥယျာဉ်ကလေးကို ပုံကြမ်း ဆွဲသည်။





သူတို့သည် နေ့တိုင်း မှန်မှန် တွေ့ဆုံကာ သူတို့ ပုံကြမ်းကို ပြင်ဆွဲကြသည်။ စုစုပေါင်း ပုံကြမ်း နှစ်ဆယ့်ငါးပုံလောက် ဆွဲပြီးပြီ။ သူတို့ သဘောကျ အတည်ပြုပြီးသည့်အခါတွင် စရိတ်စကကို တွက်ချက်ကြသည်။ ချာရုလတာက မ,တည် စရိတ်အဖြစ် သူ လစဉ်ရသည့် အသုံးစရိတ်ထဲမှ ဖဲ့၍ စုသည်။ ဘူပတိမှာ အိမ်တွင်းကိစ္စများကို လုံးဝ သတိထားမိသူ မဟုတ်သဖြင့် ဥယျာဉ်ပြီးသွားသည်နှင့် သူ့ကို ဖိတ်ပြပြီး အံ့အားသင့်အောင် လုပ်မည်ဟု သူတို့ စိတ်ကူးထားကြသည်။ သူ့စိတ်ထဲတွင်မူ ထိုဥယျာဉ်ကလေးကို အာလာဒင်၏ မီးအိမ်ဖြင့် ဖန်ဆင်းကာ ဂျပန်မှ ရောက်လာသည်ဟု ထင်ကောင်း ထင်ပေလိမ့်မည်။ သူတို့သည် စရိတ်များကို ကျဉ်းပစ်သည့်တိုင် ချာရုလတာ၏ လစဉ်စုငွေဖြင့် လုံလောက်ခြင်း မရှိပါ။ ထို့ကြောင့် အမာလ်သည် ဥယျာဉ်ပုံကြမ်းကို ပြန်ဆွဲရသည်။

"စရိတ်က သိပ်များနေတော့ ရေကန်ကလေးကို မထည့်တော့ဘူးလေ" ဟု အမာလ်က ပြောသည်။

"ဟင်၊ ကန်ကလေးမရှိရင် ငါစိုက်ချင်တဲ့ ကြာပန်းပြာတွေလည်း ဘယ်မှာ စိုက်လို့ ရတော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ချာရုလတာက ပြော၏။

"သမင်လေးတွေ ထားမယ့်တဲမှာ အုတ်ကြွပ်မိုးမယ့် အစား သက်ငယ်ပဲမိုးရင် မကောင်းဘူးလား'

"ဒီလိုဆိုရင် တဲတွေ ဘာတွေ ထိုးမနေပါနဲ့တော့၊ ဒီတိုင်းပဲ ထားလိုက်ပါတော့" ဟု ချာရုလတာက စိတ်တိုတိုဖြင့် ပြောသည်။

သူတို့သည် မောရိသျှကျွန်းမှ လေးညင်းပင်များကို စိုက်ရန် စိတ်ကူးကြသည်။ ကာဏာတိတ်မှ စန္ဒကူးပင်များ စိုက်ရန်နှင့် သီဟိုဠ်ရှိ မုန်ညင်းစေ့တို့ကို မှာ၍ စိုက်ရန်လည်း စိတ်ကူးကြသည်။ ထို့ကြောင့် အမားလ်က အင်္ဂလိပ် ဆီးတော်ပင်များ စိုက်မည့်အစား မဏီဘိုလာဈေးမှ ဒေသတွင် ပေါက်သည့် အပင်များကို စိုက်ရန် ပြောသည့်အခါတွင် ချာရုလတာ၏ မျက်နှာမှာ ရှုံ့မဲ့သွားသည်။

"ဒီလိုဆိုရင် တို့ဥယျာဉ်က ဘာထူးတော့မှာလဲ"

စရိတ်ကို တတ်နိုင်သမျှ လျှော့ပေါ့သော်လည်း လျှော့ပေါ့၍ မရတော့ပြီ။ ချာရုလတာကလည်း သူ့စိတ်ကူးကို နည်းနည်းကလေးမျှ အလျှော့ မပေးနိုင်။ အမားလ်မှာလည်း စိတ်ပျက်နေသည်။ သို့ရာတွင် ချာရုလတာကို အားပေးပါသည်။





"ဒါဆိုရင် အစ်မ အစ်ကို့ကို ပြောပါလား၊သူက ပိုက်ဆံ ထုတ်ပေးမှာပေါ့"

"ဟင့်အင်း၊ မပြောချင်ပါဘူး၊ ဒီလိုဆိုရင် တို့တစ်တွေ တိတ်တိတ်ကလေး သူ အံ့သြအောင် ဥယျာဉ်တစ်ခု စိုက်ပြတာ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ၊ တကယ်က ဒီ ဥယျာဉ်ကလေးဟာ တို့နှစ်ယောက်ရဲ့ စိတ်ကူး၊ သူက အင်္ဂလိပ် ကုမ္ပဏီတစ်ခုကို ငှားပြီး ဥယျာဉ်စိုက်ခိုင်းရင် ဘယ့်နှယ် လုပ်မလဲ၊ ဒီလိုဆိုရင် တို့စီမံကိန်းကလေးလဲ ပျက်သွားရောပေါ့"

သူတို့ နှစ်ယောက်သည် အင်္ဂလိပ် ဆီးတော်ပင်များအောက်တွင်ထိုင်ကာ သူတို့ဥယျာဉ်ကလေးနှင့် ပတ်သက်၍ တိုင်ပင်ကြသည်။ ထိုစဉ် ချာရုလတာ၏ ယောက်မဖြစ်သူ မန္ဒတိဏီက သူတို့ကို အိမ်ပေါ်မှ လှမ်းခေါ်သည်။

"ဟဲ့ မောင်လုပြီ၊ ဥယျာဉ်ထဲမှာ ဘာလုပ်နေကြတာလဲ"

"ဆီးတော်သီးမှည့်တွေ လိုက်ကောက်နေတာ" ဟု ချာရုလတာက ဖြေသည်။

မန္ဒတိဏီက အပတ်ထင်မှတ်ကာ.....

"ဒီလိုဆိုရင် ငါ့ဖို့လည်း နည်းနည်းကော[illegible]ခဲ့" ဟု



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်သည်။

သူတို့ နှစ်ယောက်စလုံး သဘောကျ၍ ရယ်မိကြသည်။ သူတို့ ဥယျာဉ်ကလေး၏ ပျော်စရာ အကောင်းဆုံး အချက်မှာ ဥယျာဉ်ပျိုးနေမှန်းကို မသိဘဲ လျှို့ဝှက်ခြင်း ဖြစ်သည်။ မန္တလေးတွင် ကောင်းသော အရည်အချင်းများ ရှိကောင်း ရှိမည်။ သို့ရာတွင် သူ့မှာ စိတ်ကူး စိတ်သန်း မရှိ။ ဥယျာဉ်ကလေးတစ်ခုကို ပျိုးရခြင်းသည် မည်မျှ ပျော်စရာကောင်းသည်ကို သူ မည်သည့်နည်းနှင့်မျှ နားလည်နိုင်မည် မဟုတ်။ ထို့ကြောင့် သူတို့နှစ်ယောက် ကျိတ်၍ တိုင်ပင်နေကြသည်ကို သူ့ကိုလည်း အသိမပေးကြ။

သူတို့ ဥယျာဉ်ကလေး တည်ဖို့ စရိတ်စက ကလည်း တော်တော်နှင့် မစုမိနိုင်။ သူတို့ နှစ်ယောက်ကလည်း ဥယျာဉ်ကလေး တည်ဖို့ စိတ်ကူးကို လက်မလျှော့ကြ။ သို့တိုင်အောင် သူတို့နှစ်ယောက်၏ ဆီးတော်ပင် စီမံကိန်း ကော်မတီသည် မှန်မှန်ကြီး အစည်းအဝေးထိုင်သည်။ အမားလ်က သမင်ကလေးတွေ ထားရန် တဲကလေး၊ ရေကန်နှင့် ရေဆိပ်အဆင်း လှေကားထစ်ကလေးများ လုပ်ရန် တစ်နေရာရွေးသည်။

တစ်နေ့သ၌ အမားလ်က ဆီးတော်ပင် အနီးတွင်





လမ်းကလေး တစ်လမ်းခင်းရန် ပေါက်ပြားဖြင့် နေရာပေးနေစဉ် ချာရုလတာက...

"နင် စာရေးတတ်ရင် သိပ်ကောင်းမှာပဲ နော်"

ဟု ပြောသည်။

"ဘာဖြစ်လို့လဲ"

"နင်စာရေးတတ်ရင် တို့ဥယျာဉ်ကလေး အကြောင်းကို စာတစ်ပုဒ် ရေးမှာပေါ့၊ အဲဒီစာထဲမှာ ကန်ကလေးရယ်၊ သမင်တဲကလေးရယ်၊ ဆီးတော်ပင်အောက်က လမ်းကလေးရယ်...၊ အဲဒီအကြောင်းတွေကို ထည့်ရေးမှာပေါ့၊ ဒီလိုဆိုရင် ဒီဥယျာဉ်ကလေးအကြောင်းကို ဖတ်ရတာ သိပ်ကောင်းမှာပဲ၊ တို့နှစ်ယောက်ပဲ ဒီဥယျာဉ်ကလေးအကြောင်းကို နားလည်ပြီး သဘောကျနေကြမှာ၊ တခြားလူတွေကတော့ သာမန်လောက်ပဲ အောက်မေ့မှာ၊ သိပ်ဖတ်လို့ ကောင်းမှာပဲ၊ ရေးကြည့်ပါလားဟယ်.....၊ နင်ရေးမယ်ဆိုရင် ဖြစ်မှာပါ"

"ကျွန်တော် ရေးရင် အစ်မ ဘာပေးမှာလဲ"

"နင် ဘာလိုချင်သလဲ"

"ကျွန်တော့် ခြင်ထောင်ပေါ်မှာ နဂါးရုပ်ကြီး ရေးမယ်၊ အဲဒီ နဂါးရုပ်ကို အစ်မက အစအဆုံး ရွှေခြည်



www.burmeseclassic.com

www.burmeseclassic.com



ထိုးပေး"

"ကံကြီးစည်ရာဟယ်…၊ ခြင်ထောင်ကို ရွှေခြည် ထိုးရတာ လွယ်တယ်မှတ်လို့လား…"

ခြင်ထောင်များကို အကျည်းထောင်များလို၊ ပိုက်ကွန်များလို ချုပ်ထားသည်မှာ ကျက်သရေ မရှိကြောင်း၊ ကိုးဆယ့်ငါးရာခိုင်နှုန်းသော လူများသည် အလှအပကို အရသာ ခံစားတတ်ကြကြောင်း၊ အရုပ်ဆိုး အကျည်းတန်သည်ကိုလည်း ဂရုမထားကြကြောင်းဖြင့် အမားလ်က ပြောပြသည်။ သူ့စကားကို ချာရုလတာကလည်း သဘော တူသည်။ ထို့ကြောင့် အမားလ်စကားကို သဘော ကျသွားကာ သူကိုယ်တိုင် ရွှေခြည်ထိုးခြင်ထောင်ကို သဘောကျချင်သလိုလို ဖြစ်လာသည်။ သူတို့သည် ကိုးဆယ့်ငါး ရာခိုင်နှုန်းသော လူတွေထဲက မဟုတ်၊ နှစ်ဦး ကော်မတီလေးတစ်ခု ဖြစ်သည်ဟု ထင်သွားသည်။

"ဟုတ်ပြီ၊ ဒီလိုဆိုရင် ငါ ရွှေခြည်ထိုးပေးမယ်၊ နင်ကသာ စာညွှန့်ကလေး တစ်ပုဒ်ရေးပေး"

"ဘာလဲ…၊ အစ်မက ကျွန်တော် မရေးတတ်ဘူးလို့ ထင်လို့လား"

"ဒါဖြင့် နင် စာရေးနေတယ်ပေါ့၊ ဒီလိုဆို ငါ့ကို ပြပါလား"





"နောက်မှကြည့်"

"ဟင့်အင်း၊ ခု ကြည့်ချင်တယ်၊ သွားပါဟယ်၊ သွားယူချေပါ၊ ငါ ဖတ်ချင်လို့ပါ၊ ရှိခိုးပါရဲ့"

အမားလ်သည် သူရေးထားသည့် စာညွှန့်ကလေးကို ချာရုလတာအား မပြရဲဘဲ ဖြစ်နေသည်။ သူ့စာညွှန့်ကို ကြည့်ပြီး ချာရုလတာ နားမှ လည်ပါမည်လော၊ အထင်များ လွဲသွားလေမည်လား၊ မကျေမနပ်များ ဖြစ်သွားလေမည်လားဟုလည်း စိုးရိမ်နေသည်။ အမားလ်သည် မျက်နှာနီနီဖြင့် လည်ချောင်းကို ရှင်းလိုက်ကာ သူ့စာညွှန့်ကို ဖတ်ပြသည်။ ချာရုလတာက မြက်ခင်းပေါ်တွင် ထိုင်ကာ ဆီးတော်ပင် မြစ်ကြီးကို မှီရင်း နားထောင်နေသည်။

စာညွှန့်၏ ခေါင်းစဉ်မှာ 'ကျွန်တော့် မှတ်စုစာအုပ်' ဟု အမည်ပေးထားသည်။

"အို….အပြစ်ကင်းသော မှတ်စု စာအုပ်ကလေး ငါ့စိတ်ကူးစိတ်သန်းများသည် သင့် စာမျက်နှာများပေါ်တွင် စွန်းထင်းခြင်း မရှိကြသေး၊ သင်သည် ကံကြမ္မာ၏ နဖူးစာရေးခြင်းကို မခံရသေးသော မွေးကင်းစကလေးငယ်၏ နဖူးပြင်ကဲ့သို့ သန့်စင်ပါ၏။ လျှို့ဝှက်ဆန်းကြယ်သော သဘောကိုလည်း ဆောင်ပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com



သင့်နောက်ဆုံး စာရွက်ပေါ်တွင် ငါ ရေးသားရမည့် နေ့ရက်သည် မည်မျှ ဝေးလံသေးသနည်းဟု ငါ စဉ်းစားမိပါ၏။ သင်၏ အပြစ်ကင်းစင်သော စာရွက်ကလေးများသည် ငါ ရေးမည့် စာများ၏ အဓိပ္ပာယ်ကို နားလည်နိုင်ဦးမည် မဟုတ်သေး" စသည်ဖြင့် ရေးထားသည်။

သစ်ရွက်များ၏ အရိပ်ထဲတွင် ရောက်နေသည့် ချာရုလတာမှာ သူ့စာကို နားထောင်နေသည်။ စာဖတ်ပြီး အတန်ကြာသည့်တိုင် ချာရုလတာသည် ငြိမ်သက်စွာ ထိုင်နေသည်။

"ဒါတောင် သူ့ကိုယ်သူ စာမရေးတတ်ဘူးတဲ့" ဟု ချာရုလတာက ပြောသည်။

ထိုနေ့က သစ်ပင်အောက်တွင် အမားလ်သည် ရသစာပေ ဖန်တီးမှုကြောင့် ရသည့် ယစ်မူးသည့် အရသာကို ခံစားလိုက်ရသည်။ သူ့အဖော်က ပျိုပျိုရွှယ်ရွှယ်၊ သူ့ ရသဖူးများက လတ်လတ်ဆတ်ဆတ်၊ ညနေခင်းနေရောင်သည် သူတို့ နှစ်ဦးအပေါ်တွင် ဂါထာမန္တန်ဖြင့် ညို့ထားသည့်နှယ်.....။

"အမားလ်ရေ၊ ဆီးတော်သီး နည်းနည်းတော့ ကောက်သွားဦးမှ၊ နို့မို့ရင် မန္တတိကာက တစ်မျိုးထင်နေလိမ့်မယ်"





အမားလ်သည် လည်းကောင်း၊ ချာရုလတာသည် လည်းကောင်း သူ့တို့ တွေ့ရှိချက်ကို မန္တတိကာကို ရှင်းပြရန် မရည်ရွယ်ပါ။

ထို့ကြောင့် သူ့အတွက် ဆီးတော်သီးများကိုသာ ကောက်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၂

တခြားစိတ်ကူးတွေ ပေါ်လာသည့်အခါတွင် ဥယျာဉ်ကလေး တည်ဆောက်ရေး စိတ်ကူးသည်လည်း ထုံးစံအတိုင်း ပျောက်ကွယ်သွားခဲ့သည်။ အမားလ်နှင့် ချာရုတို့မှာ ထိုစိတ်ကူးကလေး ပျောက်ကွယ်သွားသည်ကို သတိပင် မထားမိကြပါ။ ယခုအချိန်၌ သူတို့နှစ်ယောက်၏ စကားထဲတွင် အမားလ်၏ ဆောင်းပါးများကသာ လွှမ်းမိုးနေပါသည်။

အမားလ်သည် သူ့ကို လိုက်ရှာပြီး တွေ့သည်နှင့်

"အစ်မရေ၊ ကျွန်တော် စိတ်ကူးတစ်ခု ရတယ်





သိလား"

ချာရုမှာ စိတ်အားထက်သန်လျက်

"ဟုတ်လား၊ လာ ဒီလိုဆို တောင်ဘက်ဝရန်တာမှာ ထိုင်ပြီး ပြောရအောင်။ ဒီနားမှာ စကားပြောရတာ မလွတ်လပ်ဘူး။ ခဏနေရင် မန္တာလာပြီး ကွမ်းယာ ဦးမှာ"

တောင်ဘက်ဝရန်တာမှာ ကသ္မီယ အိမ်များလို ဝရန်တာအကျယ်ကြီး ဖြစ်သည်။ ချာရုက ကုလားထိုင်အဟောင်းကြီး တစ်လုံးတွင် ဝင်ထိုင်ပြီး အမားလ်က ဝရန်တာ လက်ရန်းကို ဖင်ခုထိုင်၍ ခြေထောက်ဆန့်ရပ်သည်။

သူ့ဆောင်းပါးအကြောင်းအရာမှာ အမြဲတန်း ရှင်းလင်း ပီသနေသည် မဟုတ်ပါ။ ရှင်း၍ မရအောင် ရှုတ်ထွေးနေသည့် အကြောင်းအရာများလည်း မဟုတ်ပါ။ သူကိုယ်က ရှုတ်ရှုတ်ထွေးထွေး စဉ်းစားထားခြင်းကြောင့် အရှင်းရ ခက်နေခြင်း ဖြစ်သည်။

အမားလ်က

"ကျွန်တော်လည်း ကောင်းကောင်း မပြောတတ်ဘူး အစ်မ"

"ရပါတယ်၊ မင်းဆိုလိုတာ အစ်မ နားလည်ပါ


www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရေးသား ရေးချလိုက်။ ရေးလိုက်တော့ ရှင်းသွားပါလိမ့်မယ်”

သူတို့ နှစ်ယောက် စကားပြောလျှင် တချို့ကို သူမ နားလည်သည်။ တချို့ကိုလည်း သူမ နားမလည်။ သို့ရာတွင် အမားလ် စကားပြောသည်ကို နားထောင်ရသည်မှာ ပျော်သည်။ သူတို့ နှစ်ယောက် သည်လို တွေ့ဆုံနေရသည်ကပင်လျှင် ပျော်စရာ ကောင်းနေပြီ။

ညရောက်လျှင် သူမက မေးတတ်သည်။

“ဒီနေ့ ဘယ်လောက် ရေးပြီးပြီလဲ”

“ဒီလောက် မြန်မြန် ဘယ်ပြီးမလဲ အစ်မရယ်”

နောက်တစ်နေ့ မနက်ရောက်သည်တွင် ချာရုက စိန်ခေါ်သည်။

“ဘယ်လိုလဲ၊ ခုထိ မပြီးသေးဘူးလား”

“စောင့်ပါဦး။ ကျွန်တော် စဉ်းစားနေတုန်းမို့ပါ”

“ဘာကိုများ ဒီလောက် စဉ်းစားနေရတာလဲ”

ဟု ချာရုက မကျေနပ်သံဖြင့် ဆိုသည်။

သို့ရာတွင် ညနေပိုင်းရောက်လျှင် စိတ်ကောက်နေသော ချာရု၏ သုန်မှုန်မှုသည် တုဏှိဘာဝေ ပြုခြင်းသို့ မရောက်မီကလေးတွင် အမားလ် ရောက်လာကာ အိတ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်ချင်ဟန်ဆောင်ရင်း





မှတ်စုစာအုပ်ကလေးကို ပေါ်အောင်လုပ်ပြသည်။ စာအုပ်ကလေးကို မြင်သည်နှင့် စကားမပြောတော့ ဟူသော ချာရု၏ ဆုံးဖြတ်ချက်ကို မေ့သွားကာ

“အမယ် ကြည့်စမ်း။ ရေးပြီးပြီတော့၊ အစ်မကို ပြစမ်း၊ ဖတ်ချင်တယ် ပေးပါ”

“မပြီးသေးဘူး အစ်မရဲ့၊ နည်းနည်းလေး ကျန်သေးတယ်။ အားလုံးပြီးတော့ ဖတ်ပြမယ်”

“ဟင့်အင်း၊ ခုဖတ်ပြ”

တကယ်တော့ အမားလ်ကလည်း ဖတ်ပြချင်ပါသည်။ သို့ရာတွင် ချာရုက အတင်းလု မယူမချင်း ဖတ်မပြသေးပါ။ ထိုနောက် သူသည် စာရွက်များကို တဖျတ်ဖျတ်လှန်ကာ စာမျက်နှာလိုက် စီနေသည်။ နောက်ဆုံးတွင် အမှားပြင်ရန် ခဲတံကို ကောက်ကိုင်၏။ ထိုအတောအတွင်း၌ကား ချာရုသည် ပြိုတော့မည့် မိုးတိမ်လို သူ့စာရွက်ပေါ်တွင် ဝဲကာ ရင်တထိတ်ထိတ်ဖြင့် စောင့်နေသည်။ အမားလ်က စာပိုဒ် တစ်ပိုဒ် ရေးလိုက်တိုင်း မည်မျှ တိုသည်ဖြစ်စေ သူမကို ချက်ချင်း ဖတ်ပြရသည်။ မရေးရသေးသည့် ကျန်စာကြောင်းများမှာ သူတို့ပြောသည့် စကားလုံးများ၊ သူတို့တွေးသည့် အတွေးများထဲတွင် ချန်ရစ်ထားပစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ဥယျာဉ်ထဲတွင် သူတို့နှစ်ယောက် ထိုင်ပြီး ထွေရာစိတ်ကူးတို့ကို ပြောကြသည်။ သူတို့ နှစ်ယောက်မှာ ကဗျာကို ရိတ်သိမ်းပြီးလေပြီ။ လောက ကြီးကို မေ့နေလေပြီ။

တစ်ညနေတွင် အမားလ်သည် ကျောင်းမှ ပြန် လာ၏။ သူ့အိတ်ထဲတွင် ဖောင်းနေသည်။ ချာရသည် ပြတင်းပေါက်တွင် ရပ်နေရာမှ သူအိမ်ထဲသို့ ဝင်လာ လာချင်း လှမ်းမြင်လိုက်သည်။ သူမက အတွင်းဆောင် အဝသို့ ထွက်လာကာ လက်ခုပ်လှမ်းတီးသည်။ မည်သူ မျှ မကြားပါ။ ချက်ချင်းပင် သူမသည် သူထိုင်နေကျ ဝရန်တာဆီသို့ ထွက်လာကာ မန်မတ္တဒတ္တရေးသည့် စာအုပ် တစ်အုပ်ကို ယူလာပြီး ဖတ်ဖို့ ကြိုးစားသည်။ ဒတ္တမှာ အမားလ်လို စာမျိုးကို ရေးသည့် ပွင့်သစ်စ စာရေးဆရာ ဖြစ်သည်။ ထို့ကြောင့် အမားလ်က သူ့ကို ဘယ်တော့မှ ချီးမွမ်းပြောခြင်း မရှိပါ။ ထိုမျှမက ဒတ္တ စာအုပ်လိုပင် ဒတ္တ၏ လေမျိုးကို တု၍ အပြောင် အပြက် ဖတ်ပြတတ်သေးသည်။ ထိုအခါမျိုးတွင် ချာရက စိတ်ကောက်ပြီး စာအုပ်ကို ဆွဲယူလွှင့်ပစ်လိုက် သည်။ ယခု အမားလ်၏ ခြေသံကို ကြားသည့်အခါ တွင် ချာရသည် ဒတ္တ၏ 'ကာလာကံသ' ဝတ္ထုကို





မျက်နှာအပ်ပြီး သဲကြီးမဲကြီး ဖတ်ဟန်ဆောင်နေ လိုက်သည်။ အမားလ် ဝရန်တာဘက်သို့ ရောက်လာ တော့လည်း ချာရက မော့မကြည့်၊

"အစ်မ ဘာတွေ ဖတ်နေတာလဲ"

ချာရက ပြန်မဖြေသည့်အခါတွင် အမားလ်သည် သူသည် စာအုပ်ကို ကြည့်ရန် ကုလားထိုင်နောက်သို့ သွားရပ်သည်၊

"ဩ၊ လက်စသတ်တော့ ဒတ္တရဲ့ ဝတ္ထုပါလား"

"မနှောင့်ယှက်နဲ့ကွာ၊ စာဖတ်နေတယ်"

အမားလ်က ကုလားထိုင်နောက်တွင် ရပ်မြဲရပ် ရင်း တမင်လှောင်ပြောင်သည့် အသံဖြင့် စာကို လိုက် ဖတ်နေသည်။

"ကျွန်တော်သည် မြက်ပင်ဖြစ်၏။ မြက်ပင်သေး သေးကလေးသာ ဖြစ်ပါ၏။ ကျွန်တော့်အစ်ကို ဖြစ် သည့် သောကပင်ကြီးမှာ ကြက်သွေးရောင် ဆင်မြန်းနေ ပေပြီ။ ကျွန်တော်ကမူ မြက်ပင်ကလေးတစ်ပင်မျှသာ ဖြစ်ပါ၏။ ကျွန်တော့်တွင် အပွင့် မရှိပါ။ အရိပ်မထွက် ပါ။ ကောင်းကင်ကို မော့မကြည့်နိုင်ပါ။ နွေဦးသည် ကျွန်တော့်အပေါ်တွင် လာနားပြီး ကမ္ဘာကြီးကို တေးဆို မပြပါ။ အို သောကပင်။ သို့ငြားလည်း သင်၏အပွင့်



www.burmeseclassic.com

www.burmeseclassic.com



ဝေသော ပင်မြင့်ထက်မှ နေ၍ ကျွန်တော့်ကို အထင် သေးစွာနဲ့ မကြည့်ပါနှင့်။ သင့်ခြေရင်းတွင် ရှိသော်လည်း အထင်မသေးပါနှင့်"

အမားလ်က စာကို မဖတ်တော့ဘဲ သူ့ပါးစပ်မှ ရွတ်နေသည်။

ကျွန်တော်သည် ငှက်ပျောခိုင် တစ်ခိုင် ဖြစ်ပါ၏။ စိမ်းသော ငှက်ပျောခိုင် တစ်ခိုင် ဖြစ်ပါ၏။ အို နှောင်တော် ဖရုံပင်။ ကျွန်တော်သည် သက်ငယ်မိုးသို့ တက်ပြီး ပျော်ပါးနိုင်သည့် ဖရုံပင် မဟုတ်ပါ။ အလွန် စိမ်းသော ငှက်ပျောပင် တစ်ပင် ဖြစ်ပါ၏။'

ချာရ စိတ်မဆိုးနိုင်တော့။ ရယ်မောကာ စာအုပ် ကို ပစ်ချပြီး

"ကောင်လေးက တော်တော် မနာလိုတတ်တာပဲ နော်၊ ကိုယ်ရေးတာက လွဲရင် တစ်ခြားသူ ရေးတာ မှန်သမျှ ဘာမှ မကောင်းဘူးလို့ ထင်နေတယ်"

"အစ်မကတော့ ပါရမီရှင်ကြီး မဟုတ်လား။ မြက်ပင်ကလေးကိုလည်း သည်းခံနိုင်တာပဲ။ တော်တာ ပေါ့၊ ခန္တီပါရမီနဲ့ ပြည့်စုံတာပေါ့"

"အစ်မကို မလှောင်ပါနဲ့ကွယ်၊ ကဲ အိတ်ထဲမှာ ဘာပါသလဲ"





"ဘာဖြစ်မလဲ မှန်းကြည့်လေ"

အမားလ်က တစ်ခွန်းနှစ်ခွန်း စပြီးနောက် နာ မည်ကျော် လစဉ်မဂ္ဂဇင်း ဖြစ်သည့် "ရှာရိရှဟာ"ကို ထုတ်ပြသည်။ မဂ္ဂဇင်းထဲတွင် အမားလ်ရေးသည့် 'ကျွန် တော့်မှတ်စု စာအုပ်ကလေး" ဆိုသည့် ဆောင်းပါးကို တွေ့ရသည်။

ချာရသည် မဂ္ဂဇင်းကို တိတ်ဆိတ်စွာ ကြည့်နေ သည်။ ချာရသည် ကျေနပ်နေသည်ဟု အမားလ်ထင် လိုက်သည်။ သို့ရာတွင် ဘာအရိပ်အရောင်မျှ မပြသဖြင့် အမားလ်က

"အဲဒီ မဂ္ဂဇင်းက တော်တော်တန့်တန့် စာရေး ဆရာရဲ့ စာကို ထည့်တာ မဟုတ်ဘူး" ဟု ပြောသည်။

နည်းနည်းပို၍ ပြောလိုက်ခြင်း ဖြစ်သည်။ အမှန် ကတော့ အယ်ဒီတာသည် တော်ရုံ တန်ရုံကောင်းလျှင် ပယ်လေ့မရှိပါ။ သို့ရာတွင် အမားလ်ကပြောပုံကမူ အယ်ဒီတာက စာမူတစ်ရာလောက်မှ တစ်ပုဒ်လောက် ရွေးသည့် ပုံမျိုး ပြောနေသည်။

ချာရသည် သူ့စကားများကို နားထောင်ရင်း ပျော်ဟန်ဆောင်နေသည်။ သို့ရာတွင် တကယ်မပျော်ပါ။ သူ့စိတ်ထဲတွင် ဘာကြောင့် ထင့်ကနဲ ဖြစ်သွားရသ



www.burmeseclassic.com

www.burmeseclassic.com



နည်း။ အကြောင်းကို ရှာမရပါ။ အမားလ်၏ ဆောင်းပါးများသည် သူတို့ နှစ်ယောက်သာ ဖတ်ဖို့ ရေးခြင်းဖြစ်သည်ဟု သူမ နားလည်ခဲ့သည်။ အမားလ်က စာရေးဆရာ။ ချာရုက စာဖတ်သူ။ သို့ကလို လျှို့ဝှက်မှုကလေး ရှိနေသည်ကပင် ပျော်စရာ။ ယခုတော့ သူ့စာကို လူတကာ မဖတ်ချင်အဆုံး။ မဝေဖန်ချင်အဆုံး။ သို့ဖြစ်လျှင် ဘာ့ကြောင့် သူမစိတ်ထဲတွင် တစ်မျိုး ဖြစ်နေရသနည်း။ မစဉ်းစားတတ်ပါ။

စာရေးဆရာသည် စာဖတ်သူတစ်ယောက်တည်းနှင့် အစဉ်သဖြင့် ကျေနပ် ရောင့်ရဲမနေနိုင်သည်ကို သူမသဘောမပေါက်ပါ။ ယခု အမားလ်စာကို လူတွေ ဖတ်နေကြပြီ။ ချီးကျူးနေကြပြီ။ စာဖတ်ပရိသတ်ထံမှ စာတွေရောက်နေပြီ။ အမားလ်က ထိုစာများကို ချာရုအားပြ၏။ ချာရုက ကျေလည်း ကျေနပ်သည်။ မကျေလည်း မကျေနပ်။ စာတွေကို ရေးဖို့ သူမ တစ်ဦးတည်း၏ အားပေးမှု တစ်ဦးတည်း၏ ထက်သန်မှုကို မလိုတော့ပြီ။ ချာရုသည် လက်မှတ်ထိုးထားသော အမျိုး သမီးစာဖတ်ပရိသတ်ထံမှ စာများကိုပင် ရနေသည်။ ချာရုက ထိုစာများနှင့် ပတ်သက်၍ သူ့ကို စသည်။ သို့ရာတွင် စိတ်ထဲကတော့ တစ်မျိုးခံစားရပါသည်။ သူ့တို့ကော်မတီ၏ သော့ခတ်





ထားသော အခန်းကလေးသည် ပွင့်သွားကာ ဘင်္ဂါလီ စာဖတ် ပရိသတ် တစ်အုပ်ကြီး ဝင်လာကာ သူတို့ကြားတွင် ရပ်နေပြီ။

တစ်နေ့၌ ဘူပတိပင် မနေနိုင်တော့ဘဲ ထုတ်ပြောလာရသည်။

"ဘယ်လိုလဲဟေ့ ချာရု၊ အစ်ကိုတို့တောင် အမားလ် ဒီလောက် စာရေးတတ်မယ်လို့တောင် မထင်ခဲ့ဘူး"

သူချီးမွမ်းသဖြင့် ချာရုကျေနပ်သည်။ အမားလ်သည် ဘူပတိကို မှီခိုနေရသူ။ သို့ရာတွင် မှီခိုသူချင်းတော့ အမားလ်နှင့် အခြားသူကြားတွင် ခြားနားချက်ရှိသည်။ သူ့ခင်ပွန်းသည် ထိုအချက်ကို သဘောပေါက်သည်ဆိုလျှင် ဂုဏ်ယူစရာပင် ဖြစ်သည်ဘဲ။ အမားလ်ကို သူဘာ့ကြောင့် သည်လောက် အရေးပေးလွန်းတယ်ဆိုတာ သိကြပြီ မဟုတ်လားဟု လက်ကုတ်၍ မေးလိုက်ချင်သည်။ အမားလ်အရည်အချင်းကို ကျုပ်က အစောကြီးကတည်းက သိခဲ့တာတော်ရေ့ဟု ပြောလိုက်ချင်သည်။

"အစ်ကို သူ့စာကို ဖတ်ပြီးပြီလား"

ဘူပတိက ခပ်ဆိုင်းဆိုင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"အင်း– ပြီးပြီဆိုပါတော့။ အကုန်တော့ မဟုတ်ပါဘူး။ ကိုယ်မှာ အချိန် မရှိဘူး။ ဒါပေမယ့် ကိုယ့်တို့တိုက်က နစ္စနီကန္တက ဖတ်ပြီးပြီ။ ကောင်းတယ်တဲ့။ ဘင်္ဂါလီစကားပြေဆိုရင် သူကကောင်ကောင်း ဖတ်တယ်လေ"

ဘူပတိသည် အမားလ်အား လေးနက်တည်ကြည်သော လေးစားမှုကို အားပေးကောင်းပါ၏ဟု ချာရုက ကျိတ်၍ ဆုတောင်းသည်။





## ၃

ဥမာပဒသည် သတင်းစာများကို မေတ္တာလက်ဆောင်ပေးခြင်း မပြုရန် ဘူပတိကို နောက်တစ်ခါ တိုက်တွန်းပြန်သည်။ ထိုသို့ မေတ္တာလက်ဆောင် ဖြတ်ရုံမျှဖြင့် အမြတ်ဘယ်ပုံ ထွက်မည်ကို သူစဉ်းစားမရပါ။ တစ်ခါတွင် သူ့အခန်းထဲသို့ ချာရုဝင်လာခဲ့ရာ ဥမာပဒကို မြင်သည်နှင့် ပြန်ထွက်လာခဲ့သည်။ ပြန်ဝင်လာသည့်အခါ သူတို့နှစ်ယောက် စာရင်းအင်းကိစ္စနှင့် ပတ်သက်၍ ငြင်းခုံနေကြဆဲကို တွေ့ရသည်။ ဥမာပဒသည် ချာရုဝင်လိုက် ထွက်လိုက်လုပ်နေသည်ကို မြင်မိသဖြင့် အကြောင်းတစ်ခုပြုပြီး ထွက်လာခဲ့သည့် ဘူပတိ



www.burmeseclassic.com

www.burmeseclassic.com



က ကိန်းကဏန်းတွေနှင့် ဦးနှောက်ခြောက်နေစဉ် ချာရု ဝင်လာကာ

"အစ်ကိုတို့ စာရင်းကလည်း တွက်လို့ ပြီးဦးမှာ လား။ သတင်းစာနဲ့ပဲ နေ့ရော ညရော အချိန်ကုန်နေ တာပဲ"

ဘူပတိသည် အပြုံးယဲ့ယဲ့ဖြင့် စာရင်းစာအုပ်များ ကို ဘေးသို့ ရွှေ့လိုက်၏။ ဟုတ်သားပဲ၊ ချာရုအတွက် လုံးလုံးအချိန် မပေးနိုင်ပါကလား ဘယ်တရားမလဲ၊ သူ့ခမြာ ပျင်းနေမှာပေါ့ဟု တွေးနေသည်။

"ဒီနေ့ ချာရု စာမဖတ်ဘူးလား။ ကျောင်းဆရာ ထွက်ပြေးပြီလား၊ ညီမတို့ကျောင်းက ပြောင်းပြန်ပါ လား။ ကျောင်းသားက စာအုပ်နဲ့ ခဲတံနဲ့ အဆင်သင့်။ ဆရာက ကျောင်းပြေးနေတယ်။ အမားလ်က ညီမကို မှန်မှန်စာမပြတော့ဘူး ထင်တယ်"

"သူက ဘာဖြစ်လို့ အချိန်ကုန်ခံပြီး ညီမကို စာပြနေတော့မှာလဲ။ ဘာလဲ အစ်ကိုက အမားလ်ဟာ သာမန် အလွတ်ပညာသင် ဆရာကလေးလို့ ထင်နေလို့ လား"

ဘူပတိက ချာရု၏ ခါးကိုဖက်ကာ ကိုယ်ကို ဆွဲယူပြီး





"ဒါသာမန် ကျူရှင်လားကွ၊ အစ်ကိုသာ အဲလို မရီးတစ်ယောက်ကို စာပြပေးရမယ်ဆိုရင်....."

"ရှူး- ရှူး။ တော်ပြီ။ အစ်ကိုက ချာရုရဲ့ လင်ဖြစ် နေပြီရှင့်။ ဒါတောင် မကျေနပ်သေးဘူးလား"

ဘူပတိကတော့ မကျေနပ်ချင်။

"ကိစ္စမရှိဘူး။ သူသင်မပေးရင် မနက်ဖြန်က စပြီး အစ်ကို ကိုယ်တိုင် သင်ပေးမယ်။ ခု ဘာစာအုပ် တွေကို သင်နေသလဲ။ ပြစမ်း"

"တော်စမ်းပါ။ ညီမအတွက် အချိန်ကုန်မခံပါနဲ့၊ အစ်ကိုရဲ့ စာရင်းအင်းတွေသာ ခဏ ဖယ်ထားစမ်းပါ။ ခုလောလောဆယ် အချိန်နည်းနည်းမပေးနိုင်ဘူးလား"

"ပေးနိုင်ပါတယ်ဗျာ၊ ဘာလုပ်ရမလဲသာပြောပါ၊ အဆင့်သင့်"

"ဟုတ်ပြီ။ ဒီလိုဆို အမားလ်ရေးတဲ့ ဟောဒီ ဆောင်းပါးကို ဖတ်ကြည့်စမ်း။ သိပ်ကောင်းတာပဲ။ ဒီ ဆောင်းပါးကို ဖတ်နေတုန်းမှာ အမားလ်ဟာ ဘင်္ဂလား ပြည်ရဲ့ ရုပ်စကင်းတဲ့"

ဘူပတိက စိတ်မပါ့တပါဖြင့် သူ့လက်ထဲက မဂ္ဂဇင်းစာအုပ်ကို ယူပြီး ခေါင်းစဉ်ကို ဖတ်လိုက်သည်။ 'နယုန်လပြည့်ဝန်း" တဲ့။ လွန်ခဲ့သည့် နှစ်ပေါင်းလောက်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက အိန္ဒိယ အစိုးရ၏ ဘတ်ဂျက်ကို သူလေ့လာနေခဲ့သည်။ များလှစွာသော ကိန်းဂဏန်းများသည် သူ့ခေါင်းထဲတွင် ပိုးလောက်လန်းတွေလို တရွရွလှုပ်နေကြသည်။ ယခု ဘင်္ဂလီဘာသာဖြင့် ရေးထားသည့် "နယုန်လာပြည့်ဝန်း" ဆိုသည့် ဆောင်းပါးကို ဖတ်ရန် အဆင်သင့် မဖြစ်ပါ။ ထိုအထဲတွင် ဆောင်းပါးကလည်း အရှည်ကြီး။

ဆောင်းပါးက ထိုသို့ အစပျိုးသည်။

"နယုန်လပြည့်ဝန်းသည် အဘယ့်ကြောင့် ကိမ်တိုက်တို့နောက်ကွယ်တွင် တစ်ညလုံး ပုန်းကွယ်နေဘိသနည်း။ လပြည့်ဝန်းသည် ကောင်းကင်ဘုံမှ တစ်စုံတစ်ရာကို ခိုးယူသွားကာ ထိုပစ္စည်းကို တစ်နေရာသို့ ဝှက်ရန် သွားနေလေသလော။ တပေါင်းလတွင်မူ ကောင်းကင် ဟလာဟင်းလင်းကြီးထဲတွင် သူ့မျက်နှာကို အရှက်မရှိ ပြခဲ့၏။ တိမ်ကလေးတစ်အုပ်မျှပင် ဖုံးကွယ်ထားခြင်း မရှိ။ သို့ရာတွင် ယနေ့တော့ ကလေးငယ်တစ်ယောက်၏ အိပ်မက်လို၊ ချစ်သူတစ်ယောက်၏ အောက်မေ့သတိရမှုလို၊ ဂင်္ဂါနတ်သမီး၏ ဘယက်မှ ပုလဲပန်းကုန်းများလို၊ တောက်ပရွှန်းမြသော သူ့အပြုံးသည်....."





ဘူပတိက ခေါင်းကုတ်လိုက်ရင်း

"ကောင်းပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ **အစ်**ကိုကို အဖတ်ခိုင်းတာလဲ၊ အစ်ကိုက ဒီလို စာနဲ့ စာယဉ်တွေကို ဘာမှ သိတာမဟုတ်ဘူး"

ချာရုစိတ်ပျက်သွား၏။ မဂ္ဂဇင်းကို ဆွဲယူလိုက်ပြီး

"ဒီလိုဆို အစ်ကို ဘာသိသလဲ"

"အစ်ကိုက လက်တွေ့သမား။ လောကအကြောင်း လူတွေအကြောင်း သိတယ်"

"စာပေကရော လူတွေအကြောင်း မဟုတ်ဘူးလား အစ်ကိုရယ်"

ဘူပတိက ချာရု၏ မေးကို အသာအယာ ပွတ်ပေးရင်း

"စာပေထဲမှာ ရေးထားတဲ့ လူတွေ အကြောင်းက မှန်မှန်ကန်ကန် ဖြစ်ပြီး ရေးထားတာ မဟုတ်ဘူးကွ။ တလွဲတွေ ရေးထားတာ။ ပြီးတော့ အသွေးအသား နဲ့ လူတွေကို ကိုယ်တိုင်မြင်နေရပါလျက်နဲ့ ဘာဖြစ်လို့ စာအုပ်ထဲမှာ လိုက်ရှာနေဦးမလဲကွယ်။ ညီမကို နားလည်ဖို့အတွက် ဒူစာလို ပျို့ကဗျာကြီးတွေ ကာမိကံကံသျှန္တိလို ပျို့ကဗျာကြီးတွေကို ဖတ်ဖို့ မလိုပါဘူး။ ဒါကြီးတွေကို အစ အဆုံး ဖတ်နေရဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com

ဘူပတိသည် ကဗျာကို နားမလည်ဘဲ မကြာခဏ ကြားလေ့ရှိသည်။ သို့ရာတွင် သူသည် အမားလ်၏ ကဗျာကို မဖတ်သည့်တိုင် သူ့စာများကိုကား တိတ်တိတ်ပုန်း လေးစားနေသည်။ သူ့မှာ ဘာမှ ပြောစရာသည်လောက်မရှိဘဲ ဘာ့ကြောင့် စာတွေကို ရေးနေနိုင်ပါလိမ့်မဟု ဘူပတိ တွေးမိသည်။ သူသာဆိုလျှင် ထိုသို့ ရေးနိုင်မည် မထင်။ အမားလ်တွင် ထိုမျှ စာရေးနိုင်သော စွမ်းအားတွေ ရှိသည်ဟု မည်သူက မည်သို့ လုပ်၍ သိသွားလေသနည်း။

ဘူပတိသည် ဘင်္ဂါလီစာပေအကြောင်းကို နံ့နံ့စပ်စပ် သိသည်ဟု မပြောလိုပါ။ သို့ရာတွင် သူသည် ဘင်္ဂါလီစာပေကို လစ်လျူရှုထားခြင်း မရှိ။ ပိုက်ဆံမရှိသည့် စာရေးဆရာများက သူတို့ စာအုပ်များကို ထုတ်ဝေပေးဖို့ ပြောလျှင် ဘူပတိသည် သူတို့ စာအုပ်များကို အကုန်ခံ၍ ထုတ်ပေး၏။ သို့ရာတွင် ချွင်းချက်တစ်ခုကိုတော့ တောင်းသည်။ "ကျွန်တော့်ကို ရည်ညွှန်းတာတို့ ဘာတို့တော့ မလုပ်နဲ့ဗျာ" ဟု ပြောတတ်သည်။ ဘူပတိသည် ဘင်္ဂါလီသတင်းစာများနှင့် ဂျာနယ်များ အားလုံးကို လပေးဖြင့် ဝယ်သည်။ ဘယ်မျှ အရေးမကြီးသော သတင်းစာ၊ မဂ္ဂဇင်းဖြစ်စေ အကုန်ဝယ်





သည်။ မဖတ်နိုင်သည့်တိုင်၊ စာရေးဆရာတို့၏ အမည်ကို မသိသည့်တိုင် စာအုပ်သစ်ထွက်တိုင်း ဝယ်သည်။

"ကျွန်တော်က ဖတ်နိုင်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မဝယ်ဘဲနေရင် ကျွန်တော့်မှာ ချေလို့ မရတဲ့ အပြစ်ကြီး တစ်ခုကို ကျူးလွန်မိသလို ဖြစ်နေတယ်" ဟု သူ ပြောတတ်သည်။

ထိုစာအုပ်များကို မဖတ်သည့် အတွက် သူတို့ကို မနာလိုတိုရှည် ဖြစ်ခြင်းလည်း မရှိ။ နောက်ဆုံးပေါ်သည့် စာရေးဆရာများ၏ စာအုပ်များဖြင့် ပြည့်နှက်နေသည့် စာကြည့်တိုက်တစ်ခုကို ထောင်မိလျက်သား ဖြစ်နေသည်။

အမားလ်သည် သူ၏ အင်္ဂလိပ်စာအုပ်များတွင် ပရုပြင်ပေးသည်။ သူ့ကော်ပီထဲတွင် မရှင်းလင်းသည့် စာလုံးပါ၍ အမားလ်က စာရွက်တွေ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် အခန်းထဲသို့ ဝင်လာလျှင် ဘူပတိက အားရပါးရရယ်ကာ

"အမယ်လေး အမားလ်ရယ်၊ ငါစာတွေကိုတော့ မပြင်လိုက်ပါနဲ့၊ အာစရ လပြည့်ဝန်းနဲ့ ဘန္ဒရာက ဆီးတော်သီးတွေ အကြောင်းမင်းကြိုက်သလို ရေးနိုင်ပါတယ်။ ကိုယ် မကန့်ကွက်ပါဘူး။ လူတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်မှုကို မပိတ်ပင်လိုပါဘူး။ ဒါပေမယ့် ကိုယ့်စာတွေကိုတော့ လျှော့က်မပြင်လိုက်ပါနဲ့။ ခု ငါ့မှာ ငါဖတ်ချင်တာတွေကို မဖတ်ရတော့ဘူးကွ၊ ဟောဒီက မင့်အစ်မက ငါ့ကို အမိန့် ထုတ်နေပြီ”

အမားလ်ကလည်း ရယ်လိုက်ကာ

“ဟုတ်လား အစ်မ။ အစ်မက အစ်ကို့ကို ကျွန်တော်ရေးတဲ့ စာတွေ မဖတ်ရဘူးလို့ ပြောသလား။ ဒီလိုမှန်းသိရင် ကျွန်တော် မရေးပါဘူး”

ချာရုက သူ့စာများ မကောင်းကြောင်း၊ ညံ့ကြောင်းကို ဘူပတိ၏ ရှေ့တွင် ပြောသဖြင့် အမားလ် မကျေနပ်ဖြစ်သွားသည်။

ချာရုမှာလည်း အမားလ် ထိုသို့ ခံစားလိုက်သည်ကို သိလိုက်သဖြင့် စိတ်မကောင်းဖြစ်သွားကာ စကားလွှဲသည့်အနေဖြင့် ဘူပတိကို လှမ်းပြောလိုက်သည်။

“အစ်ကို့ညီလေးကို အိမ်ထောင်တို့ ဘာတို့ ချမပေးသေးဘူးလား။ အိမ်ထောင်ချပေးလိုက်ရင် အနှောင့် အယှက်ပေးတာ သက်သာသွားတာပေါ့”

“ခုခေတ် လူငယ်တွေက ကိုယ့်လို အထုံ အထိုင်းတွေ မဟုတ်တော့ဘူးကွ၊ ကဗျာတွေ ဘာတွေ





ရေးနေပေမယ့် လူ့အကြောင်း လောကအကြောင်းကို ကောင်းကောင်းနားလည်တယ်။ ဘာလဲ မင်းက သူ့ကို မိန်းမယူဖို့ တိုက်တွန်းပြီးပြီလားလို့ ပြောတာလား”

ချာရုထွက်သွားသည့်အခါတွင် ဘူပတိက အမားလ်ကို ပြောသည်။

“အမားလ်ရေ၊ ငါကတော့ ဟောဒီ သတင်းစာနယ်ထဲဝင်မိတာ ကျာမြီး ဆွဲမိသလို ဖြစ်နေပြီ။ ချာရုမှာ တစ်ချိန်လုံး တစ်ယောက်တည်း ပျင်းနေရှာမှာပဲ။ ဘာမှ လုပ်စရာ မရှိဘဲကိုး။ ငါ့အခန်းဝမှာ ပြူတစ် ပြူတစ်လာ လုပ်လိုက် ပြန်လှည့် သွားလိုက်နဲ့၊ ငါကလည်း သူ့ကို ဂရုမစိုက်အားဘူး။ မင်းက သူ့ကို တစ်ခုခု သင်ပေးပါလားကွာ၊ ဥပမာ အင်္ဂလိပ်ကဗျာတို့ ဘာတို့ကို ဘာသာပြန်ပြီး ဖတ်ပြ ပါလား။ ဒီလိုဆိုရင် နှစ်ယောက်စလုံး အကျိုးရှိတာပေါ့၊ အပျင်းလည်း ပြေတာပေါ့၊ သူကလည်း စာပေဝါသနာ ပါပါတယ် မဟုတ်လား”

“သူက ဝါသနာ ပါပါတယ်။ နည်းနည်းလေး လေ့လာလိုက်ရင် သူကိုယ်တိုင်ကို ကောင်းကောင်း ရေးနိုင်မှာ”

ဘူပတိက ပြုံးသည်။

“ငါက ဒီလောက်အထိ မမျှော်လင့်ပါဘူး။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ချာရုပာ ဘင်္ဂါလီ စာပေမှာ အကောင်းနဲ့ အညံ့ကိုတော့ ငါ့ထက်ခွဲခြားတတ်ပါတယ်"

"အစ်မက စိတ်ကူး စိတ်သန်းလည်း ရှိတယ်ဗျ၊ ဒီအရည်အချင်းမျိုးက မိန်းမတွေမှာ သိပ်ရှိတာ မဟုတ်ဘူး"

"ငါသိသလောက်တော့ ယောက်ျားတွေက သာပြီးတောင် စိတ်ကူး စိတ်သန်းညံ့နေသေးတယ်။ ဘာဖြစ်ဖြစ်ကွာ မင်းအစ်မ ကဗျာတို့ ဘာတို့ စိတ်ဝင်စားအောင် လုပ်နိုင်ရင် မင့်ကို ငါဆုချမယ်"

"ဘာဆုချမလဲ"

"သူ့လို ဇနီးကောင်းတစ်ယောက်ရှာပေးမယ်"

"ဟာ လာပြန်ပြီလား။ ဇနီးကောင်း တစ်ယောက်ဖြစ်အောင် သွန်သင်ပေးရတဲ့အတွက် နောက်ထပ်ဇနီး တစ်ယောက်ရှာပေးမယ်ဆိုရင် ကျွန်တော့် ဘဝမှာ မိန်းမတွေကို သင်ပေးနေရတာနဲ့ အချိန်ကုန်ရော့ပေါ့"

သူတို့ ညီအစ်ကိုနှစ်ယောက်သည် ခေတ်လူများ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့ ညီအစ်ကို ကြားတွင် မဆွေးနွေးနိုင်သည့် အကြောင်းအရာဆို၍ ဘာမျှမရှိ။





၄

ယခုအချိန်၌ အမားလ်သည် စာပေအသိုင်းအဝိုင်းတွင် ခေါင်းမော့နိုင်လေပြီ။ စောစောပိုင်းကမူ သူသည် အတန်းထဲက ကျောင်းသားငယ် တစ်ယောက်လို ဖြစ်နေသည်။ ယခုတော့ သူသည် သူ အထင်ကြီးလေးစားလောက်သည့် စာပေအသိုင်းအဝိုင်းထဲက လူတစ်ယောက်ဖြစ်နေလေပြီ။ စာပေအသင်းများတွင် စာတမ်းများကို မှန်မှန် ဖတ်သည်။ သူ့အိမ်တံခါးဝတွင် မဂ္ဂဇင်း အယ်ဒီတာများ၊ အယ်ဒီတာတို့၏ တပည့်တပန်းများသည် ရပ်စောင့်နေကြသည်။ သူ့ကို ညစာစား ဖိတ်ကြသည်။ အစည်းအဝေးများတွင် သဘာပတိ မြှောက်ကြသည်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အဆင့်အတန်းကြောင့် ဘူပတိ၏ အိမ်မှ မိသားစုများ၊ အစေခံများကအစ သူ့ကို အထင်ကြီးလေးစားလာကြသည်။

ထိုအချိန်အထိ မန္တာတိဏ်သည် သူ့ကို အထင်မကြီးလှသေး။ သူ့အဖို့ အမားလ်၏ ပေါ့ဆဆနေနိုင်ပုံနှင့် ချာရနှင့် ဆက်ဆံကြပုံတို့သည် ကွမ်းယာသည်ကိစ္စ၊ အိမ်မှုကိစ္စများနှင့် စာလျှင် ကလေးဆန်နေသည်ဟု ထင်သည်။ သူက သူတို့ထက် အရေးကြီးသည်။ အိမ်မှုကိစ္စများတွင် သူတို့ထက် အရာရောက်သည်ဟု ထင်နေသည်။

အမားလ်မှာ ကွမ်းကြိုက်သူတစ်ယောက်ဖြစ်၏။ မန္တာမှာ သူ့အတွက် အမြဲ ကွမ်းယာ ယာပေးရပြီး ကွမ်း သည်လောက်ကြိုက်ရသလားဟု မကြာခဏ ပြောတတ်သည်။ အမားလ်နှင့် ချာရတို့ကမူ မန္တာယာ၍ ဝှက်ထားသည့် ကွမ်းများကို မကြာခဏဆိုသလို လိုက်လံရှာဖွေပြီး စားပစ်တတ်သည်။ ကွမ်းယာတွေကို ခိုးစားသဖြင့် သူတို့တစ်တွေ ပျော်နေကြသည့်တိုင် မန္တာမှာ စိတ်ဆိုး၍ မဆုံးပြီ။ သူတစ်ပါးယာထားသည့် ကွမ်းယာများကို မစာမနာ ခိုးစားသောကြောင့် ဖြစ်သည်။ မန္တာသည် အမားလ်၏ အခြားသော ဗာဟိရကိစ္စတွေကို





လည်း လုပ်ရသေးသည်။ သို့ရာတွင် မန္တာသည်းခံပါသည်။ မန္တာသည် ထိုအကြောင်းများကို ချာရကိုလည်း ပြောပြခြင်း မပြုဘဲ အမားလ်ကို နှိမ်ရန်အကွက်ကောင်းကိုသာ စောင့်နေသည်။ မန္တာသည် အစေခံများ ရှေ့တွင် အမားလ်အကြောင်းကို မကောင်းပြောကာ လှောင်ပြောင်ဟားတိုက်နေတတ်သည်။

အမားလ် တစ်ယောက် လူရာဝင်လာသည့် အခါတွင် မန္တာသည် အကြီးအကျယ် အံ့အားသင့်နေသည်။ အမားလ်သည် ယခင်က အမားလ် မဟုတ်တော့ပြီ။ ယခင်ကကဲ့သို့ ရှိုးတိုး ရှန့်တန့် မဟုတ်တော့ဘဲ အပေါ်စီးမှ ကြည့်တတ် လာလေပြီ။ နာမည်ကလည်းကြီး၊ စကားပြောလျှင်လည်း သူ့ကိုယ်သူ ယုံကြည် စိတ်ချမှု အပြည့်ဖြင့် ပြောနိုင်သဖြင့် အမျိုးသမီးတွေက သူ့ကို စိတ်ဝင်စားကြသည်။ အရပ်ရှစ်မျက်နှာမှ ပညာရှိ ကဝိတို့ သူ့ထံရောက်လာသည်ကို တွေ့ရသည့်အခါ၌ မန္တာသည် အမားလ်မျက်နှာပွင့်လာပုံကို သတိပြုလာမိသည်။ သူ့ကိုယ်မှ အရောင်အဝါတို့ ထွက်ဖြာလျက်နေသည်ဟုလည်း ထင်လာမိသည်။

မကြာမီတွင် မန္တာသည်လည်း အမားလ်အပေါ်တွင် တိမ်းညွှတ်နေမိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အမားလ် အဖို့ကွမ်းယာကို ခိုးစားဖို့ မလိုတော့ပြီ။ ချာရုနှင့်အတူကွမ်းယာ ခိုးရန် ချောင်းဖို့ မလိုတော့ပြီ။ သူခိုးကလေးနှစ်ယောက်တို့၏ ပျော်စရာစွန့်စားခန်းကလေးသည်လည်း ပျောက်ကွယ်သွားလေပြီ။ အမားလ်မှာ ကွမ်းယာတွေစား၍ပင် မကုန်နိုင်။ ယခင်တုန်းကလို မန္တာမမြင်အောင် ပုန်းပြီး ကွမ်းယာစားရသည့် အရသာကလေးတွေလည်း ပျောက်ကွယ်ကုန်လေပြီ။ ချာရုတစ်ယောက်တည်းကိုသာ အပေါင်းအသင်း လုပ်နေသည်ကိုလည်း မန္တာမကျေမနပ်ဖြစ်လာသည်။ ဖြစ်နိုင်လျှင် မန္တာသည် ယခင်က အမားလ်နှင့် ကတောက်ကဆဖြစ်ခဲ့ရသည်များကို နှစ်ထပ်တိုးဖြင့် ပြန်ဆပ်ချင်သေးသည်။ ယခုအချိန်တွင်မူ အမားလ်နှင့် ချာရုတို့ နှစ်ယောက်သား တီးတိုးစကားပြောကြတိုင်း နေကြပ်ချိန်တွင် နေကို အရိပ်ဖုံးသလို မန္တာသည် သူတို့ နှစ်ဦးအနီးသို့ အကြောင်းရှာ၍ ရောက်လာကာ အရိပ်မိုးနေတတ်သည်။ မန္တာအား ကွယ်ရာတွင် ရယ်စရာဖြစ်အောင် ပြောရန် အခွင့်အရေးကိုသော်မျှ မရနိုင်တော့ကြောင်းကို ချာရု သဘောပေါက်လာသည်။ သို့ရာတွင်သူတို့ အနီးသို့ မန္တာရောက်လာခြင်းသည် အမားလ်အား အနှောင့်အယှက် ဖြစ်စေသည်ထက် ချာရုအား အနှောင့်အယှက် ဖြစ်စေကြောင်းကိုမူ





ပြောရန်လိုမည်မထင်ပါ။ အမားလ်မှာကား ဖာသိဖာသာ နေတတ်သည့် မိန်းမပျိုတစ်ဦးအား မိမိကို ဂရုစိုက်လာအောင် လုပ်နိုင်သည့်အတွက် တိတ်တဆိတ် ကျေနပ်လျက်ရှိသည်။

ယခုအချိန်တွင်မူ မန္တာလာသည်ကို မြင်သည်နှင့် ချာရုက မကျေမနပ်ဖြစ်သည့် လေသံကလေးဖြင့် "ဟင်း လာပြီ" ဟု ပြောတတ်ပြီး အမားလ်ကလည်း ချာရု စိတ်ကျေနပ်သွားအောင် "သိပ်စိတ်ညစ်ရတာပဲ" ဟု အလိုက်အထိုက် ပြန်ပြောတတ်သည်။ ကျန်ကမ္ဘာ လောကကြီး တစ်ခုလုံးနှင့် ခပ်ဝေးဝေး နေချင်သော သူတို့၏ စရိုက်ဟောင်းကို မည်သို့ ချက်ချင်း ဖျောက်ဖျက်ပစ်နိုင်ပါမည်နည်း။ သူတို့ အနီးသို့ မန္တာရောက်လာသည်နှင့် အမားလ်က တမင်လုပ်ထားသည့် ယဉ်ကျေးဟန်မျိုးဖြင့်

"အစ်မရဲ့ ကွမ်းယာဗန်းကိုတော့ ဘယ်သူခိုး သူဝှက်မှ လာပြီး မချောင်းပါဘူးနော်"

"စားချင်ရင် တောင်းလိုက်ရုံပေါ့ မောင်လေးရဲ့။ ဘာဖြစ်လို့ခိုးရတာလဲ"

"တောင်းရတာထက် ခိုးစားရတာကမှ ပျော်စရာကောင်းတယ်"

"ဘာစာတွေများ ဖတ်နေကြတာလဲ။ ဆက်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး။ အစ်မလည်း နားထောင်ချင်တယ်"

မန္တာသည် စာပေသမားကြီးတစ်ယောက် ဖြစ်ရန် တစ်ခါမျှ စိတ်မကူးခဲ့ဘူးပါ၊ သို့ရာတွင် အချိန်သည် အံ့သြစရာများကို ဖန်တီးပေးခဲ့ပါသည်။

ချာရုကမူ စာပေအရသာကို မခံစားတတ်သည့် မန္တာ၏ ရှေ့တွင် စာမဖတ်စေချင်။ သို့ရာတွင် အမားလ်က စာဖတ်နာသူများလေ၊ ကောင်းလေဟု ထင်သည်။

"အမားလ်က "ကမလာကန္တာ" ကိုဖတ်ပြီး ဝေဖန်ပြတယ်။ အစ်မစိတ် ဝင်စားမှာ မဟုတ်....."

"ကိုယ်က သိပ် စာမဘတ်ပါဘူး။ ဒါပေမယ့် နားထောင်ကြည့်ရင် နားလည်ပါတယ်"

ဤတွင် အမားလ်သည် တစ်ခါက အဖြစ်အပျက် တစ်ခုကို သွားသတိရသည်။ ချာရုနှင့်မန္တာတို့သည် ဖဲကစားနေကြသည်။ ထိုစဉ် အမားလ်သည် လက်တွင် ရေးလက်စ စာမူတစ်ခုကို ကိုင်ကာ ချာရုကို ဖတ်ပြရန် ရောက်လာသည်။ သူတို့နှစ်ယောက် ဖဲကစားနေသည်ကို မြင်သည့်အခါတွင် စိတ်ပျက်သွားသည်။

ကြာသော် မစောင့်နိုင်တော့ဘဲ

"အစ်မတို့ ဖဲကစားချင် ကစားနေကြတော့ဗျာ၊ ကျွန်တော့်စာမူကို အခီးလ်ဘာဘူကို သွားပြီးဖတ်ပြ





တော့မယ်"

ချာရုက သူ့ဒိုတီစကို လှမ်းဆွဲလိုက်ပြီး။

"လာထိုင်စမ်းပါ၊ ဘယ်သွားဦးမှာလဲ"

ချာရုသည် တမင်မှားချင်ယောင်ဆောင်ကာ ဖဲဝိုင်းကို အဆုံးသတ်လိုက်သည်။

"ဘာလဲ၊ နင်တို့ စာဖတ်တော့မလို့လား၊ ဒီလို ဆို ငါသွားမယ်"

မန္တာက ပြောသည်။

"အစ်မကော နားမထောင်ချင်ဘူးလား၊ လာလေ" ဟု ချာရုက မကောင်းဘတ်သဖြင့် ခေါ်သည်။

"ဟင့်အင် နင်တို့ပေါက်တတ်ကရတွေကို နားမထောင်ချင်ပါဘူး ဒါတွေ နားထောင်ရင် အိပ်ချင်တယ်"

မန္တာသည် သူတို့ ကစားဝိုင်းကို ဖျက်ပစ်ရမည်လောဟု ဆိုကာ စိတ်ဆိုးဆိုးဖြင့် ထသွားသည်။

ယခုတော့ မန္တာသည် စာဖတ်သည်ကို နားထောင်ချင်သူတဦးဖြစ်နေလေပြီ။ အမားလ်၏ ဝေဖန်ချက်ကို နားထောင်ချင်နေပြီ။

"ဒီဝတ္ထုက သိပ်ကောင်းတာပဲ အစ်မရှင့်၊ အစ်မ နားထောင်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အမားလ်က စာအုပ်အစကို ပြန်ဖတ်ရန် ရှေ့ဖက်သို့လှန်သည်။ အစပိုင်းကို သဘောကျသဖြင့် ထိုအစပိုင်းကို ဖတ်ပြချင်သည်။

"ဒီနေ့စာကြည့်တိုက်ကို သွားပြီး အရင်လ မဂ္ဂဇင်းဟောင်းတွေ သွားရှာဦးမယ်ဆို"

ချာရုက ပြောသည်။

"နေပေ့စေ၊ ဒီနေ့မရှာသေးဘူး"

"ဒီနေ့ရှာမယ်လို့ ပြောထားတယ်လေ၊ မေ့သွားပြီလား"

"မမေ့ပါဘူး၊ ဒီနေ့ သွားမယ်ဆိုတာ အစ်မ ပြောတာပါ"

"ဒီလိုဆိုလည်း မောင်လေးတို့ ဆက်ဖတ်ကြ။ အစ်မတော့ တစ်ယောက်ကို စာကြည့်တိုက်ကို လှလွှတ်ပြီး အယူခိုင်းဦးမယ်"

ချာရု စိတ်ကောက်သွားပြီကို အမားလ်သိလိုက်သည်။ မန္တာလည်း ရိပ်မိပါသည်။ ချက်ချင်းပင် မန္တာသည် ချာရုအပေါ်တွင် စိတ်ချဉ်ပေါက်သွားသည်။ အမားလ်မှာ ဘာလုပ်ရမည်မသိဖြစ်နေစဉ် မန္တာက ပြုံးစစဖြင့်

"သူ့ဖာသာသူသွားတာ သွားစမ်းပါစေ။ စိတ်





ကောက်သွားတာ။ ဘာလဲ အစ်မကို ဖတ်ပြရင် ပြဿနာ ပေါ်မှာ စိုးလို့လား"

အမားလ် အခက်ကြုံနေသည်။ ချာရုကိုလည်း စိတ်ထဲတွင် မကျေမနပ် ဖြစ်နေသည်။

"ဘာလို့ ပြဿနာတက်ရမှာလဲ၊ မဆိုင်ပါဘူး"

အမားလ်သည် စာရွက်များကို လှန်လှောကာ စာဖတ်ပြနေသည်။

မန္တာက စာမျက်နှာများကို လက်ဖြင့်အုပ်ထားလိုက်ပြီး

"နေပါစေတော့ မောင်လေးရယ်။. မဖတ်ပါနဲ့တော့။ ရပါတယ်"

ဆို့နစ်သံဖြင့် ပြောပြီးနောက် မန္တာသည် သူ့အနီးမှ ထသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၅

ချာရုမှာ အိမ်လည်သွားနေသည်။ အိမ်တွင် ကျန်ရစ်ခဲ့သည့် မန္တာသည် ဆံစည်းကြိုး တစ်ချောင်းကို ကျစ်နေသည်။ အမားလ်က "အစ်မရေ" ဟု ခေါ်ပြီး ဝင်လာသည်။

ချာရုအိမ်တွင် မရှိကြောင်းကို မန္တာသိသော်လည်း ပြုံးရယ်လိုက်ကာ

"မောင်လေးလာရှာတဲ့အစ်မက တစ်ယောက်၊ တွေ့တဲ့အစ်မကတစ်ယောက်ဆိုတော့ မောင်လေး ကံဆိုးသွားပြီ"

"ရပါတယ်။ မြည်းအဖိုးကတော့ ညာခြေထောက်





အောက်က ကောက်ရိုး လည်းကောင်းတာပဲ။ ဘယ်ခြေထောက်အောက်က ကောက်ရိုးလည်း အတူတူပါပဲ။ အစ်မတို့ ရွာအကြောင်းကို ပြောပြပါလားဟင်၊ အစ်မတို့ရွာ အကြောင်း သိပ်နားထောင်ချင်တာပဲ"

အမားလ်က သူ့အနီးတွင် ဝင်ထိုင်လိုက်သည်။

အမားလ်မှာ အခြားသူများ၏ ဇာတ်လမ်းများကို နားထောင်ပြီး ဝတ္ထုအတွက် ကုန်ကြမ်း ရှာတတ်နေပြီ။ ထိုအချိန်မှစ၍ မန္တာ၏ စိတ်နေစိတ်ထားနှင့် သူ့ဘဝသည် သူ့အဖို့ စိတ်ဝင်စားစရာ ဖြစ်လာခဲ့သည်။ မန္တာ၏ ဇာတိ၊ သူ့ရွာ၊ သူ့ကလေးဘဝ၊ သူ့အိမ်ထောင်ရေးစသည်တို့ကို မသိမသာ မေးမြန်းစုံစမ်းကြည့်သည်။ သူ့ ဘဝမှ ဘာမျှ အရေးမကြီးသည့် အကြောင်းကလေးများကို မည်သူကမျှ စိတ်ဝင်စားခြင်း မရှိစဖူး။ မန္တာသည် ဝမ်းသာအားရဖြင့် သူ့အကြောင်းများကို ပြောပြသည်။ တစ်ခါတစ်ရံတွင်လည်း စကားဖြတ်ကာ "အစ်မပြောတာတွေက နားထောင်လို့ ကောင်းမှာ မဟုတ်ပါဘူး" ဟု ပြောတတ်သည်။

"အို၊ ဘယ်ဟုတ်မလဲ၊ သိပ်နားထောင်လို့ကောင်းတာပဲ၊ ဆက်ပြောပါ"

အမားလ်က စိတ်ပါလက်ပါ တိုက်တွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင်မူ မန္တာက သူ့အဖေအကြောင်းကို ပြောပြသည်။ သူ့အဖေမှာ မျက်စေ့ တစ်ဖက်လပ်နေသည့် မြေခွန်ပြာတာတစ်ဦး ဖြစ်သည်။ တစ်ခါသော် သူ့အဖေသည် ဒုတိယဇနီးသည်နှင့် စိတ်ဆိုးသဖြင့် အစာမစားဘဲ အသေခံတော့မည်ဟုဆိုကာ အစာငတ်ခံသည်။ သို့ရာတွင် နောက်ဆုံးမနေနိုင်တော့သည့် အခါတွင် မန္တာအိမ်သို့လာပြီး စားသည်။ တစ်နေ့တွင် သူ့ဇနီးက အစာစားနေသည်ကို ချောင်းဖမ်းရာ မိသွားသည်။

အမားလ်သည် စူးစိုက်နားထောင်နေရာမှ ထိုအကြောင်းကို ကြားသည့် အခါတွင် အားရပါးရ ရယ်နေသည်။ ထိုစဉ် ချာရ ပြန်ရောက်လာသည်။

သူတို့ ပြောနေသည့် ဇာတ်လမ်းလည်း ပြတ်သွားသည်။ နှစ်ယောက်သား စကားတွေ ဖောင်နေရာမှ တန့်သွားကြသည်။ ချာရသည် ထိုအချက်ကို သတိပြုလိုက်မိ၏။

"ဟင် အစ်မ၊ အစောကြီး ပြန်လာသလား"

အမားလ်က မေးသည်။

"ဪ ဒီလိုကိုး၊ မောင်လေးတို့ အဖို့တော့ သိပ်စောလွန်းနေမှာပေါ့"

ချာရက လှည့်ပြန်မည်ပြုသည်။





"ပြန်လာတာနဲ့ အတော်ပဲ၊ မလာ မလာနဲ့ စောင့် နေတာ၊ အစ်မတို့ကို ဖတ်ပြဖို့ ဒတ္တားရဲ့ စာအုပ်တစ်အုပ် ပါလာတယ်။ ဖတ်ပြမယ်လေ"

"ဟင့်အင်း၊ မအားသေးဘူး၊ အလုပ်တွေ ရှိသေးတယ်"

"ကျွန်တော်လုပ်ပေးမယ်လေ၊ ဘာလုပ်ပေးရမလဲ"

ထိုနေ့က အမားလ်သည် စာအုပ်ဝယ်လာပြီး သူ့ ကို ဖတ်ပြမည်ဟု သူ မျှော်လင့်ပြီးသား ဖြစ်သည်။ အမားလ်က ထိုစာအုပ်ကို လှောင်ပြောင်သည့်အသံဖြင့် ဖတ်ပြစဉ် အမားလ် မခံချင်ဖြစ်အောင် ထိုစာအုပ်ကောင်းကြောင်း ချီးမွမ်းလိုက်ဦးမည်ဟုလည်း စိတ်ကူးထားသည်။ ထို့ကြောင့် သူငယ်ချင်းအား နေမကောင်းဟု အကြောင်းပြကာ အမားလ် စာဖတ်ပြသည်ကို နားထောင်ရန် အိမ်သို့ စောစော ပြန်လာခဲ့ခြင်း ဖြစ်သည်။ "ငါ့နှယ်နော် သူငယ်ချင်းအိမ်မှ နေမိရင် အကောင်းသား၊ ဘာဖြစ်လို့များ ပြန်လာမိပါလိမ့်" ဟု တွေးကာ ချာရ နောင်တ ရနေသည်။

မန္တာမှာ အရက်မဲ့လွန်းသည်ဟုလည်း သူ့စိတ်ထဲတွင် ထင်နေသည်။ အခန်းထဲတွင် အမားလ်နှင့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းနေပြီး အောက်တန်းကျကျ တဟားဟား ရယ်နေလိုက်သေးသည်။ လူတွေမြင်လျှင် မည်သို့ ပြောကြမည်နည်း။ သို့ရာတွင် မန္တာကို သူအပြစ် မပြောရဲပါ။ ပြောလျှင် မန္တာက သူ့အတုကို လိုက်သည်ဟု ပြန်ချေပေလိမ့်မည်။ နောက်တစ်ချက် ရှိသေးသည်။ သူ သည် အမားလ်၏ စာအရေးအသားကို အားပေးကာ သူ့ကို အကြံဉာဏ်ပေးခဲ့သူဖြစ်သည်။ မန္တာကမူ ထိုသို့ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။ မန္တာသည် အကာ အကွယ်မဲ့သော ယောကျ်ားပျို ကလေးတစ်ယောက်ကို အမိဖမ်းရန် ပင့်ကူအိမ်တစ်ခု ရက်လုပ်နေခြင်း ဖြစ်နိုင်သည်။ ထိုအန္တရာယ်မှ ကာကွယ်ရန်မှာ သူ့တာဝန်ဖြစ် သည်။ ထိုကဝေမ၏ စက်ကွင်းမှ လွတ်အောင် အမားလ်ကို မည်သို့ ပြောရမည်နည်း။

သနားစရာကောင်းလိုက်သည့် အမားလ်၊ ဘုပ တိ၏ သတင်းစာဆောင်းပါးတွေကို နေ့ရောညပါကူ လုပ်ပေးနေရသည်။ မန္တာက ချောင်ကလေးထဲတွင် ထိုင်ကာ သူ့ကို ချောင်းနေသည်။ အမားလ်မှာ ဘာမျှ မသိသေး၊ မန္တာကို အကြွင်းမဲ့ ယုံကြည်နေဆဲဖြစ်သည်။ အရာအားလုံးတော့ မှားနေပြီ။ အမားလ်သည် စာပေ နယ်တွင်ကျော်ကြားမလာလျှင်လည်း အကောင်းသား။





ဆိုနောက် အမားလ်သည် အပေါင်းအသင်းမှားသည်။ သူကလည်းသူ။ အမားလ်ကို စာရေးအောင် သွား၍ တိုက်တွန်းမိသည်ကိုး။ တိုက်တွန်းခဲ့မိသည်မှာ မှားပြီ။ ယခု သူပြန်၍ အမားလ် အပေါ်တွင် ဩဇာမပေးနိုင် တော့ပြီ။ ပရိသတ် ဩဘာပေးသည်ကို သာယာနေ သည်ဟု မဝေဖန်နိုင်တော့ပြီ။ အမားလ်အဖို့မူ စာဖတ်ပရိ သတ်တစ်ယောက်လျော့သွားရုံဖြင့် ဘာမျှ အကြောင်းထူး မည် မဟုတ်။

သူ့လက်ထဲမှာ စာဖတ်ပရိသတ် လက်ထဲသို့ ရောက်သွားသည့် အမားလ်အဖို့ အန္တရာယ်တွေ အများ ကြီး ရှိနိုင်သည်ကို ချာရု ကောင်းကောင်းသိသည်။ ယခု အမားလ်သည် သူနှင့် တန်းတူမဟုတ်တော့။ သူက နာမည်ကျော် စာရေး ဆရာကြီး။ မိမိက သာမန် စာ ဖတ်သူတဦးမျှသာ။ ထိုအခြေအနေကို ပြင်ယူရမည်။

ရိုးသားသော အမားလ်၊ ညှို့ယူဖမ်းစားတတ် သော မန္တာ၊ ကံမကောင်းသည့် ချာရု.....။



www.burmeseclassic.com

www.burmeseclassic.com



၆

ရှုလိုင်လ၏ မိုးတိမ်ရိပ်များသည် ကောင်းကင်တစ်ခုလုံး အုပ်ဆိုင်းလျက် ရှိ၏။ မိုးတိမ်များသည် ချာရုအိပ်ခန်းထဲသို့ ပြတင်းပေါက်မှ စီးဝင်မျှောပါလာတော့မည် လားဟုပင် ထင်ရသည်။ အမားလ် တိတ်တိတ်ကလေး ဝင်လာပြီး သူ့နောက်တွင် ရပ်နေသည်ကို သတိမထားမိ။ မိုးရာသီ၏ ဖျော့တော့သော အလင်းရောင်ထဲတွင်မူ သူသည် ချာရုရေးသားထားသော စာကို ဖတ်နေလေ၏။ သူ၏ စာအုပ်မှ စာရွက်အချို့ကို သူဘေးတွင် ချထားသည်။ သူ၏ စံနမူနာထားရမည့် စာများ မဟုတ်လား။





"ကြည့်စမ်း၊ ကြည့်စမ်း၊ စာမရေးတတ်ဘူးဆို"

သူ့အသံကြောင့် လန့်သွားသည်။ သူမ ရေးထားသည့် စာအုပ်ကို ဝှက်လိုက်ရင်း

"မောင်လေး မကောင်းဘူး"

"ဘာဖြစ်လို့"

"သူများ စာရေးတာကို ခိုးဖတ်တယ်"

"ပြောဖတ်လို့ မရလို့ ခိုးဖတ်ရတာ"

ချာရုက ရေးထားသည့် စာရွက်များကို ဆုတ်ဖြဲမည် ပြု၏။ အမားလ်က ပြေးလာပြီး ဆွဲယူလိုက်သည်။

"နောင် အစ်မရဲ့စာကို ဖတ်ရင် မခေါ်တော့ဘူး"

"ကျွန်တော့်ကို ဖတ်ခွင့်မပေးရင် ကျွန်တော်ကလည်း မခေါ်တော့ဘူး"

"တောင်းပန်ပါတယ်ကွယ်၊ မဖတ်ပါနဲ့"

သို့ရာတွင် နောက်ဆုံးတော့ သူမက အလျှော့ပေးလိုက်သည်။ သူမကိုယ်တိုင်က သူ့ကို ဖတ်စေချင်နေသည်။ သို့ရာတွင် တကယ်ဖတ်မည်ဆိုတော့ သူမစိတ်ထဲမှာ ရှက်သလိုလို ဖြစ်နေ၏။ သူက အတင်း နားပူနားဆာလုပ်ကာ ရေးထားသည့် စာကို ဖတ်နေသည့် အခါ၌ သူမမှာ ရှက်သဖြင့် ခြေလက်တွေ အေးစက်နေသည်။ "ကွမ်းယာသွားယူဦးမယ်" ဟု ဆိုကာ ထစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ခန်းသို့ ထွက်လာခဲ့သည်။

အမားလ်က စာကို အဆုံးထိ ဖတ်ကာ ချာရှထံသို့ ရောက်လာပြီး၊

"အရမ်းကောင်းတာပဲ"

သူမသည် ကွမ်းယာကို မေ့သွားကာ

"သွားစမ်းပါ၊ လာပြီးနောက်မနေစမ်းပါနဲ့၊ ပေး အစ်မ စာအုပ်ပြန်ပေး"

"နေဦးလေ ကျွန်တော်ကူးလိုက်ဦးမယ်၊ ပြီးတော့ မဂ္ဂဇင်းတိုက်ကို ပို့မယ်"

"ဘာ မဂ္ဂဇင်းတိုက်ကို ပို့မယ် ဟုတ်လား၊ ဘယ် ဖြစ်မလဲ"

ချာရှက အကြောက်အကန် ကန့်ကွက်သည်။ အမားလ်ကလည်း အလျှော့ မပေး။ အမားလ်က မဂ္ဂဇင်း ထဲတွင် ထည့်ဖို့ကောင်းကြောင်း အလေးအနက် ပြော သည့်အခါတွင်မှ

"မောင်လေးက တော်တော်ခေါင်းမာတယ်။ တစ်ခု ခုလုပ်ပြီဆိုရင် အတင်းပဲ"

"အစ်ကို ဖတ်ပေစေ"

ချာရှမှာ ကွမ်းယာကို မေ့သွားလေပြီ။ သူမသည် အမားလ်လက်ထဲမှ စာအုပ်ကလေးကို အတင်းလုယူရင်း





"မလုပ်ပါနဲ့ကွယ်၊ သူသိသွားရင် နောင်မှာ ဘာမှ ရေးရတော့မှ မဟုတ်ဘူး"

"အမယ်၊ အဲဒါကြောင့် ခက်တာပေါ့၊ အစ်မရေး တာ ဖတ်ရရင် အရမ်းကို သဘောကျသွားမှာ"

"ကျချင်ကျ၊ မကျချင်နေ၊ မဂ္ဂဇင်းတိုက်ကိုတော့ မပို့ရဘူး"

သူမ စာရေးသည့် ရည်ရွယ်ချက်မှာ အမားလ်ကို အံ့အားသင့်စေရန်နှင့် မန္ဒာနှင့် သူမတို့ မည်မျှ ကွာခြား ကြောင်းကို ပြသရန် ဖြစ်သည်။ လွန်ခဲ့သည့် ရက်ပိုင်း အတွင်းကပင် သူမသည် စာတွေရေးပြီး ဆုတ်ဖြဲပစ်ခဲ့ သည်။ သူမရေးသမျှမှာ အမားလ်၏ စာနှင့် တူနေသလို ဖြစ်နေ၏။ တိုက်သည့်အခါတွင် အချို့သော အခန်းများ ကို စာကြောင်းလိုက် ကူးထားသည်ကို တွေ့ရသည်။ ထိုအပိုင်းများသာ ကောင်းပြီး ကျန်အပိုင်းများမှာ ခပ်ညံ့ ညံ့ဖြစ်သည်။ အမားလ်ကတော့ ရယ်ပေလိမ့်မည်။ ထို့ ကြောင့် ချာရှသည် ရေးပြီးသားတွေကို အစိတ်စိတ်အမွှာ မွှာ ဖြစ်အောင် ဆုတ်ကာ ဘယ်သူမှ မတွေ့နိုင်သော ရေကန်ထဲသို့ ပစ်ချခဲ့သည်။

ပထမဆုံး သူမရေးသည့် စာမှာ "ဝါဆိုမိုးအိမ် များ" ဆိုသည့် စာဖြစ်သည်။ သူကိုယ်တိုင် စိတ်ကူးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပါလက်ပါ ရေးခြင်းဖြစ်သည်။ သို့ရာတွင် အမားလ်၏ "နယုန်လပြည့်ဝန်း" ဆိုသည့် စာကို နည်းနည်းပါးပါးတု၍ ရေးထားခြင်း ဖြစ်ကြောင်းကို သတိရလာသည်။ အမားလ်က "အို နောင်တော် လမင်း၊ တိမ်တိုက်တွေကြားတွင် သူခိုးတစ်ယောက်လို ဘာ့ကြောင့် ပုန်းအောင်းနေသနည်း" ဟုရေးခဲ့ရာ "အို အကျွန်ုပ့် အသည်းနှလုံး၏ အဖော်တိမ်တိုက်တို့ ဘယ်တော့များ သင်တို့တစ်တွေ ရုတ်တရက် ပေါ်လာကာ လမင်းကို ခိုးယူပြီး ညှိုမှောင်သော မျက်နှာဖုံး အောက်တွင် ဆောင်ယူပြေးကြမည်နည်း" စသဖြင့်ရေးခဲ့သည်။

အမားလ်၏ စာပေသြဇာမှ ရုန်းထွက်ရန် ခက်လှသည့်အတွက် ချာရုသည် အကြောင်းအရာတို့ကို ပြောင်းရေးသည်။ လဝန်းတွေ တိမ်တိုက်တွေ မပါတော့။ ဆိတ်ဖလူးပန်းတွေ၊ ညည့်ငှက်တွေ မပါတော့။ "ကာလီမယ်တော်ဝတ်ကျောင်း" ဆိုသည့် ဆောင်းပါးတပုဒ်ကို ရေးသည်။ သူမ၏ ရွာအနီး အရိပ်တို့ အုပ်မိုးလျက် ရှိသော ရေကန်ဘေးတွင် ကာလီမယ်တော်၏ ဝတ်ကျောင်း တစ်ဆောင်ရှိသည်။ သူမငယ်ငယ်တုန်းက ထိုဝတ်ကျောင်းကို မြင်လျှင် အကြောက်နှင့် သိချင်စိတ်တို့ တဖွားဖွားပေါ်ခဲ့ဖူးသည်။ လူကြီးသူမတွေ ပြောစကားအရ စောင့်ကြပ်





နေသည့် ကာလီမယ်တော်သည် တန်ခိုးကြီးသည်ဟုဆိုသည်။ ချာရုသည် ထိုအကြောင်းအရာများကို ဆောင်းပါးတွင် ထည့်ရေးထားသည်။ ယခုတွင်မူ အမားလ်၏ စာလို ကဗျာဆန်ဆန် ရေးထား၏။ သို့ရာ တွင် ရှေ့ရင်း လက်တွေ့လာကာ ဘင်္ဂလားနယ်၊ ကျေးလက်၏ အသက် အသံတို့ဖြင့် ထုံမွှမ်းနေသည်။

အမားလ်လှ၍ ဖတ်သော စာမှာ ထိုဆောင်းပါးဖြစ်၏။ ဆောင်းပါးအစမှာ တော်တော်လှသည်ဟု ထင်သည်။ သို့ရာတွင် ထိုအလှကို အဆုံးတိုင် သယ်မသွားနိုင်။ ပထမဆုံးရေးသည့် စာအနေဖြင့် ကြည့်လျှင်မူ ချီးကျူးဘွယ်ဖြစ်သည်။

ချာရု စိတ်ကူးတခုရကာ

"မောင်လေးရေ၊ တို့တွေ လစဉ် မဂ္ဂဇင်းကလေး တစ်စောင် ထုတ်ရရင် ကောင်းမှာပဲနော်" ဟု ပြောသည်။

"ဒါပေမယ့် ငွေရှိမှ ဖြစ်တာဗျ"

" တို့မဂ္ဂဇင်းကလေးက သိပ်အကုန်အကျ များမှာ မဟုတ်ပါဘူး။ ပုံမနှိပ်ဘူးလေ၊ လက်ရေးနဲ့ ကူးမှာပေါ့၊ အဲဒီမဂ္ဂဇင်းထဲမှာ အစ်မနဲ့မောင်လေး နှစ်ယောက်တည်းပဲ ရေးမယ်။ ပြီးတော့ တစ်ခြားလည်း ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမှ ပေးမဖတ်ဘူး။ တို့နှစ်ယောက်ပဲ ဖတ်မယ်။ ထုတ်တော့လည်း နှစ်စောင်ပဲ ထုတ်မယ်။ အစ်မဖို့ တစ်စောင်၊ မောင်လေးဖို့ တစ်စောင်"

အရင်တုန်းကဆိုလျှင် ထိုစကားကြောင့် အမားလ်ဝမ်းသာမိပေလိမ့်မည်။ ယခုတော့ ထို သေးငယ်သော အသိုင်းအဝိုင်းကလေးကို သူ စိတ်မဝင်စားတော့။ ဆောင်းပါးတစ်စောင် လူထုဆီ မရောက်လျှင် သူ စိတ်မကောင်း ဖြစ်တတ်နေပြီ။ သို့ရာတွင် အရင်တုန်းကလို ဟန်မျိုးဖြင့် "ဟုတ်လား၊ ကောင်းတာပေါ့" ဟု စိတ်ပါလက်ပါ ပြန်ပြောသည်။

"အဲဒီထဲမှာပါတဲ့ မောင်လေး ဆောင်းပါးကို ဘယ်မဂ္ဂဇင်းမှ မပို့ရဘူးနော်၊ ကတိပေးရမယ်"

"ဒီလိုဆို အယ်ဒီတာတွေက ကျွန်တော့်ကို သေနတ်နဲ့ ပစ်မှာပေါ့"

"အစ်မမှာကော လက်နက်မရှိတော့ဘူးတဲ့လား"

ဤသို့ဖြင့် သူတို့ သဘောတူသွားကြသည်။ အယ်ဒီတာ နှစ်ယောက် စာရေးဆရာနှစ်ယောက်နှင့် စာဖတ်သူနှစ်ယောက်တို့သည် ကော်မတီကလေးတစ်ခုလို အစည်းအဝေးထိုင်ကြသည်။ အမားလ်က

"အဲဒီ မဂ္ဂဇင်းလေးကို (ချာရုစာစောင်) လို့





ခေါ်မယ်"

"ဟင့်အင်း၊ (အမားလ်စာစောင်) လို့ ခေါ်မယ်"

သို့ဖြင့် ချာရုမှာ စိတ်ညစ်စရာတွေကို ခဏတဖြုတ် မေ့ပျောက်သွားသည်။ သူတို့ မဂ္ဂဇင်းထဲသို့ မန္တာလည်း မပါနိုင်။ ဘယ်သူမှ မပါရ။



www.burmeseclassic.com

www.burmeseclassic.com



၇

တစ်လ နှစ်လအကြာ၌ ဘူပတိသည် ချာရုဆီသို့ ရောက်လာသည်။

"ချာရုရေ၊ မင်းကတော့ စာရေးဆရာကြီး ဖြစ်တော့မှာပါလား။ ကြည့်စမ်း၊ ငါလုံးလုံး မသိဘူး"

ချာရုမှာ မျက်နှာနီရဲသွားလျက်

"ဘယ်ကလာပြီး စာရေးဆရာမ ဖြစ်ရမှာလဲ။ အစ် ကို့ကို ဘယ်သူပြောသလဲ၊ ဘယ်တော့မှ မဖြစ်ဘူး"

"အမယ်လေး၊ လက်ဆုပ် လက်ကိုင်မိနေတာတောင် ညာနေသေးတယ်။ ဟောဒီမှာ သက်သေအထောက်အထား"





ဘူပတိက သူမရေးထားသည့် ဆောင်းပါးကို ထုတ်ပြ၏။ သူ လျှို့ဝှက်ပစ္စည်းပမာ သဘောထားခဲ့သည့် သူ့ဆောင်းပါးကလေး။ သူကိုယ်တိုင် လက်ရေးနှင့် ကူးထားပြီး သူတို့ စာရေးဆရာ နှစ်ယောက်၏ အမည်ဖြင့် ထုတ်ဝေသည့် လက်ရေး မဂ္ဂဇင်းကလေး။ တစ်ယောက်ယောက်က လှောင်အိမ်ကို တမင်ဖွင့်ပစ်ခဲ့သဖြင့် ငှက်ကလေးပျံထွက်သွားလေပြီ။ သူရေးထားသည့် ဆောင်းပါးကို ဘူပတိ သိသွားခြင်းမှာ အမားလ်၏ သစ္စာဖောက်သောကြောင့်သာ ဖြစ်ရသည်ဟု စိတ်လည်းဆိုး၊ စိတ်လည်း ပျက်ဖြစ်နေ၏။

ဘူပတိက သတင်းစာကိုလှန်ပြကာ

"ဟောဒီမှာ ကြည့်ဦး"

ထိုသတင်းစာထဲမှ" မျက်မှောက်ခေတ် ဘင်္ဂါလီစာပေရေးဟန်" ဆိုသည့် ဆောင်းပါးကို ပြသည်။

ချာရုက သတင်းစာကို ဘေးသို့ ဖယ်လိုက်၏။ ထိုအချိန်၌ကား အမားလ်၏ သစ္စာဖောက်မှုမှအပ အခြား ဘာကိုမျှ စဉ်းစားမရတော့ပြီ။

"ကဲ ကြည့်စမ်းပါဦး"

ဘူပတိက ပြောသည်။

သူမ မဖတ်ဘဲ နေ၍ မရတော့။ ဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com



ရှင်က ခေတ်ပြိုင် စာရေးဆရာများ၏ ဖောင်းပွနေသော ရေးဟန်များကို ထောက်ပြသည်။ အမားလ်နှင့် ဒတ္တတို့ အပါအဝင် ခေတ်ပြိုင်စာရေးဆရာများကို ပြင်းပြင်း ထန်ထန် ဝေဖန်ထားပြီး စာရေးဆရာမသစ်ကလေး တစ်ယောက် ဖြစ်သည့် ရှရီမာတီ ချာရုဘာလာ၏ သဘာဝကျ၍ ရိုးစင်းသော စကားပြေ၊ ရိုးစင်းသော ခံစားချက်နှင့် သရုပ်ပေါ်သော အရေးအသားတို့ကို ချီကျူးထားသည်။ အလားတူ တီထွင်ဖန်တီးတတ်သော အမြင်မျိုးကို ကိုင်စွဲနိုင်ကြလျှင် အမားလ်နှင့် အပေါင်းပါ စာရေးဆရာတို့သည် လွတ်မြောက်ရေးကို ရပေလိမ့် မည်။ ထိုသို့ မဟုတ်လျှင်ကား ထိုစာရေးဆရာတို့ ဝိုင်း ပါယ်ခံရမည်မှာ သံသယရှိစရာ မလိုပေ" ဟု ရေး ထားသည်။

ဘူပတိက ရယ်လိုက်ရင်း

"တပည့်က ဆရာ့ထက် သာသွားပြီပေါ့"

ချာရုမှာ သူ့ဆောင်းပါးကို ချီးကျူးသဖြင့် ဝမ်း သာချင်သော်လည်း ဝမ်းမသာ နိုင်ပါ။ ချီးကျူးခံရခြင်း ဆိုသည့် နတ်သုဒ္ဓါရည်ကို သူအား တိုက်ကျွေးသော် လည်း သူမသောက်နိုင်ပါ။ အမားလ်သည် သူ့ဆောင်း ပါးကို ပုံနှိပ်ဖော်ပြခြင်းဖြင့် သူအား ရုတ်တရက် အံ့အား





သင့်စေရန် ရည်ရွယ်ဟန်တူသည်။ ထို့ပြင် သူ့ဆောင်း ပါးကို ချီးကျူးထားသည့် ဆောင်းပါးကို ပြ၍လည်း သူ့အပေါ်တွင် စိတ်ဆိုးပြေစေရန် ရည်ရွယ်ဟန်တူသည်။ သို့ရာတွင် ဆောင်းပါးပါလာသည့်နောက် အမားလ်သည် အဘယ့်ကြောင့် ပေါ်မလာသနည်း။ ဝေဖန်ရေးဆရာက သူ့ကို တိုက်ခိုက်ထားသဖြင့် ပေါ် မလာခြင်းလော။ သူတို့နှစ်ယောက်တည်ဆောက်ခဲ့သည့် သေးငယ်သော စာပေရိပ်မြုံကလေးသည် ချီးကျူးခြင်း ဘာတည်းဟူသော မိုးသက်မုန်တိုင်းထဲတွင် လွင့်ပါသွားခဲ့ပြီ။

ထို့ကြောင့် ချာရု မပျော်နိုင်ခြင်းဖြစ်သည်။

ဘူပတိထွက်သည့်အခါ၌ ချာရုသည် အခန်းထဲ က ခုတင်ပေါ်တွင် တိတ်ဆိတ်စွာ ထိုင်နေမိသည်။ မဂ္ဂဇင်းနှင့် သတင်းစာက ဘေးတွင်လှန်လျက်သား။ အမားလ်သည် မှတ်စုစာအုပ်ကလေးကို ကိုင်ကာ ချာရု ကို လှန့်ရန် အခန်းထဲသို့ တိတ်တဆိတ် ဝင်လာခဲ့သည်။ အနားသို့ရောက်သည့်အခါတွင် ဝေဖန်ချက်ပါသည့် "ဝိသွာဘဝန္တု" သတင်းစာကို ရှေ့တွင်ချကာ အတွေးထဲ တွင် နစ်မြုပ်နေသော ချာရုကို တွေ့ရသည်။ အမားလ် သည် ပို၍ပင် တိတ်ဆိတ်စွာဖြင့် အခန်းထဲမှ ထွက် လာခဲ့သည်။ ဝေဖန်ရေး ဆရာက ငါ့ကို ဆော်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချီးကျူးထားတော့ ကျေနပ်နေမှာပေါ့ ဟု တွေးလာသည်။ သူသည် ချက်ချင်း စိတ်ဆိုးသွား၏။ ချာရသည် ဝေဖန်ချက်ကို ဖတ်ပြီး ဆရာထက် လက်စောင်းထက်နေပြီ ဟူသော အထင်ဖြင့် ကျေနပ်နေလိမ့်မည်။ တွေးလိုက်တိုင်း သူစိတ်နာသည်။ တကယ်ဆိုလျှင် ထိုဆောင်းပါးကို ဆုတ်ဖြဲပြီး မီးဖိုထဲထည့်လိုက်ဖို့ ကောင်းသည်။

သူသည် ချာရကို စိတ်ဆိုးကာ မန္တာတို့ အခန်းဆီသို့ လာခဲ့ပြီး "မန္တာရေ၊ မန္တာ" ဟု ခေါ်သည်။

"လာလေ ကြည့်စမ်း၊ မပင့်ခေါ်ဘဲနဲ့ ရောက်လာတယ်။ ကံကောင်း လိုက်တာ"

"ကိုယ်ဆောင်းပါး အသစ်တပုဒ် ရေးထားတယ်၊ နားထောင်ကြည့်မလား"

"အမယ်လေး၊ တော်ပါတော့၊ ဖတ်ပြမယ် ပြောတာ ဘယ်နှစ်ခါ ရှိပြီလဲ၊ တစ်ခါမှလည်း ဖတ်မပြဘူး၊ ကဲ ဖတ်ပြ၊ ဘယ်သူနဲ့ စိတ်ကောက်လာပြန်ပြီလဲ၊ စိတ်ကောက်ရင်ခံပေါ့၊ ကိုယ်တို့နဲ့ ဘာဆိုင်တာမှတ်လို့"

အမားလ်မှာက ခပ်အောင့်အောင့်ဖြင့်

"ဘာဖြစ်လို့ စိတ်ကောက်ရမှာလဲ၊ ဘယ်သူ့ကို စိတ်ကောက်ရမှာလဲ၊ ကဲပါ၊ ဖတ်ပြမယ်၊ နားထောင်"





မန္တာက ကိုယ်ရှိန်သတ်လိုက်ပြီး သူ့အနီးတွင် ဝင်ထိုင်သည်။ အမားလ်က သူ့ဆောင်းပါးကို ဩာန်ကရိဏ်းကျကျဖတ်ပြသည်။ ရေးသည့်အကြောင်းအရာမှာ သူမအဖို့ လုံးဝအသစ်အဆန်းဖြစ်နေသည်။ စာထဲက ၂ ပါသည့်အကြောင်းအရာတွေကို ကောင်းကောင်းနားမလည်။ ထို့ကြောင့် မန္တာသည် ဘုမသိ ဘမသိဝမ်းမြောက် ဝမ်းသာ ပြုံးရင်း စိတ်အား ထက်သန်သည့်ပုံ နားထောင်နေသည်။ အမားလ်ကလည်း အားတက်လာသဖြင့် အရှိန်ရပြီး အသံမြင့်လာသည်။

"မီခင်၏ ဝမ်းကြာတိုက်မှ ထွက်လာခဲ့စဉ်က အဘိမာယုသည် မည်သို့ စစ်တိုက်ရမည်ကို သိ၏။ သို့ရာတွင် မည်သို့ ဆုတ်ခွာရမည်ကို မသိချေ။ ထို့အတူပင် မြစ်ရေယဉ်သည်လည်း ကျောက်ဆောင်ကျောက်ကြား ဝမ်းကြားတိုက်မှ ထွက်လာခဲ့စဉ်က ရှေ့သို့မည်သို့ မည်ပုံ အဟုန်ပြင်းစွာ စီးဆင်းရမည်ကို သိသော်လည်း မည်သို့ ပြန်၍ စီးရမည်ကို မသိချေ။ အို စီးဆင်းသော မြစ်အယဉ်အတိုင်းပါတကား။ နုနယ်ပျိုရွယ်မှုလည်း ဤနည်းအတိုင်းပါတကား။ အကျွန်ုပ်တို့ ခေတ်ကြီးလည်း ဤနည်းအတိုင်းပါတကား၊ လောက ကြီးသည်လည်း ဤနည်းအတိုင်းပါတကား။ လှိုင်း



www.burmeseclassic.com

www.burmeseclassic.com



သည် ရှေ့သို့သာ သွားတတ်ကြ၏။ နောက်သို့ မဆုတ်တတ်ချေ။ နောက်ကျန်ရစ်ခဲ့သည့် လမ်းပေါ်တွင်မူ အောက်မေ့ဖွယ် ခြေမှုန်ကလေးများသာ ပြန့်ကြဲကျန်ရစ်ခဲ့ ကြလေသည်။ လူ့နှလုံးသားကသာလျှင် နောက်သို့ပြန်ကြည့် တတ်ပေ၏။ အစဉ်အမြဲစီးဆင်း၍ ဥပေက္ခာပြုတတ်ကာ စကြဝဠာကြီးကား ထိုသို့ မဟုတ်ချေ။

အမားလ်က သူ့ဆောင်းပါးကို ဆက်ဖတ်နေသည်။ မန္တာ၏ အခန်းဝတွင် အရိပ်တစ်ခု ပေါ်လာသည်။ မန္တာမြင်သော်လည်း မမြင်ယောင်ပြုကာ အမားလ်၏ မျက်နှာကို မျက်တောင်မခတ်မိဘဲ ရွှန်းရွှန်းစားစား ကြည့်ကာ နားထောင်လျက်ရှိလေ၏။ အရိပ်သည် ချက်ချင်းအဝေးသို့ ရွေ့သွားသည်။

ချာရုသည် အမားလ်ကို စောင့်လျက်ရှိ၏။ တွေ့လျှင် မိမိတို့ ရေးထားသည့် ဆောင်းပါးကို တစ်ခြားစာစောင်တွင် မထည့်ဟူသော ကတိကို ဖောက်ဖျက်သဖြင့် ရန်ထောင်မည်ဟု စိတ်ကူးထားသည်။ အမားလ်ကမူ ပေါ်မလာပါ။ သူမပင် ဆောင်းပါးတစ်ပုဒ်ရေးပြီး နေလေပြီ။ ဆောင်းပါးကို ဖတ်မည့်သူမရှိ။ သို့ရာတွင် ခပ် လှမ်းလှမ်းရှိ မန္တာ၏ အခန်းမှ သူ စာဖတ်နေသံကို ကြား လိုက်ရသည်။ နှလုံးသားကို မြှားချက်ထိသည့်နှယ် ချာရု သည် ရှန်းကန်ထလိုက်၏။ အသံမပေးပဲ မန္တာ၏ အခန်းတံခါးဆီသို့ လာခဲ့သည်။ သူ့စိတ်ထဲ၌ အမားလ် သည် မန္တာကို စာဖတ်ပြနေသည်မထင်၊ စကားတွေ ဖောင်ဖွဲ့နေသည်ဟု ထင်လိုက်၏။



ချာရုသည် သူ့အခန်းကို ဣန္ဒြေရရပင် ပြန်မလာနိုင်တော့။ ထိုနေ့တစ်နေ့လုံး ထိုးနှက်ချက်များသည် သူ့ထံသို့ တစ်ခုပြီး တစ်ခု ရောက်လာကြသည်။ မန္တာက တစ်လုံးမျှ နားမလည်သည့်တိုင် ပီတိတွေ ဖြစ်နေသည်။ အမားလ်ကလည်း ကိုယ်အသံ ကိုယ် သဘောကျသည့် အရူးတစ်ယောက်လို ပီတိတွေ ဖြစ်နေသည်။ ချာရုအော်ငိုပစ်လိုက်ချင်သည်။ ချာရုသည် တတ်နိုင်သမျှ ထိန်းသိမ်းပါသည်။ သို့ရာတွင် သူမ၏ ပြင်းထန်သော ခြေလှမ်းများသည် သူ့ခံစားချက်များကို ထုတ်ဖော်ကြေငြာ နေသကဲ့သို့ ရှိ၏။

ချာရုသည် သူ့အခန်းသို့ ပြန်လာခဲ့ကာ တံခါးကို ဆောင့်ပိတ်လိုက်သည်။

အမားလ်က စာဖတ်ပြသည်ကို ခဏရပ်လိုက်၏။ မန္တာက ရယ်၍ ချာရု၏ အခန်းကို မေးငေါ့ပြသည်။

"အစ်မဟာ ဘာဖြစ်လို့များ အနိုင်ယူချင်ရ




www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ ငါကို သူ့က ထာဝရ ကျွန်ကြီး အောက်မေ့နေသလား မသိဘူး။ တစ်ခြားလူကိုကော စာ မဖတ်ပြရတော့ဘူးလား။ သူတစ်ယောက်တည်းကိုပဲ ဖတ်ပြနေရတော့မှာလား။ တော်တော်စိတ်ပျက်ဖို့ ကောင်းပါကလား” ဟု တွေးနေမိသည်။

အမားလ်သည် ပို၍ ကျယ်လောင်စွာဖြင့် စာဆက်ဖတ်နေသည်။ စာဖတ်ပြီးသည့် အခါတွင် ချာရ၏ အခန်းရှေ့မှ ဖြတ်လာခဲ့သည်။ လှမ်းကြည့်လိုက်သည့် အခါတွင် တံခါးပိတ်ထားသည်ကို တွေ့ရလေ၏။

ချာရသည် အမားလ်၏ ခြေသံကို သိလိုက်၏။ သူ့အခန်းနားတွင် မရပ်ဘဲ ဆက်လျှောက်သွားသည်ကိုလည်း သိလိုက်၏။ ချာရသည် ဝမ်းနည်းလာကာ မျက်ရည်တွေ ကျလာသည်။ ချာရသည် သူမ ရေးထားသည့် ဆောင်းပါးကို ကောက်ယူကာ စာရွက်များကို တစ်ရွက်ချင်း အစိတ်စိတ်အမွှာမွှာ ဆုတ်ပြဲပြီး နောက် ပုံထား၍ ပိုက်သည်။ စာရေးချင်သည့် ဝါသနာ ကပ်လာသည်မှာ သူအဖို့ ကြမ္မာဂြိုဟ်ဆိုး ဝင်သည့်နှယ်။





၈

ဆည်းဆာချိန်ဖြစ်၏။

ဝရန်တာဘက် ပန်းအိုးများဆီမှ စံပါယ်နံ့သည် ထုံနေအောင် လွှင့်နေ၏။ ညနေခင်း အိမ်မျက်နှာကျက် အပေါက်အပြဲတွေကြားမှ ကြယ်ကလေးများသည် တစ်လုံးစ နှစ်လုံးစ ထွက်လာကြသည်။ ထိုနေ့က ချာရသည် အဝတ်အစားလည်း မလဲ။ ဆံပင်ကိုလည်း ပြင်ဆင်ခြင်း မရှိ။ သူမသည် ပြတင်းပေါက်အနီး အမှောင်ထဲတွင် ထိုင်နေမိသည်။ ပြေးလွှားသွားသော လေညင်းကလေးသည် ဖရိုဖရဲ ဖြစ်နေသည့် သူ့ဆံပင်များကို ပွသွား၏။ မျက်ရည်များသည် ဖြိုင်ဖြိုင်ကျလာ ကြသည်။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ရှာမရပါ။

ထိုစဉ် ဘူပတိရောက်လာသည်။ သူ့ကို ကြည့်ရ သည်မှာ သောကကြောင့် ပင်ပန်းနွမ်းနယ်နေဟန် တူ သည်။ ခါတိုင်းဆိုလျှင် သည်အချိန် ပြန်မရောက်သေး။ စာရေးစရာတွေရေး၊ ပရုဖတ်ပြီးမှ အတွင်းခန်းဘက်သို့ လာလေ့ရှိ၏။ ယနေ့တော့ အပန်းဖြေ သက်တောင့် သက်သာ နေချင်ပုံရသည်။

အခန်းထဲတွင် မီးထွန်းမထားပါ။ ခပ်ဖျော့ဖျော့ ဆည်းဆာရောင်ထဲတွင် ပြတင်းပေါက်အနားရှိ ချာရကို မြင်ရသည်။ သူသည် သူမဆီသို့ ဖြည်းညင်းစွာ လျှောက် လာခဲ့သည်။ ခြေသံကြားသော်လည်း ချာရ လှည့်မကြည့် ပါ။ ကျောက်ရုပ်ကြီး တစ်ရုပ်နှင့် တူနေပါ၏။ ဘူပတိမှာ အံ့အားသင့်နေသည်။

"ချာရ"

ရုတ်တရက် လန့်သွားသဖြင့် ချာရ လျင်မြန်စွာ ထလိုက်သည်။ ဘူပတိသည် သူမ၏ အတွေးများနှင့် အားနေ၏။ ဘူပတိက သူမ၏ ဆံပင်များကို လက် ချောင်းများဖြင့် ဖွ၍ ပွတ်သပ်ပေးရင်း

"ဘာဖြစ်လို့ မှောင်ကြီးထဲမှာ ထိုင်နေတာလဲကွယ် မန္တာကော"





ထိုနေ့တစ်နေ့လုံး သူမမျှော်လင့် တောင့်တခဲ့ရ သည်။ သို့ရာတွင် သူမမျှော်လင့်ချက်တွေ တစ်ခုမှ မပြည့်ဝပါ။ အမားလ်သည် သူ့ထံရောက်လာကာ သူ့ ကို တောင်းပန်မည်လားဟု သူမစောင့်ခဲ့သည်။ ပေါ် လာသူက ဘူပတိ။ ထိုအခါတွင် သူ မချုပ်တည်းနိုင် တော့။ အားရပါးရ ငိုချလိုက်သည်။ ဘူပတိက စိုးရိမ် တကြီးဖြင့် "ချာရ ဘာဖြစ်လို့လဲဟင်" ဟုမေး သည်။

ဘာဖြစ်သည် ဆိုသည်ကို ပြောရသည်မှာ ခက် ပါသည်။ တကယ်တော့ ဘာများဖြစ်ခဲ့ပါသနည်း။ ဘာ မှုဖြစ်သည်ဟု မပြောနိုင်။ အမားလ်သည် သူ့ဆောင်း ပါးသစ်ကို သူ့အားဖတ်မပြဘဲ မန္တာကို ဖတ်ပြခဲ့သည်။ သည်အကြောင်းကို ဘူပတိကို ပြော၍ ဖြစ်မည်လား။ ဘူပတိက ရယ်ပစ်ပေလိမ့်မည်။ တောင်ပို့ကို ဟိမဝန္တာ လုပ်နေ၍ မဖြစ်။ မပြောဘဲနေသည်က ပို၍ ကောင်း မည်။ သို့ဖြစ်လျှင် ဘာကြောင့်များ စိတ်ညစ်နေရသ နည်း။ သူ့ဘာသာသူ ဘာ့ကြောင့် စိတ်ထိခိုက်မှန်း မသိသည့်အခါတွင် ပို၍ပင် စိတ်ဆင်းရဲရသည်။

"ဘာဖြစ်လို့လဲဟင် ချာရ။ ဘာလဲ။ အစ်ကို ဘာများ ပြောမိလို့လဲ၊ သတင်းစာအတွက် အစ်ကို စိတ်ညစ်နေမယ်ဆိုတာ ချာရလည်း သိသားပဲကွာ၊ ပြော



www.burmeseclassic.com

www.burmeseclassic.com



မိရင်လည်း စိတ်ထဲက ရှိလို့ ပြောတာ မဟုတ်ပါဘူး”

ချာရုမှာ ပို၍ စိတ်ဆိုးလာသည်။ သူ့အမေး အတွက် ဖြေစရာမရှိသောကြောင့် စိတ်ဆိုးခြင်း ဖြစ်ပါသည်။ သူမြန်မြန်ထွက်သွားလျှင် ပို၍ ကောင်းပေလိမ့်မည်။

ချာရုက ဘာမျှ မဖြေသည့်အခါတွင် ဘူပတိက

“အစ်ကိုလည်း မင်အနားမှာ အမြဲမနေနိုင်ဘူးကွယ်၊ အစ်ကို့အပြစ်ပါ။ နောင်မှာ ဒီလို မဖြစ်စေရပါဘူး။ ဒီနေ့ကစပြီး နေ့ရော ညရော သတင်းစာနဲ့ပဲ အချိန်မကုန်တော့ပါဘူး။ မင်းစိတ်တိုင်းကျ မင်းအနားမှာ နေပါ့မယ်”

“ဒါ့ကြောင့် မဟုတ်ပါဘူးရှင်” ဟု ချာရုက စောင့် အင့်အင့် ပြောသည်။

“နို့ ဒါဖြင့် ဘာ့ကြောင့်လဲ”

ဘူပတိက ခုတင်ပေါ်တွင် ဝင်ထိုင်သည်။

“ခု မပြောသေးပါဘူး၊ ညကျမှ ပြောမယ်”

သူက အတန်ကြာ တိတ်ဆိတ်နေသည်။

“ဟုတ်ပြီလေ၊ ခုတော့ ဒါတွေတွေးမနေပါနဲ့၊ နောက်မှ ပြောတာပေါ့”

သူသည် လေးကန်စွာထကာ အပြင်သို့ ထွက်





သွား၏။ သူပြောစရာရှိသည်တို့ကို ယခု မပြောရတော့ပြီ။ ဘူပတိ တော်တော် စိတ်ပျက်သွားပုံရသည်ကို ချာရုသတိ ပြုလိုက်မိသည်။ သူ့ကို ပြန်ခေါ်လိုက်ရမလားဟု စိတ်ကူးမိသေးသည်။ သို့ရာတွင် ဘာပြောမည်နည်း။ သူမသည် နောင်တရသလို ဖြစ်မိသော်လည်း မည်သို့ သံဝေဂယူရမည်ကို မသိဘဲ ဖြစ်နေသည်။

ညရောက်လာ၏။ သူမသည် ဘူပတိအတွက် ညစာကို ဂရုတစိုက် ပြင်ဆင်ပေးပြီး ယပ်ထောင်တစ်ချောင်းဖြင့် ဘေးမှ ထိုင်၍ ယပ်ခတ်ပေးနေသည်။ ထိုစဉ် မန္ဒာ၏ အသံစူးစူးကို ကြားရသည်။

“ဘရာဂျာ၊ ဘရာဂျာရေ”

အိမ်ထဲက ပြန်ထူးသည့်အခါတွင်

“နင်တို့ အစ်ကိုလေး ထမင်းစားပြီးပြီလား”

ဘရာဂျာက စားပြီးကြောင်း ဖြေသည်။

“ဟဲ့ စားပြီးရင် ကွမ်းယာပေးဦးလေ”

မန္ဒာသည် ဘရာဂျာကို မာန်မဲနေသည်။

ထိုစဉ် ဘူပတိသည် အခန်းထဲသို့ ဝင်လာကာ ထမင်းစားပွဲတွင် ထိုင်သဖြင့် ချာရုက ယပ်ခတ်ပေးနေသည်။ ထမင်းစားပွဲတွင် ပျော်စရာ ရွှင်စရာတို့ကိုသာ ပြောမည်ဟု စိတ်ကူးထား၏။ ထို့ကြောင့် စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ရန် ဟန်ပြင်သည်။ သို့ရာတွင် မန္တာ၏ အသံကြောင့် သူ့စိတ်ကူးသည် လွင့်ပြယ်သွား၏။ ဘာစကားမျှ မပြောနိုင်တော့ပြီ။ ဘူပတိကလည်း စကားတစ်လုံးမျှ မပြောဘဲ သူ့အတွေးနှင့်သူ ဖြစ်နေသည်။ ထမင်းစားတော့လည်း နည်းနည်းသာ စားသည်။

"ထပ်ထည့်ဦးမလား" ချာရုက မေးသည်။

"တော်ပြီ" ဟု ဘူပတိက ဖြေသည်။

သူတို့ အိပ်ခန်းသို့ ရောက်သည့်အခါတွင် ဘူပတိက

"ဒီနေ့ည အစ်ကို့ကို ပြောစရာရှိတယ်ဆို"

"ဟုတ်တယ်။ မန္တာကို ကျွန်မ ကြည့်နေတာ ကြာလှပြီ။ သူနေတာ ထိုင်တာ သိပ်အချိုးမကျဘူး။ ဒီမှာ ထားရတာတောင် ခပ်လန့်လန့်ဖြစ်လာပြီ။

"ဘာဖြစ်လို့လဲ၊ သူဘာလုပ်လို့လဲ"

"အမားလ်နဲ့ ဆက်ဆံပုံက တစ်မျိုးပဲ"

ဘူပတိက ထိုကိစ္စကို ရယ်စရာ အဖြစ်သဘောထားသည်။

"ဖြစ်မှ ဖြစ်ရလေကွယ်၊ စိုးရိမ်စရာမရှိတာကို စိုးရိမ်နေတယ်။ အမားလ်က ချာတိတ်ပဲကွ၊ ဒီနေ့ ခေတ်မှာ လူငယ်ဆိုတာ"





"အိမ်မှာ ဘာဖြစ်နေသလဲဆိုတာ ရှင်မသိပါဘူး။ ရှင့်ကိစ္စနဲ့ရှင် အပြင်မှာ အချိန်ကုန်နေတာ။ ကျွန်မက သူ့ယောက်ျားအတွက် စိတ်မကောင်းလို့ ပြောနေတာ။ ယောက်ျား ဘယ်လိုနေသလဲ ဘာလဲဆိုတာ မန္တာတစ်ချက်ကလေးမှ ဂရုမစိုက်ဘူး။ ဒါပေမယ့် အမားလ်ကျတော့ ဂရုစိုက်လိုက်တာ။ ကွမ်းယာထဲမှာ ထုံးမထည့်မိရင် အစေခံတွေကို ဆူလိုက်တာ ပွက်လောကို ရိုက်နေတာပဲ"

"မင်းတို့ မိန်းမတွေဟာ တယ်လည်း သင်္ကာမကင်း ဖြစ်တတ်ကြတာကိုး"

"သိဘူးတော်၊ ဟုတ်ချင်ဟုတ်မှာပေါ့၊ ဒါပေမယ့် ကျွန်မအိမ်ထဲမှာ ဒီလို အရှက်မရှိ ပြောဆို ဆက်ဆံနေတာမျိုးကိုတော့ သည်းမခံနိုင်ဘူး"

ဘူပတိမှာ စိတ်ထဲက ကျိတ်၍ ရယ်နေမိသည်။ ထိုသို့သော အခြေအမြစ် မရှိသည့် စိုးရိမ်သောကမျိုးကို ကြည့်ရသည်မှာ တကယ်လည်း ရယ်စရာကောင်းသည်။ အိမ်ဆိုသည်မှာ အထွတ်အမြတ်နေရာ။ အိမ်ထောင်ရေးဆိုသည်မှာလည်း အပြစ်ကင်းသည့်ကိစ္စ။ ထို့ကြောင့် ယုံထင် ကြောင်ထင်အထင်မျိုးဖြင့် မညစ်နွမ်းစေရ။ ထိုအထဲတွင် သန့်ရှင်း၍ အပြစ်ကင်းသည့် အိမ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဇနီးက ကွပ်ကဲထိန်းသိမ်းသည်ဆိုလျှင် အိမ်ထောင်ရေး၏ သန့်ရှင်းမှုသည် ဆိုဖွယ်မရှိတော့။

ဘူပတိသည် ချစ်သည်ရော၊ လေးစားသည်ရော ခံစားချက်နှစ်မျိုးဖြင့် သူ့ဇနီး ချာရု၏ နဖူးကို ခပ်ဖွဖွ နမ်းကာ

"ဒါ့အတွက်တော့ ဒီလောက် မပူပါနဲ့တော့ကွာ။ ဥမာပဒါလည်း မိုင်မင်ဆင်းမှာ ရှေ့နေလိုက်တော့မှာပါ။ အဲဒီတော့ သူမိန်းမကို သူခေါ်သွားမှာပေါ့"

ဘူပတိသည် သူ့သောကအတွက်ရော၊ မနှစ်မြို့စရာ ဆွေးနွေးပွဲကိုရော မေ့ပျောက်ပစ်ချင်လှပြီ။ သူသည် စာပွဲပေါ်မှ စာအုပ်ကလေးကို ကောက်ယူကာ

"ကဲ၊ မင်းဆောင်းပါးကလေးကို ဖတ်ပြပါဦး"

ချာရုက ဆွဲယူလိုက်ကာ

"အို ရှင်ကြိုက်မှာ မဟုတ်ပါဘူး။ ပြီးတော့ လှောင်ဦးမှာ"

ဘူပတိ စိတ်မကောင်းဖြစ်သွား၏။ သို့ရာတွင် အပြုံးဖြင့်ဖုံးလိုက်ကာ

"မလှောင်ပါဘူးကွာ၊ ကတိပေးပါတယ်။ ငြိမ်ငြိမ်ကလေးနားထောင်ပါ့မယ်"

သို့ရာတွင် ဘူပတိဆန္ဒ မပြည့်ပါ။ မကြာမီ မှတ်စုစာအုပ်ကလေးနှင့် စာရွက်များသည် အိပ်ရာခင်းများအောက်တွင် ပျောက်ကွယ်သွားခဲ့သည်။





၉

ချာရုကို ဘူပတိ ပြောသည့် ကိစ္စတွေ အများကြီး ရှိသည်။

ထိုကိစ္စမှာ သတင်းစာတိုက် မန်နေဂျာလုပ်နေသည့် ဥမာပဒါနှင့် ဆိုင်သည်။ သတင်းစာပေးငွေများကို ထိန်းသိမ်းရခြင်း၊ ပုံနှိပ်ခနှင့် ဖြန့်ချိခများကို ပေးရခြင်းသည် ဥမာပဒါ၏ တာဝန်ဖြစ်သည်။ မကြာသေးမီကမှ စက္ကူဆိုင်မှ ရှေ့နေ၏ နို့တစ်စာကို ရသဖြင့် ဘူပတိ အံ့သြသွားသည်။ သူ့တိုက်မှ စက္ကူဆိုင်သို့ ပေးရန် ကြွေး ၂၇၀၀ ကျန်နေသဖြင့် နို့တစ်ပေးသော စာဖြစ်သည်။

ဘူပတိသည် ဥမာပဒါကို ခေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒီနို့တစ်စာက ဘာလဲကွ၊ မင်းကို စက္ကူဘိုးငွေ ပေးပြီးပြီ မဟုတ်လား။ ကျန်ရင်လည်း လေးငါးရာပေါ့"

"မှားတွက်မိလို့ ထင်တယ်"

ဥမာပဒါက ပြောသည်။

သို့ရာတွင် ဥမာပဒါသည် ကြာကြာမဖုံးနိုင်ပါ။ ငွေအတွက် သူအလွဲသုံးစား လုပ်နေခဲ့သည်မှာ ကြာလှပြီ။ စက္ကူဆိုင်ကိုသာ အကြွေးမဆပ်သည် မဟုတ်။ သူ့ရွာတွင် ဆောက်နေသည့် အုတ်တိုက်ကလေးအတွက်လည်း ဆောက်လုပ်ရေး ပစ္စည်းများကို ဘူပတိ နာမည်ဖြင့် အကြွေးယူထားသေးသည်။

နောက်ဆုံးဖြင့်၍ မရတော့သည့်အခါတွင် ဥမာပဒါက လေသံပြင်းပြင်းဖြင့်

"ကျွန်တော်ထွက်ပြေးနေတာ မဟုတ်ဘူးဗျ၊ ခင်ဗျားကြွေးကို အရစ်ကျ ဆပ်သွားမယ်။ တစ်ပြားမှ မကျန်စေရဘူး။ ခင်ဗျားကြွေးကို မပေးနိုင်ရင် ဥမာပဒါ ဆိုတဲ့ နာမည်ကို ဖျက်ပစ်လိုက်မယ်"

သူက နာမည် အပျက်မခံဟု ဆိုသည့်တိုင် ဘူပတိ စိတ်လက်မအေးနိုင်ပါ။ ငွေဆုံးရှုံးသည်ကအကြောင်း မဟုတ်သေး။ အိမ်ထဲမှ အထွက် ခြောက်ကမ်းပါးကြီး ထဲသို့ ကျသွားသလို သစ္စာမဲ့မှုကြီးကို ရုတ်တရက် တွေ့





လိုက်ရသည်က ပို၍ စိတ်ထိခိုက်ရသည်။ ထို့ကြောင့် စောစောစီးစီး သူအိပ်ရာဝင်ခဲ့ခြင်း ဖြစ်၏။ လောကကြီးတွင် စိတ်ချယုံကြည်ရမည့် နေရာကလေးတစ်ခု ရှိမည်ဟု သူမျှော်လင့်ခဲ့သည်။ သည်ရောက်တော့ ချာရုက သူ့ကိစ္စနှင့်သူ စိတ်ညစ်ကာ မှောင်ကြီး မည်းကြီးထဲတွင် ထိုင်နေသည်ကို တွေ့ရ၏။

နောက်တစ်နေ့တွင် ဥမာပဒါသည် မီမင်းဆင်းသို့ ပြန်တော့မည်ဖြစ်၏။ သတင်းတွေ ဈေးထဲမှာ ဟိုးလေးတကြော် မဖြစ်ခင်သည်က မြန်မြန် ထွက်သွားချင်သည်။ ဘူပတိမှာ စကားပင်ဟဟ မပြောချင်တော့ပြီ။ သူစကား မပြောသည့် အခါတွင် ဥမာပဒါကလည်း ဟန်ကျလိုက်လေဟု စိတ်သက်သာရာ ရသွားသည်။

"ခု အစ်မတို့ ဘာလုပ်နေကြတာလဲ၊ အထုပ်အပိုးတွေ ပြင်လို့ပါလား" အမားလ်က မန္ဒာကို မေးသည်။

"ဒီလိုပေါ့ မောင်လေးရယ်၊ လောကကြီးမှာ ဘာမှ မမြဲဘူး။ မဟုတ်လား"

"ဘယ်ကို သွားမှာလဲဟင်"

"ရွာကို ပြန်တော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ ဒီမှာ ဘာဖြစ်လို့ မနေတာလဲ"

"အစ်မအဖို့တော့ ဘာမှ မဖြစ်ပါဘူး။ မောင်လေးတို့နဲ့ ဒီမှာ နေရတာ ပျော်ပါတယ်။ ဒါပေမယ့် တစ်ချို့က သိပ်မကြိုက်ကြဘူးလေ"

မန္တာက အရိပ်ပြသည့် အနေဖြင့် ချာရှ၏ အခန်းဆီသို့ လှမ်းကြည့်သည်။

အမားလ်သည် စိတ်ညစ်သွားကာ တိတ်ဆိတ်နေသည်။ မန္တာက သက်ပြင်းချ၏။

"ဟုတ်တယ်။ အစ်မစိတ်မကောင်းဘူး။ မင်း အစ်ကို လုပ်ပုံကြောင့် ရှက်လည်း ရှက်တယ်"

အမားလ်လည်း နောက်ထပ် စကားမပြောမိတော့။ ချာရှသည် မိမိနှင့် မန္တာတို့အကြောင်း မဟုတ်တန်းတရားများကို သူ့အစ်ကို ဘူပတိအား သွားပြောလိမ့်မည်ဟု အမားလ် တွက်လိုက်သည်။ သူသည် အိမ်မှ ထွက်လာကာ လမ်းမတွင် လျှောက်သွားနေသည်။ အိမ်ကိုလည်း မပြန်ချင်တော့ပြီ။ ဘူပတိသည် ချာရှ၏ စကားကို အဟုတ်ထင်ကာ သူ့ကို အပြစ်မြင်သွားခဲ့လျှင် သူလည်း မန္တာလိုပင် အိမ်ပေါ်မှ ဆင်းရတော့မည် ထင်သည်။ ထုတ်၍တော့ မပြောဖြစ်ပါ။ သူ့လမ်းသည် ရှင်းနေပြီ။ နောက်ထပ် တစ်မိနစ်မျှ မနေသင့်တော့ပြီ။ သို့ရာ





တွင် ဘူပတိသည် သူဆထိသလို တကယ်ပင် သူ့အပေါ်တွင် အထင်လွဲနေပြီလော။ ဘူပတိသည် သူ့ကို အကြွင်းမဲ့ ယုံကြည်သည်။ သူ့ကို စောင့်ရှောက်ခဲ့သည်။ သူ့အပေါ်တွင် သစ္စာမပျက်ကြောင်း ဘူပတိ သိအောင်မည်သို့ ပြောရမည်နည်း။ သည်အိမ်မှ ထွက်ရမည်ဆိုလျှင်လည်း ဘူပတိကို အကျိုးအကြောင်း ရှင်းပြပြီးမှ ထွက်ချင်သည်။

ထိုအချိန်၌ ဘူပတိသည် ခေါင်းကို လက်နှစ်ဘက်ဖြင့်အုပ်ရင်း ဆွေမျိုးတွေ ကျေးဇူးကန်းတတ်ကြပုံ၊ အကြွေးရှင်တွေ အကြွေးတောင်းကြပုံ၊ သူ့စာရင်း စာအုပ်တွေ စည်းကမ်းမရှိဖြစ်နေပုံ၊ သူ့ပိုက်ဆံ သေတ္တာဟောင်းလောင်းဖြစ်နေပုံတို့ကို တွေးနေမိသည်။ သူ့တွင် သောကတွေကို ခွဲဝေခံစားပေးမည့်သူ မည်သူမျှ မရှိ။ တိုက်ပွဲကို သူတစ်ယောက်တည်း တိုက်ရလေတော့မည်။ ကြွေးမြီနှင့် သောကတွေထဲတွင် စုန်းစုန်းမြုပ်ရတော့မည်။ ထိုစဉ် အမားလ်သည် အခန်းထဲသို့ ဗြုန်းဗြုန်း ဒိုင်းဒိုင်း ရောက်လာသဖြင့် လန့်သွားသည်။

"ဘာဖြစ်လို့လဲ အမားလ်"

အမားလ်သည် နောက်ထပ် စိတ်ညစ်စရာ တစ်ခုကို ယူလာပြန်ပြီ ဟု သူထင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“အစ်ကို၊ ကျွန်တော့်အပေါ်မှာ ဘာမှ သံသယ ဖြစ်တာ မရှိဘူးနော်”

ဘူပတိမှာ အံ့အားသင့်သွား၏။

“ဘာ သံသယလဲကွ”

ဩော်လောကကြီးသည် မမြဲပါတကား။ တစ်နေ့တွင် အမားလ်အပေါ်တွင်လည်း သူသံသယရှိနိုင်သည်သာ။

“အစ်မက ကျွန်တော်နဲ့ ပတ်သက်လို့ ဘာမှ မပြောဘူးလား”

တော်သေးရဲ့ဟု ဘူပတိ အောက်မေ့ကာ စိတ်သက်သာရာ ရသွားသည်။ အမားလ်သည် သူ့ကိုလာပြီး နောက်ပြောင်နေခြင်း ဖြစ်သည်ဟု တွက်လိုက်သည်။ မင်္ဂလာစကား တစ်ခုဟု ထင်ခဲ့သော်လည်း ဘာမျှ မဟုတ်သဖြင့် တော်သေးသည်။ သို့ရာတွင် အရေးကိစ္စ ကြုံလာလျှင် အသေးအဖွဲကလေးများကိုလည်း ဂရုစိုက်ရမည် မဟုတ်လော။ သူ့ဘဝတွင် အောက်ခြေမှ စ၍ ယိမ်းယိုင်၍ ပြိုလဲနေချိန်၌ တံတားကို စိတ်တည်တည် ငြိမ်ငြိမ်ဖြင့် လျှောက်ဖို့လိုသည်။ ခါတိုင်းဆိုလျှင် ဘူပတိသည် ထိုစကားကြောင့် အပြောင်အပျက်တွေ ပြောမိပေလိမ့်မည်။ ယခုတော့ မပြောနိုင်ပါ။





“တော်စမ်းပါကွာ၊ အရူးမဟုတ်၊ အကောင်း မဟုတ်”

“အစ်မက ဘာမှ မပြောဘူးလား”

“ဘာလဲ၊ သူက မင်းကို ဘာပြောလို့လဲ၊ ပြောရင်လည်း ချစ်လို့ ပြောတာပါကွာ။ စိတ်ဆိုးစရာ မဟုတ်ပါဘူး”

“ကျွန်တော် တစ်ခြားမှာသွားပြီး အလုပ်ကလေး ဘာလေး ရှာရမလားလို့”

“အမားလ်ရယ်၊ မင်းဟာ ကလေးဆန်တုန်းပဲ ကိုး၊ မင်းပညာရေးကိုသာ ဂရုစိုက်စမ်းပါ။ နောင်ကျရင် ဘယ်မှာဖြစ်ဖြစ် အလုပ်ရနိုင်ပါတယ်”

အမားလ်သည် စိတ်ပျက်လက်ပျက်ဖြင့် ထွက်သွားသည်။ ဘူပတိမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရင်း သတင်းစာလပေးနှင့် ငွေကြိုတင်သွင်းသူများ၏ စာရင်းနှင့် သုံးနှစ်စာ လစာငွေများကို တွက်ချက် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

အမားလ်သည် ချာရကို မျက်နှာချင်းဆိုင်တွေ့ဆုံကာ ပြဿနာကို တိတိကျကျ ရှင်းရန် ဆုံးဖြတ်လိုက်သည်။ သူသည် ပြင်းထန်သည့် စကားလုံးများကို ရှာ၍မနှာမရှိတော့သည့် အခါတွင် ချာရကလည်း သူကိုယ်တိုင် အမားလ်ကို အခေါ်လွှတ်ကာ ကျေအေးရန် စိတ်ကူးထားသည်။ ဆောင်းပါးတစ်စောင်အသစ် ရေးပြီး ထိုဆောင်းပါးကို အကြောင်းပြကာ ပြန်၍ ဆက်လျှင် အကောင်းဆုံး နည်းဖြစ်သည်။ ထို့ကြောင့် ချာရသည် အမားလ်ကို အတုခိုးကာ "လမိုက်သောည၏ အလင်းရောင်" ဆိုသည့် ဆောင်းပါးတပုဒ်ကို ရေးသည်။ သူရေး





ဟန်ကို အမားလ် ဂရုစိုက်မည် မဟုတ်ကြောင်းကို သူမ သိသည်။ ဆောင်းပါးထဲ၌ ရှိသမျှ အလင်းကို ချက်ချင်း ထုတ်ပြသော လပြည့်ဝန်းကြီးကို အပြစ်တင်ထား သည်။

"လမင်း၏ ဆန်းသစ်ချိန် တစ်ဆယ့်ခြောက်ဆင့်၏ ရွှန်းလင်းတောက်ပသော အလင်းကို ဆန်းသစ်စလ၏ နက်ရှိုင်းသော အမှောင်ထဲတွင် ဖုံးကွယ်ထားခဲ့သည်။ ထို့ကြောင့်ပင်လျှင် မှုန်ရီသော ဆန်းသစ်စလကလေး၏ ဝိုးတဝါး အလင်းရောင်သည် လပြည့်ဝန်းကြီး၏ ရွှန်းမြသော အလင်းရောင်ထက် ပို၍ ကျေနပ်စရာ ကောင်းနေခြင်း ဖြစ်လေသည်" စသည်ဖြင့် သူ့ဆောင်းပါးတွင် ရေးထားသည်။ အမားလ်ကတော့ လူအများ ဖတ်ဖို့၊ သူစာတွေကို မဂ္ဂဇင်းတွေထဲမှာ ဖော်ပြပြီးပြီ။ သူမကတော့ တစ်လုံးမျှ မပါဘူးသေး။ ယင်းသည်ပင်လျှင် လပြည့်ဝန်းကြီးနှင့် ဆန်းသစ်စလတို့ကို ညွှန်းဆိုသော ဥပမာလင်္ကာပေလော။

တတိယမြောက် လူဖြစ်သည့် ဘူပတိကတော့ သူ ချွတ်ခြုံကျ ဖြစ်မည့်အေးမှ ကာကွယ်ရန် သူ့မိတ်ဆွေဟောင်းကြီး ဖြစ်သည့် မိုတီလားထံသို့ ထွက်သွားလေသည်။ တစ်ခါတုန်းက သူသည် အရေးပေါ် ကိစ္စတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အတွက် မိုတီလားကို ငွေတစ်ထောင်ချေးခဲ့ဖူးသည်။ ထိုငွေကို လောလောဆယ် ပြန်တောင်းရမည်။ မိုတီလား က သူ့ကို ကိုယ်အထက်ပိုင်း ဗလာဖြင့် ဆီးကြိုသည်။ မိုတီလားသည် ရေချိုးပြီးနောက် ယပ်တောင်တစ်ချောင်း ဖြင့်ခတ်ရင်း သစ်သားသေတ္တာ တစ်လုံးပေါ်တွင် ဖြန့် ထားသည့် စာရွက် တစ်ရွက်ပေါ်တွင် ဒုံးရိဂါ်ုမယ်တော် ၏အမည်ပေါင်းတစ်ထောင်ကို ဝတ်ပြုသည့် အနေဖြင့် ရေးမှတ်နေသည်။

"လာဗျို့၊ လာလာ။ ခုတလော ခင်ဗျားကို တွေ့ရ တာ တော်တော်ခက်တာကိုးဗျ" ဟု ဖော်ရွေစွာ ဆီးကြို ၏။

သို့ရာတွင် ဘူပတိက လာရင်း ကိစ္စကို ပြောသည့် အခါ၌ မိုတီလားက အတန်ကြာစဉ်းစားကာ

"နေစမ်းပါဦးဗျ၊ ခင်ဗျား အကြွေးဟုတ်လား။ ခင်ဗျားဆီက ချေးဘူးလို့လား"

ဘူပတိက သူချေးသွားသည့်ရက်စွဲကို ပြောသည့် အခါတွင် မိုတီလားက

"ဘုရားရေ၊ ခင်ဗျားဟာက ဘာလဲ စည်းကမ်း သက်ကျော်နေပြီပဲဗျ"

စကြာစဥ္စာကြီး တစ်ခုလုံး သူကိုယ်ပေါ်သို့ ပြိုဆင်း





လာသည်ဟု ဘူပတိ ထင်လိုက်မိသည်။ လောကကြီးက ဟန်ဆောင်မျက်နှာဖုံးကို ခွာချလိုက်သည့်အခါတွင် ဘူပတိ၏ တစ်ကိုယ်လုံးသည် အကြောက်ကြောင့် ကြက် သီးတွေ ဖြာသွားသည်။ သူသည် ဒီရေကြီးတက်လာ သည်ကို မြင်လိုက်ရသူလို ကယောင်ခြောက်ချားဖြစ် ကာ အမြင့်ဆုံး ကုန်းမြေရှိရာကို ပြေးတက်လာသည်။ သူသည် ပြင်ပလောကကြီး၏ ကြောက်မက်ဖွယ်ရာ တို့မှ ထွက်ပြေးလာခဲ့ကာ သူ၏ အိမ်ခေါင်း ကလေးထဲသို့ ဝင်ခိုလှုံခဲ့သည်။ ဘယ်သူတွေက ဘယ်လိုရှိစေ ချာရု ကတော့ သူ့ကို နွေးထွေးမှုကို ပေးလိမ့်မည် ထင် သည်။

ချာရုမှာ ပေါင်ပေါ်တွင် ခေါင်းအုံးတလုံးကို တင်ပြီး ခုတင်ပေါ်တွင် ထိုင်နေသည်။ သူမသည် ခေါင်း အုံးပေါ်တွင် ဗလာစာအုပ်တအုပ်ကို တင်ပြီး စာရေး လျက် ရှိ၏။ အနားသို့ ရောက်လာတော့မှပင် သတိထား မိတော့သည်။ ချာရုက ဗလာစာအုပ်ကို ပေါင်အောက် တွင် ဝှက်လိုက်သည်။

စိတ်ပင်ပန်းဆင်းရဲနေချိန်၌ အသေးဆုံးသော ကိစ္စကလေးတစ်ခုသည်ပင် ကြီးကျယ်သော သောကကို ဖြစ်စေ၏။ စာအုပ်ကို ကဗျာကရာ ဝှက်လိုက်သည်ကို မြင်သည့်အခါ၌ ဘူပတိ တော်တော်စိတ်တိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ချာရုမှာလည်း စိတ်ကူးပျောက် သွားကာ ဗလာစာအုပ်ကို ကပျာကယာ ဝှက်လိုက်သည့်အတွက်လည်း ခပ်အမ်းအမ်း ဖြစ်နေသည်။ ဘာကိုမျှမပြောနိုင်။

ဘူပတိကလည်း စကားမပြောနိုင်ပါ။ သူသည် ချာရုကို တောင်းပန်ရန် လာခဲ့ခြင်း ဖြစ်၏။ ရင်ထဲမှ စကားတစ်ခွန်းကို ကြားလိုက်ရုံမျှဖြင့် သူ့ဒါဏ်ရာသည် ချက်ချင်း ပျောက်ကင်းသွားမည် ဖြစ်၏။ သို့ရာတွင် သူ့ကိုကယ်မည့် နတ်သမီးကိုယ်တိုင်သည်ပင်လျှင် ဒုက္ခပင်လယ်ဝေနေသည်တကား။ ချာရုသည် သူ၏ မေတ္တာရတနာသိုက်ကို မဖွင့်နိုင်၊ အချိန်ကောင်းကို မယူတတ်။ နှစ်ယောက်သား စကားမပြောဘဲ ထိုင်နေကြသဖြင့် တိတ်ဆိတ်မှုကို လက်ဖြင့် စမ်းကြည့်လျှင်ပင် ရနိုင်မည် ထင်ရသည်။ အတော်ကြီးကြာမှ ဘူပတိက သက်ပြင်းကြီး တစ်ချက်ချလိုက်ကာ မတ်တပ်ထလိုက်ပြီး လေးကန်စွာ ထွက်သွားခဲ့သည်။

ထိုစဉ် အမားလ်သည် အခန်းထဲသို့ အမောတကော ရောက်လာသည်။ ရင်ထဲတွင်လည်း ချာရုအတွက် ပြင်းထန်သည့် စကားလုံးများကို စုဆောင်းလာ၏။ လမ်းတွင် ဖျော့တော့ ချုံးကျနေသည့် ဘူပတိ၏ မျက်နှာကို မြင်ရသဖြင့် အစ်ကို နေမကောင်းဘူး





လား” ဟု စိုးရိမ်တကြီး မေးမိသည်။

နှစ်သိမ့်မှုကို တောင့်တနေသည့်အချိန်တွင် အမားလ်၏ ကြင်နာသော စကားများသည် ဘူပတိ၏ နှလုံးသားကို ဖျစ်ညှစ်ထားလိုက်၏။ ဘူပတိသည် အတန်ကြာမျှ စကားမပြောနိုင်။ သူက ကြိုးစား၍ ဣန္ဒြေဆယ်လိုက်ပြီးနောက် လိုက်လှဲစွာဖြင့်

“ကောင်းပါတယ်ကွာ၊ ဒီအပတ် စာစောင်ထဲမှာ မင်းဆောင်းပါး ပါသေးသလား”

တစ်ခါတုန်းက စူးရှသော အမားလ်၏ စကားလုံးများသည် ဘယ်ရောက် ကုန်ကြပြီနည်း။ သူသည် ချာရုထံသို့ ရောက်လာကာ

“အစ်မ၊ အစ်ကို ဘာဖြစ်လို့လဲဟင်”

“ဘာဖြစ်လို့လဲ၊ ကိုယ်တော့ မသိပါဘူးကွယ်၊ နောက် စာစောင်တစ်ခုက သူ့ကို ဆော်လို့ ဖြစ်မှာပေါ့”

အမားလ်က ခေါင်းငြိမ့်သည်။

အမားလ်တစ်ယောက် မခေါ်ရဘဲနှင့် ရောက်လာသည် ဟုထင်ကာ ချာရုသည် စကားပြောဖို့ အကြောင်းရှာနေသည်။

“အစ်မ ဆောင်းပါး တစ်စောင်ရေးထားတယ်၊ ဆောင်းပါးနာမည်က လမိုက်ည၏ အလင်းရောင်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလို့ သူတွေ့သွားတော့မလို့”

အမားလ်က သူ့ကို ဖတ်အပြခိုင်းလိမ့်မည်ဟု သူမ မျှော်လင့်သည်။ ထို့ကြောင့် သူမရေးထားသည့် ဗလာ စာအုပ်ကလေးကို လှန်လှောနေလိုက်၏။ သို့ရာတွင် အမားလ်သည် သူ့မျက်နှာကို တစ်ခဏမျှ စိုက်ကြည့်နေသည်။ ချာရု မျက်လုံးထဲတွင် ဘာတွေ့ရ မည်၊ သူဘယ်လို ခံစားနေရသည်ကိုမူ မသိနိုင်ပါ။ သို့ရာ တွင် အမားလ်သည် ရုတ်တရက် ထလိုက်၏။ တောင် တက်သူတစ်ဦးသည် နှင်းတွေ ရုတ်တရက် ကွဲသွား သဖြင့် လှမ်းကြည့် လိုက်ရာ အသူတရာနက်လှစွာသော ချောက်ကမ်းပါးကြီးထဲကို ကျဖို့ တည်းတည်းကလေးသာ လိုတော့သည်ကို တွေ့ရသည်။ အမားလ်သည် စကား တစ်လုံးမျှ မပြောတော့ဘဲ အခန်းထဲမှ ချာကန် လှမ်း ထွက်သွားသည်။

အရင်က တစ်ခါမျှ မတွေ့ဘူးသေးသော အမားလ် ၏ အပြုအမူကို ကြည့်၍ ချာရု နားမလည်နိုင်အောင် ဖြစ်နေလေ၏။





## ၁၁

နောက်တစ်နေ့တွင် ဘူပတိသည် အခန်းထဲသို့ ဖြုန်းစားကြီးရောက်လာပြန်သည်။

“အမားလ်အကြောင်းကို ပြောရဦးမယ်။ သိပ်ကံ ကောင်းတဲ့ ကမ်းလှမ်းချက် တစ်ခု ရတယ်ကွ”

ဘူပတိက ပြောသည်။ ချာရုက နားမလည်နိုင်။

“ဘာ ကံကောင်းတဲ့ ကမ်းလှမ်းချက်လဲ”

“အိမ်ထောင်ပြုဘို့ ကမ်းလှမ်းချက်”

“ရှင်က ကျွန်မကို သဘောမကျတော့ဘူးလား”

ဘူပတိက တဟားဟားရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှ ဖြစ်ရလေကွယ်၊ မင်းကို သဘောကျသလားလို့ ကိုယ်က အမားလ်ကို မမေးပါဘူးကွ၊ သူက မင်းကို သဘောကျပြီဆိုရင်တော့ ကိုယ့်မှာ အခွင့်အရေး ရှိပါသေးတယ်။ ကိုယ်က ဒီအခွင့်အရေးတွေကို ဘယ်အဆုံးခံမလဲ"

"အို အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောမနေပါနဲ့။ ဘာလဲ။ အိမ်ထောင် ပြုဘို့ ကမ်းလှမ်းတယ်ဆိုတာ ဘာကို ပြောတာလဲ"

ချာရှ၏ မျက်နှာမှာ နီရဲနေသည်။

"အို ကိုယ့်ကို ကမ်းလှမ်းတာဆိုရင် မင်းကို အသိပေးပါ့မလားကွ၊ မင်းကို ပြောလို့ ဘောက်ဆူး ရမှာမှ မဟုတ်တာ"

"ဟုတ်လား၊ အမားလ်ကို ကမ်းလှမ်းတာလား၊ ဒီလိုဆို သိပ်ကောင်းတာပေါ့၊ ဘာဖြစ်လို့ ဆိုင်းနေမှာလဲ"

"ရှေ့နေကြီးရာဂူနတ်ဘာဘာက အမားလ်ကို သူ့သမီးနဲ့ လက်ထပ်ပြီး အင်္ဂလန်ကို ပို့ပေးမယ်တဲ့"

ချာရှမှာ အံ့အားသင့်သွားသည်။ "အင်္ဂလန်ကို" ဟု ခပ်တိုးတိုး ဆိုမိသည်။

"ဟုတ်တယ်၊ အင်္ဂလန်ကို ပို့ပေးမယ်တဲ့"

"အမားလ် အင်္ဂလန်ကို သွားတော့မယ်၊ ဝမ်းသာ





စရာကြီးနော်၊ သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ၊ ဒီလိုဆို သူ့ကို နားချကြည့်စမ်းပါဦး"

"ကိုယ်မပြောခင် မင်းပြောကြည့်စမ်းပါဦး"

"ကျွန်မပြောတာ အကြိမ်ပေါင်း မရေနိုင်တော့ဘူး။ ဒါပေမယ့် ကျွန်မ စကားကို တစ်လုံးမှ နားထောင်တာ မဟုတ်ပါဘူး။ ကျွန်မတော့ မပြောချင်ဘူး။

"သူမိန်းမ မယူဘူးလို့ ထင်သလား"

"ကျွန်မတို့ပြောတာ အခါပေါင်း ဘယ်လောက်ရှိပြီလဲ၊ ဘယ်မှာ သဘောတူလို့လဲ"

"ဒါပေမယ့် ခု အခွင့်အရေးကိုတော့ လက်မလွှတ်သင့်ဘူးကွာ။ ကိုယ့်မှာ အကြွေးပတ်လည် ဝိုင်းလို့။ ခု ရှေ့နေကြီးလို အမားလ်ကို ထောက်ပံ့နိုင်မှာ မဟုတ်ဘူး"

ဘူပတိက အမားလ်ကို အခေါ်ခိုင်းကာ ပြောင်ပြောင်ပင် ပြောလိုက်သည်။

"ဘူဒဝမ်က ရှေ့နေကြီးတစ်ယောက်က စကားကမ်းလှမ်းလာတယ်ကွ၊ သူ့သမီးနဲ့ မင်းနဲ့နေရာချပေးချင်တယ်တဲ့။ ပြီးရင် အင်္ဂလန်ကို ပို့ပေးမယ်တဲ့။ ဘယ့်နှယ်လဲ"

"ဒါကတော့ အစ်ကိုသဘောတူမယ်ဆိုရင် ကျွန်တော် ကန့်ကွက်စရာ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်စလုံး အံ့အားသင့်သွားကြသည်။ အမားလ်သည် ထိုမျှ အလွယ်တကူလက်ခံလိမ့်မည်ဟု မည်သူမျှ မထင်။ ချာရုက

"အစ်ကိုကြီး သဘောတူတော့ ညီလေးကလည်း သဘောတူတာပေါ့ရှင်၊ တော်တော် အစ်ကို့ စကားနား ထောင်တယ်နော်။ လွန်ခဲ့တဲ့ နှစ်တွေတုန်းက အစ်ကို့ကို ချစ်တာတွေ ဘယ်သွားထားခဲ့သလဲဟင်"

အမားလ်က ဘာမျှ မပြော။ သို့ရာတွင် ကြိုးစား၍ ပြုံးသည်။ အမားလ်က စကားပြန် မပေးသည့်အခါတွင် ချာရုမှာ ပို၍ မခံချင်အောင် ဖြစ်လာသည်။

"ဒီလိုဆိုရင်လည်း စောစောစီးစီးကတည်းက အစ်ကို့ကို ပြောပါလား။ အိမ်ထောင်ပြုချင်တယ်ဆိုရင် ပြောင်ပြောင်ပဲ ဖွင့်ပြောခဲ့ပေါ့။ အဲဒီတုန်းက ဘာဖြစ်လို့ အိမ်ထောင် မပြုချင်ယောင်ဆောင်ခဲ့ရသလဲ။ ဗိုက်ထဲ ကတော့ ဆာလှပြီ။ ဒါပေမယ့် ပါးစပ်က ထုတ်မပြော ဘူး"

ချာရုက အပ်နှင့် ပေါက်သလို နာအောင် ပြော သည်။ ဘူပတိက ကြားဖြတ်ကာ

"မင်းအတွက် မျိုသိပ်ထားရတာ ဖြစ်မှာပေါ့ကွာ၊ မင်းက ယောင်းမတို့ ဘာတို့ ရရင် မနာလို ဖြစ်ချင်ဖြစ်





နေမှာကို"

ချာရု၏ မျက်နှာမှာ နီရဲသွားကာ

"အမယ်၊ ဘာဖြစ်လို့ မနာလိုဝန်တို ဖြစ်ရမှာလဲ၊ ဘယ်တော့မှ မဖြစ်ဘူး၊ ကျွန်မကို ဒီလို မပြောနဲ့" ၂

"ကဲ မြင်တယ် မဟုတ်လား၊ ကိုယ့်မိန်းမက အစတောင်ခံတာ မဟုတ်ဘူးဟေ့"

"ဟုတ်တယ်၊ ဒီလို မစနဲ့၊ မကြိုက်ဘူး"

"ဟုတ်ပါသတဲ့ဗျာ၊ ကျားမှန်းသိပါတယ်။ မှား ပါတယ်၊ ကဲ ပြောနေကြာတယ်။ ဒီလိုဆို နေ့ကောင်း ရက်သားရွေးမယ်"

"ဟုတ်ကဲ့ အစ်ကို့ သဘောပါ'

"နေစမ်းပါဦး မောင်လေးရဲ့၊ သတို့သမီးလောင်း ကိုကော မကြည့်တော့ဘူးလား။ ဒီလောက်မှ မစောင့် နိုင်တော့ဘူးလား။ ကြည့်တော့ တစ်သက်လုံးပဲ လူပျို ကြီး လုပ်တော့မလိုလိုနဲ့"

"မင်းတွေ့ချင်တယ်ဆိုရင် စီစဉ်ပေးမယ်လေ။ တော်တော်တော့ ချောတယ်လို့ ပြောတာပဲကွ"

"ဟင့်အင်း၊ မတွေ့တော့ပါဘူး အစ်ကို"

ချာရုက

"သူပြောတဲ့အတိုင်း လျှောက်လုပ်မနေနဲ့ဦး၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းကတော့ တော်တော် အဓိပ္ပာယ်မရှိတာပဲ၊ သတို့သမီးကို တစ်ခါမှ မမြင်ဘူးဘဲနဲ့ ဘယ်သူလက်ထပ်လို့လဲ၊ သူ မတွေ့ချင်ပေမယ့် ကျွန်မတို့ ကြည့်ရဦးမှာပေါ့”

အမားလ်က

“အစ်ကိုရယ်။ မလိုအပ်ဘဲနဲ့ အချိန်တွေ ဆွဲမနေပါနဲ့”

“ကောင်းပါပြီရှင်၊ ရှင် အသည်းကွဲနေမယ်ဆိုရင်လည်း ကျွန်မတို့က မဆိုင်းတော့ပါဘူးတဲ့၊ ကဲ အစ်ကို၊ သတို့သမီး ခုသွားခေါ်၊ အဝတ်အစားလဲပြီး လက်ဆက်ပေးလိုက်ပေတော့၊ တော်တော်ကြာ သူ့အသဲကလေးကို တစ်ယောက်ယောက်က ဝင်လုသွားပါလိမ့်မယ်”

ချာရုက ခနိုးခနဲ့ ပြောနေသော်လည်း အမားလ်က စိတ်မပြောင်းပါ။

“အစ်ကို့ညီက ခုတောင် စိတ်ကူးနဲ့ အင်္ဂလန်သွားနေပြီထင်ပါရဲ့၊ ဘာဖြစ်လို့ ကျွန်မတို့က သူ့ကို အနှောင့်အယှက် ပေးနေဦးမှာလဲ၊ ခုခေတ်ကောင်လေးတွေက သခင်ဆပ်လို့ အခေါ်ခံပြီး ဘွတ်တွေ ရှူတ်တွေနဲ့ ဘိုလိုတော့ နေချင်ကြတာ။ ဒီမှာ မောင်လေး၊ အင်္ဂလန်က ပြန်လာရင် အစ်ကို့ကိုလည်း ခေါ်ပါ ပြောပါနော်။





အသွေး အရောင်ကွဲတယ်ဆိုပြီး ပစ်မထားပါနဲ့”

“အဲဒါကြောင့်ကို အင်္ဂလန်ကို သွားချင်တာ” ဟု အမားလ်က ပြောသည်။

ဘူပတိက အားရပါးရ ရယ်၍

“ကိုယ်တို့ကတော့ သမုဒ္ဒရာကြီး ခုနစ်စင်း ခြားနေပေစေ ကိုယ်တို့ အိန္ဒိယသူ အချောအလှတွေကိုပဲ ကြိုက်မယ်ဟေ့၊ ညီမကလည်း မစိုးရိမ်ပါနဲ့၊ အစ်ကိုရှိပါသေးတယ်၊ အစ်ကို့တို့ကတော့ ဟောဒီက ညိုချောတွေကိုမှ ပိုသဘော ကျတယ်”

သို့ဖြင့် ဘူပတိသည် ရှေ့နေကြီးထံ ဝမ်းမြောက်ဝမ်းသာ စာရေးလိုက်၏။ မင်္ဂလာရက်ကိုလည်း သတ်မှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ထိုအတောအတွင်း၌ သတင်းစာကို ရပ်လိုက်ရတော့သည့် အခြေအနေသို့ ရောက်လာသည်။ ဘူပတိသည် သတင်းစာထဲသို့ နောက်ထပ် ငွေမထည့်နိုင်တော့ပြီ။ လူထုတည်းဟူသော ကြီးကျယ်ပြင်းထန်သည့် အဖွဲ့အစည်းကြီးကို ဦးစားမပေးနိုင်တော့ပြီ။ ကာလအတန်ကြာမျှ နေ့ရော ညပါ သူဦးစားပေးခဲ့သော လုပ်ငန်းကြီးကို ညတွင်းချင်း စွန့်လွှတ်လိုက်ရလေပြီ။ ဆယ်နှစ်နှစ်လုံးလုံး မနေမနားမနေလုပ်ခဲ့ရသည့် အားထုတ်မှုသည် သဲထဲရေသွန် ဖြစ်သွားရလေပြီ။ ဘူပတိသည် ထို့အတွက်





အဆင်သင့် မဖြစ်ခဲ့ချေ။ ငတ်မွတ်သွားသော သူ၏စိတ်ထား ထက်သန်မှုအတွက် မည်သည့် ဘက်သို့ ဦးလှည့်ရမည်နည်း။ သူသည် ခိုလှုံရာမဲ့နေသော မိဘမဲ့ကလေးတစ်ယောက်နှင့် တူနေသည်။ ဤတွင် သူသည် အတွင်းဆောင်ဘက်သို့ စိတ်လည်လာခဲ့သည်။ မိန်းမတစ်ယောက်၏ ကြင်နာမှုသည် သူ့အပေါ်တွင် ဂရုဏာပေးလိမ့်မည်ဟု သူမျှော်လင့်၏။

သူ့ဇနီး၏ စိတ်ထဲတွင်ကော မည်သို့ ရှိမည်နည်း။ အမားလ်သည် မကြာမီ လက်ထပ်တော့မည်ဆိုသည့် အခါ၌ ချာရစိတ်သည် တစ်မျိုးကြီး ဖြစ်နေသည်။ အမားလ်သည် မိမိတို့ကို ခွဲခွာသွားကာ တစ်ခြားမိသားစုထဲသို့ ရောက်သွားပြီး အင်္ဂလန်သို့ ထွက်ခွာသွားပေတော့မည်။ နည်းနည်းကလေးမျှ မငဲ့တော့ပြီလော။ တစ်ချက်ကလေးမျှ မစဉ်းစားတော့ပြီလော၊ တကယ်တော့ အမားလ်ကို သူတို့ တစ်တွေ တစ်လျှောက်လုံး စောင့်ရှောက်ခဲ့ရသည်။ ပြုစုပျိုးထောင်ပေးခဲ့ရသည်။ ယခုတော့ အခါအခွင့်သင့်သည်နှင့် တစ်ချက်ကလေးမျှပင် ဆုတ်ဆိုင်းခြင်းမရှိဘဲ ထွက်ခွာသွားတော့မည်။ ထိုအခါအခွင့်ကို တစ်ချိန်လုံး စောင့်နေခဲ့သလား မပြောတတ်ပြီ။ သူ့ကြည့်တော့ စကားချိုချို၊ မွှန်မွှန်ရည်ရည်ပင် ဖြစ်၏။ လူဆို



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ အသိရခက်လှပါတကား။ ထိုမျှတော်သော စာရေးဆရာတစ်ယောက်သည် ထိုမျှ နှလုံးသားကင်းမဲ့မည်ဟု မည်သူမျှ ထင်မည်နည်း။

ကိုယ်က စေတနာထားသည်ကို တွေးမိတိုင်း အမားလ်ကို မုန်းလိုက်ရန် ချာရုကြိုးစားကြည့်၏။ သို့ရာတွင် မအောင်မြင်ပါ။ သူမ၏ နှလုံးသားသည် သောကသံချွန်ကြီး အစိုက်ခံရပြီး တဖြည်းဖြည်း နှစ်ခြမ်းအက်ကွဲလာနေသည်ဟု ထင်မိ၏။ မနက်ဖန်ဆိုလျှင် အမားလ် သွားတော့မည်။ နောင် တော်တော်နှင့် တွေ့ရတော့မည် မဟုတ်။ သူတို့ နှစ်ဦး တစ်ဦးကို တစ်ဦး နားလည်အောင် လုပ်ဖို့လည်း အခွင့်အရေးမရပါ။ အမားလ်သည် သူ့ဆီသို့ ရောက်လာလိမ့်မည်ဟု ထင်သော်လည်း ရောက်မလာခဲ့ပါ။ မလာနိုင်တော့သည့်အဆုံး သူမသွားခင် တစ်ရက်အလိုတွင် ချာရုကိုယ်တိုင် အမားလ်ကို အခေါ်လွှတ်လိုက်သည်။

လာခဲ့မည်ဟု အမားလ်က အကြောင်းပြန်လိုက်သည်။ ချာရုသည် သူတို့ နှစ်ယောက်ထိုင် စကားပြောနေကျ ဝရန်တာတွင် ထွက်ထိုင်ရင်း အမားလ်ကို မျှော်နေမိသည်။ ထိုနေ့မှာ မနက်လင်းကတည်းက မိုးတိမ်တွေ အုံ့ဆိုင်းနေပြီး လေက ပူလောင်ပူလောင် အိုက်စပ်လျက်





ရှိ၏။ ချာရုသည် ဆံပင်ကို စုချည်ကာ ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခပ်နေသည်။

အချိန် အတော်ကြာသွားလေပြီ။ သူမ၏ လက်မှ ယပ်တောင်သည်လည်း တဖြည်းဖြည်းရပ်သွားလေပြီ။ သူမသည် ချက်ချင်း ဝမ်းနည်းလာကာ စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။ သူ မလာတော့ကော ဘာဖြစ်လဲဟု ကိုယ့်ဘာသာကိုယ် အားတင်း၏။ သို့ရာတွင် စိတ်ကမူ ခြေသံကြားတိုင်း တံခါးဆီသို့သာရောက်နေသည်။

ဘုရားရှိခိုးကျောင်းမှ ၇ နာရီထိုးသံ ပေါ်လာသည်။ မကြာမီ ဘူပတိသည် ရေမိုးချိုးပြီး မနက်စာစားရန် ရောက်လာသည်။ ယခုနေ အမားလ်ရောက်လာသည် ဆိုလျှင်ပင် နာရီဝက်ခန့်တော့ စကားပြောချိန်ရသေးသည်။ မည်သို့ဖြစ်စေ လွန်ခဲ့သည့်ရက်များက နှစ်ယောက် ကျိတ်၍ စိတ်ကောက်ခဲ့သည်များကို ပြေလည်အောင် လုပ်ရမည်။ ထိုအတိုင်း အမားလ်ထွက်သွားသည့်အဖြစ်မျိုးကို အရောက်မခံနိုင်။ သက်တူရွယ်တူ ခင်မင် ကြင်နာသော မရီးနှင့် မတ်တို့ကြား ဆက်ဆံရေးမျိုးသည် ထိမ်းသိမ်းအပ်သည်သာ မဟုတ်လော။ ထိုဆက်ဆံရေးမျိုးတွင် သံယောဇဉ်ကြိုး အသွယ်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိနိုင်သည်သာ။ ထိုဆက်ဆံရေးမျိုးသည် နွယ်ပန်းပင်တွေ အမျိုးမျိုး တွယ်တက်နေသည့် ပန်းဥယျာဉ်ကြီးထဲက လျှို့ဝှက်သော ပန်းပေါင်းကူးကလေး မဟုတ်လား။ အမားလ်ထိုသို့ ရှည်ကြာဝေးလံစွာ ထွက်သွားပြီးနောက် ထိုပန်းနွယ်တို့ မြေကြီးတွင် ဤအတိုင်း ညှိုးလျော် သေသွားကြရမည်လော။ အမားလ်သည် နည်းနည်း ကလေးမှ စိတ်မထိခိုက်တော့ပြီလော။ နောက်ဆုံး ရေစက်ကလေးဖြင့် ပြုစုခြင်း မပြုသင့်ပါသလော။ သူတို့ ခင်မင်ရင်းနှီးခဲ့သည့် ကာလများကို မျက်ရည်ဖြင့် သစ်လွင်အောင် မလုပ်သင့်ပါသလော။

နာရီဝက်အချိန် စေ့သွားသည်။ ချာရုသည် ဆံပင်ကို ဖြေချကာ သူ့လက်ချောင်း ၂ ချောင်းကို ဆံနွယ်ကလေးများဖြင့် ရစ်ပတ်လိုက် ဖြေလိုက်လုပ်နေမိသည်။ မျက်ရည်များသည် ပါးပြင်ပေါ်သို့ အလိုလို စီးကျလာကြ၏။ အိမ်စေတစ်ယောက် ရောက်လာကာ

"အစ်မ၊ အစ်ကိုလေးဖို့ အုန်းစိမ်းတစ်လုံး ထုတ်ရမယ်"

ချာရုသည် စတိုခန်းသော့ကို ဆာရီအစွန်တွင် ချည်ထားရာမှ ဖြုတ်ပြီ အိမ်စေမိန်းမဆီသို့ ပစ်ပေးလိုက်သည်။ အိမ်စေမိန်းမသည် အံ့အားသင့်နေရာမှ သော့ကို





ကောက်ယူပြီး ထွက်သွားသည်။ ချာရု၏ ရင်ထဲမှ ဘစ်စုံ တစ်ခုသည် ကြွတက်လာကာ လည်ချောင်းထဲသို့ ရောက်လာ၏။

အချိန်ကျသည်နှင့် ပြုံးရွှင်နေသော ဘူပတိသည် မနက်စာ စားရန် ရောက်လာသည်။ ချာရုက ယပ်တောင် ကိုင်၍ ထွက်လာသည့်အခါတွင် ဘူပတိနှင့် အတူ အမားလ်ပါ တွေ့ရသည်။ ချာရုကတော့ သူ့ကို မကြည့်ပေ။

"အစ်မ၊ ကျွန်တော့်ကို ခေါ်တယ်ဆို"

"ခုတော့ မလိုတော့ပါဘူး"

"ဒီလိုဆို ကျွန်တော်သွားတော့မယ်လေ၊ ဘာမှ မထုပ်မပိုးရသေးဘူး"

ချာရုက ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်လိုက်ရင်း "ရပါတယ်၊ သွားပါ" ဟု ပြောလိုက်သည်။ အမားလ်လည်း ပြန်သွားသည်။

မနက်စာစားပြီးနောက် ဘူပတိသည် ထုံးစံအတိုင်း ချာရုနှင့် ခဏတစ်ဖြုတ် ထိုင်သည်။ ယနေ့တွင် သူ့ငွေစာရင်းတွေကို ရှင်းစရာရှိသေးသည်။ ချာရုအနီးတွင် ကြာကြာမနေနိုင်။ ထို့ကြောင့် သူက သုန်မှုန်စွာဖြင့်

"ဒီနေ့ အိမ်မှာ ကြာကြာနေနိုင်မှာ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေက အများကြီး”

“ဒါဖြင့်လည်း သွားလေ” ချာရက ပြော၏။

ချာရစိတ်ဆိုးသွားပြီဟု ဘူပတိ ထင်လိုက်သည်။ ထို့ကြောင့် ချက်ချင်း မသွားသေးဘဲ ခဏတော့ နေလိုက်ဦးမည်ဟု တွေးလိုက်၏။ ဘူပတိက နေရာတွင် ပြန်ထိုင်သည်။ ချာရက သူ့ကို မော့မကြည့်ဘဲ မျက်လွှာချထားသည်ကို သတိပြုမိသည်။ သူအပြစ်ကို သူ မလုံမလဲဖြစ်ကာ ဘူပတိသည် ချာရအနီးတွင် အကြာကြီး ထိုင်နေသော်လည်း ပြောရန် စကားမရှိဘဲ ဖြစ်နေသည်။ စကားရှာ၍ ပြောရန် ကြိုးစားသော်လည်း အချည်းသာ။ နောက်ဆုံးတွင် ဘူပတိက

“အမားလ်လည်း မနက်ဖြန် သွားတော့မှာ။ ညီမတော့ အိမ်မှာ တစ်ယောက်တည်း ပျင်းကျန်ရစ်ခဲ့မှာပဲ။ တော်တော်နဲ့ နေတတ်မှာ မဟုတ်ဘူး”

ချာရသည် စကားတစ်ခွန်းမျှ ပြန်မပြောဘဲ ရုတ်တရက်ထကာ တစ်ဖက်ခန်းတွင် ပစ္စည်းတစ်ခုခု သွားယူသလိုလိုဟန်ဖြင့် ထွက်သွားသည်။ ဘူပတိက အတန်ကြာ စောင့်နေပြီး ပြန်လာခဲ့သည်။

အမားလ်၏ မျက်နှာကို မြင်လိုက်သည့်အခါ၌ ခါတိုင်းလို ရွှင်ရွှင်ပျပျ မရှိဘဲ ခပ်ညှိုးညှိုး ဖြစ်နေသည်ကို





ချာရ သတိထားလိုက်မိသည်။ ချာရ ဝမ်းလည်းသာသည်။ ဝမ်းလည်းနည်းသည်။ သူလည်းခွဲရမည့်အတွက် စိတ်မကောင်း ဖြစ်နေသည်မှာ သေချာသည်။ သို့ရာတွင် ဘာ့ကြောင့် ခပ်တန်းတန်း ဖြစ်နေသနည်း။ ဘာ့ကြောင့် ခပ်ခွာခွာ နေရသနည်း။ ခွဲခွာခါနီးတွင် ဘာ့ကြောင့် စိတ်ကောက်ချင်ယောင် ဆောင်နေရသနည်း။

သူမသည် ခုတင်ပေါ်၌ လှဲ၍ စဉ်းစားနေရာမှ ဆတ်ကနဲ တုန်သွားကာ ထထိုင်လိုက်မိသည်။ သူ့စိတ်ထဲတွင် မန္တာပေါ်လာသောကြောင့် ဖြစ်သည်။ မန္တာတို့ ပြန်သွားရသောကြောင့် အမားလ် စိတ်ထိခိုက်နေခြင်းလော။ ဘယ်လောက် ရက်စရာ ကောင်းသနည်း။ အမားလ်သည် ထိုအလုပ်မျိုးကို လုပ်သလော။ လင်ရှိမိန်းမ မရှောင်အောင် အောက်တန်းကျနေပြီလော။ မဖြစ်နိုင်။ ထိုအတွေးများကို စိတ်ထဲမှ မောင်းထုတ်သော်လည်း သူမကို ပြင်းထန်စွာ ထိုးနှက်လျက်ရှိလေသည်။

အမားလ် ခရီးထွက်မည့်နေ့သို့ ရောက်လာသည်။ အိမ်တိုက်များမှာ လွင့်ပါမသွားကြသေး။ အမားလ် ရောက်လာကာ အသံတုန်တုန်ဖြင့်

“အစ်မ၊ ကျွန်တော်သွားတော့မယ်။ အစ်ကိုလေးကို ပစ်မထားပါနဲ့ဗျာ။ လုပ်ငန်းကလည်း မအေးမြင်



www.burmeseclassic.com

www.burmeseclassic.com



တော့..... အစ်မဟာ သူ့အဖို့ တစ်ခုတည်းသော မျှော်လင့်ချက်ပဲ”

အမားလ်သည် ဘူပတီ၏ ညှိုးကျနေသော မျက်နှာကို ကြည့်မိရာမှ အကျိုးအကြောင်း မေးကြည့်သည့်အခါတွင် သူသောကရောက်နေသည့် အကြောင်းရင်းကို သိလာရခြင်း ဖြစ်သည်။ ဘူပတီသည် သူ့ဒုက္ခကို မည်သူကိုမှလည်း မပြော အကူအညီလည်း မတောင်းဘဲ တစ်ယောက်တည်း ကျိတ်၍ ဖြေရှင်းနေသည်ကို မြင်ရသည့်အခါတွင် အမားလ်မှာ အံ့သြ၍ မဆုံးနိုင်အောင် ဖြစ်နေသည်။ ချာရုနှင့် သူ့အခြေအနေကို ပြန်တွေးလိုက်မိသည့်အခါတွင် နားရွက်တွေ ထူပူသွားသည်။ အို ဆန်းသစ်စလရဲ့ အလင်းတို့၊ ဝါဆိုဦးတို့ ဆိုတာတွေကို မေ့ပစ်လိုက်စမ်း။ ငါဘီလပ်မှာ ဝတ်လုံအတတ် သင့်မယ်။ ပြီးတော့ ငါ့ပညာနဲ့ ငါ့အစ်ကိုလေးကို ကူမယ်။ ဒါမှ ငါယောက်ျား ပီသရာရောက်မယ်ဟု တွေးနေလေ၏။

ထိုညက ချာရုမှာ ကောင်းကောင်း အိပ်မပျော်။ မနက်ဖြန် အမားလ်ကို နှုတ်ဆက်လျှင် ပြောရမည့် စကားတွေကို စဉ်းစားနေသောကြောင့် ဖြစ်သည်။ စိတ်ထဲတွင် စကားလုံးတွေကို စီထားသော်လည်း တွေ့သည့်အခါတွင် မပြောနိုင်။ အမားလ်နှင့် မျက်နှာချင်းဆိုင်





မိသည့်အခါတွင် ထူပူရှိန်းဖိန်းနေသည်။

“ဟိုရောက်ရင် စာရေးနော်”

သူမက ထိုမျှသာ ပြောနိုင်သည်။

အမားလ်သည် ချာရုရှေ့တွင် နဖူးနှင့် မြေကြီးထိအောင် ထိခြင်း ငါးပါး ဖြင့် ကန်တော့သည်။ ထိုနောက် ချာရုသည် အခန်းဆီသို့ ပြေးလာကာ တံခါးကို ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

BURMESE CLASSIC .com

ဘူပတိသည် ဘာဒဝမ်သို့သွားကာ မင်္ဂလာဆောင် ပေး၏။ ထို့နောက် အမားလ် အင်္ဂလန်သွားသည်ကို လိုက်ပို့နှုတ်ဆက်ပြီးနောက် အိမ်သို့ ပြန်လာခဲ့သည်။ ဘူပတိသည် သူတစ်ပါးကို ယုံခဲ့မိသည့်အတွက် ဒုက္ခရောက်ခဲ့ပြီ ဖြစ်သဖြင့် ယခုတော့ လူတိုင်းကို ဥပေက္ခာဖြင့် ကြည့်တတ်နေလေပြီ။ အစည်းအဝေးများ၊ တွေ့ဆုံပွဲများသည်လည်း သူ့အတွက် အဓိပ္ပာယ်မရှိတော့ပြီ။ ငါကိုက မိုက်ပါတယ်ဟု သူ့ကိုယ်သူ ပြောမိသည်။ သူ့ဘဝ၏ အကောင်းဆုံးအချိန်များကို





အကျိုးမဲ့ ဖြုန်းတီးခဲ့မိပြီ။ အမှိုက်ပုံကြီးပေါ်သို့ သွန်ခဲ့မိပြီ။

ကိစ္စမရှိ။ သတင်းစာလည်း ရပ်သွားပြီ။ ရပ်ပါစေ။ လွှတ်လပ်၍ပင် သွားသေးသည်။ မှောင်ရီပျိုးလာသည်ကို မြင်သော ငှက်တစ်ကောင်ကဲ့သို့ သူလည်း အိပ်တန်းက သိုက်မြုံသို့ ပြန်တော့မည်။ အကျိုးမဲ့၍ ဘာမျှ သီးနှံမထွက်သော ထွန်ရေးကြောင်းတွေထဲတွင် ထွန်ယက် နေမည့်အစား အိမ်တွင် ဇနီးသည် ချာရုနှင့် အတူ အိုးမကွာ အိမ်မကွာ နေတော့မည်။ အချိန်အတော်ကြာ သူကစားနေခဲ့သော စက္ကူလှေကလေးသည် နစ်သွားလေပြီ။ ယခု သူပိုင်ဆိုင်သည့် ရိပ်မြုံသို့ ပြန်တော့မည်။

ယောက်ျားတစ်ယောက်သည် ကိုယ့်ဇနီးသည်၏ ကိုးကွယ်အားထားမှုကို မယူသင့်ဆိုသည့် အများသူငါ လက်ခံလေ့ရှိသော အယူအဆကို သူလည်း လက်ခံသည်။ ဇနီးသည် တစ်ယောက်သည် ရွှံ့ကြယ်လို ကိုယ့်အလင်းရောင်ဖြင့် ထွန်းလင်းရမည်၊ မီးအိမ်လို လေထဲတွင် ငြိမ်းမသွားစေရ၊ နောက်ထပ် လောင်စာမလိုစေရဟု သူယူဆသည်။ သူ၏ ပြင်ပ ကမ္ဘာကြီး ပြိုကွဲသွားသည့် အခါ၌ သူ၏ အတွင်းခန်းများထဲတွင်လည်း နံရံအက်ကြောင်းများ ရှိနိုင်သည်ဟု ဘူပတိ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှ မတွေးမိပါ။

ဘာဒဝမ်မှ သူပြန်လာသည့်အခါတွင် ညနေစောင်းနေပြီ။ သူသည် ခပ်သုတ်သုတ် ရေးမိုးချိုးပြီး ခပ်စောစော ထမင်းစား၏။ အချိန် ကြာကြာမဖြုန်းနိုင်။ ချာရုကလည်း အမားလ်၏ မဂ်လာဆောင်နှင့် အမားလ်၏ ခရီးကို သိချင်ပေလိမ့်မည်။ သူသည် အိပ်ခန်းထဲသို့ ဝင်လာကာ ခုတင်ပေါ်တွင် လှဲပြီးနောက် ရိုးတန်ရှည်နှင့် တမာကူအိုးကြီးကို ယူလိုက်သည်။ ချာရုကတော့ ရောက်မလာသေးပါ။ အိမ်မှု ကိစ္စတွေဖြင့် အလုပ်များ နေဆဲဖြစ်ဟန် တူသည်။ တစ်ဖွာ နှစ်ဖွာ ရှိုက်ပြီးနောက် အိပ်ပျော်သွားသည်။ မိနစ် အတန်ကြာတွင် လန့်နိုးလာခဲ့ကာ ချာရု ဘာ့ကြောင့် မလာသေးတာလဲဟု တွေးမိသည်။ နောက်ဆုံးတွင် အခေါ်လွှတ်လိုက်သည်။

"ကြာလှချည်လားကွယ်၊ ဘာတွေများ အလုပ်များနေတာလဲ"

ချာရုက ဘာမျှ ရှင်းမပြ။

"ဟုတ်တယ်၊ နည်းနည်းနောက်ကျသွားတယ်"

ချာရုသည် အမားလ်၏ အကြောင်းကို မေးခွန်းတွေ တစ်ခုပြီး တစ်ခု မေးလိမ့်မည်ဟု ထင်ခဲ့၏။ သို့ရာတွင် သူမက ဘာမျှ မမေးပါ။ သူသည် တော်တော်စိတ်





မကောင်း ဖြစ်သွားသည်။ ချာရုသည် အမားလ်ကို တကယ်အမှန် အရေးထားဟန် မရှိ။ အိမ်မှာရှိစဉ်ကတော့ အမားလ်ရှိလျှင် အပျင်းပြေသဖြင့် အရေးထားသလိုရှိသည်။ သို့ရာတွင် ယခုမရှိတော့သည့်အခါတွင် အမားလ်အပေါ်တွင် နည်းနည်းကလေးမျှ သံယောဇဉ်တွယ်ဟန်မရှိတော့ပြီ။ ထိုသို့သော ရေ့နောက် မညီသည့် သဘောထားကို ကြည့်ကာ ဘူပတိ စိတ်မကောင်းဖြစ်နေသည်။ သူ့နှလုံးသားတွင် နက်ရှိုင်းမှုမှ ရှိပါသေးသလားဟုပင် သူထင်လိုက်မိသည်။ ချာရုသည် ပျော်ပျော်ပါးပါး ပေါ့ပေါ့ပြက်ပြက် နေဖို့လောက်ကိုသာ နားလည်ပြီး ချစ်ဖို့ကို နားလည်ဟန်မတူ။ မိန်းမတစ်ယောက် အနေဖြင့် ထိုမျှသံယောဇဉ် ကင်းလျှင် မကောင်း။

သူသည် ချာရုနှင့် အမားလ်တို့ ရင်းနှီးချစ်ခင်စွာ နေကြသည်ကိုကြည့်၍ သဘောကျခဲ့၏။ သူတို့နှစ်ယောက် ကလေးဆန်ဆန် စိတ်ကောက်ကြလျှင်၊ တီးတိုးတိုင်ပင်ကြလျှင်၊ ကကြလျှင် သူရယ်ချင်သည်။ ကြည်နူးလည်း ကြည်နူးသည်။ ချာရုက အမားလ်ကို အစဉ်အမြဲ အရေးပေး ဂရုစိုက်သည်ကို မြင်လျှင် သူဝမ်းသာသည်။ ယခု သူစိတ်ရှုတ်ရပြီ။ ထိုခံစားချက်များသည် အရှုံးတွေမှ ပေါ်ထွက်လာခြင်း မဟုတ်ဘဲ အပေါ်ယံမျှသာလော။



www.burmeseclassic.com

www.burmeseclassic.com



ချာရုတွင် နှလုံးသားမရှိဆိုလျှင် လုပ်ငန်း ကိုင်ငန်း အခံသင် မပြေသဖြင့် စိတ်ညစ်လာခဲ့သည့် သူ့အဖို့ ခိုလှုံရာ အဘယ်မှာနည်း။

"ညီမ နေကောင်းရဲ့လားဟင်၊ ကောင်းတယ်နော်"

အကဲစမ်းသည့် အနေဖြင့် မေးကြည့်သည်။ ချာရုက လေသံ ခပ်ပြတ်ပြတ်ဖြင့်

"ကောင်းပါတယ်"

"အမားလ်ရဲ့ မင်္ဂလာကိစ္စကတော့ ချောချောမောမောပါပဲ"

ထို့နောက် ဘူပတိ တိတ်ဆိတ်သွားသည်။ ချာရုကလည်း အလိုက်အထိုက် ပြန်ပြောဖို့ စကားလုံး လိုက်ရှာသည်။ သို့ရာတွင် မတွေ့ပါ။ ငူငူကြီးသာ ထိုင်နေပါသည်။

ဤသို့သော အပြုအမူများကို ဘူပတိ တစ်ခါမျှ မတွေ့စဖူး။ သို့ရာတွင် ယနေ့ညတွင်မူ အမားလ်ထွက်သွားသဖြင့် သူ့တွင် နေသားမကျ ဖြစ်နေချိန်၌ ချာရုက ထိုသို့အရေးမကြီးဟန်ဖြစ်နေသည်ကို မြင်ရသည့် အခါတွင် သူခံစားရသည်။ စာနာထောက်ထားသော ချာရုနှင့် စကားပြောခြင်းဖြင့် သူခံစားချက်ကို သက်သာအောင် လုပ်ချင်သည်။



BURMESE CLASSIC .com



"ကောင်မလေးက တော်တော်ချောတယ်ကွ သိလား၊ ညီမ အိပ်နေပြီလား"

"ဟင့်အင်း"

"အမားလ်တစ်ယောက်တည်း အင်္ဂလန်ကို ထွက်သွားရတာ သနားပါတယ်ကွာ၊ ကိုယ်က မီးရထားပေါ်တင်ပေးလိုက်တော့ ငိုလိုက်တာ။ ကိုယ်လည်း လူကြီးပေမယ့် မျက်ရည်မဆည်နိုင်ဘူး၊ ရထားပေါ်မှာ လူကြီးနှစ်ယောက်ပါတယ်ကွ၊ ကိုယ် မျက်ရည်ကျတာမြင်တော့ ဘယ်လောက် ရယ်ချင်ကြမယ်မသိဘူး"

မှန်အိမ်ကို ထွန်းထားသဖြင့် ချာရုသည် မှောင်ကြီး မည်းကြီးထဲတွင် ထိုင်ရင်း နားထောင်နေသည်။ ပထမသော် တစ်ဖက်သို့ လှည့်နေလိုက်၏။ ထို့နောက် ရုတ်တရက် ထကာ အပြင်သို့ ထွက်သွားသည်။

"ချာရု၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

ဘူပတိက အလန့်တကြားဖြင့်ခေါ်သည်။ ချာရုက ဘာမျှ မဖြေ။ ဝရန်တာဘက်မှ ရှိုက်သံ သဲ့သဲ့ကိုသာ ကြားလိုက်ရသည်။ ချာရုမှာ ကြမ်းပေါ်တွင် လဲနေသည်ကို တွေ့သဖြင့် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။

ထိုသောကမှန်တိုင်းကို မြင်လိုက်ရခြင်းသည် ဘူပတိအပေါ်တွင် ကြီးစွာ အကျိုးသက်ရောက်မှု ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ "ချာရုနဲ့ ပတ်သက်လို့ ငါ ဘယ်လောက် မှားခဲ့သလဲ၊ ချာရုစကားနည်းနေတာဟာ စိတ်ထိခိုက်လို့ စကား မပြောတာကိုး၊ သူစိတ်ထဲမှာ ခံစားနေရတာကို ဘယ်သူမှ မသိစေချင်ဘူး။ ငါ့ကိုလည်း မသိစေချင်ဘူး။ အချစ်ဟာ သူ့ရင်ထဲမှာ အမြစ်တွယ်နေတယ်။ ခံစားချက်ကလည်း ရင်ထဲမှာ မြုပ်နေမယ်။ ချာရုရဲ့ အချစ်ဟာ တစ်ခြား ဇနီးသည်တွေရဲ့ အချစ်လို အပြင် ထုတ်မပြဘူး။ ဒါကြောင့်မို့ ငါမမြင်ရတာကိုး၊ ချာရုရဲ့ အချစ်ဟာ တည်ငြိမ်တဲ့ နှလုံးသားကနေ စီးဆင်းလာတာပဲ၊ ငါကိုယ်တိုင်ကလည်း အချစ်ကို ကောင်းကောင်း မပြတတ်ဘူး မဟုတ်လား"

ထိုသို့ တွေးရင်း ဘူပတိသည် ချာရု၏ ဘေးတွင် ဝင်ထိုင်သည်။ စကားတစ်လုံးမှ မပြောဘဲ သူ့ကို နူးညံ့စွာ ပွတ်သပ်နေသည်။ တကယ်ကတော့ ချာရု လိုချင်သည့် နှစ်သိမ့်မှုကို သူမပေးနိုင်ပါ။ သောကကို အမှောင်ထဲတွင် ဖျစ်ညှစ်သတ်သူ တစ်ဦးအဖို့ သက်သေမလိုဆိုသည့် သဘောကိုလည်း သူနား မလည်ပါ။



BURMESE CLASSIC .com



## ၁၄

သတင်းစာလုပ်ငန်းကို ရပ်လိုက်သည့်အခါတွင် ဘူပတိသည် အနာဂါတ်သစ် အတွက် စိတ်ကူးရပ်ပုံကို ရေးရ၏။ နောက်ထပ်လုပ်ငန်းကြီးကြီးကျယ်ကျယ်ကို မလုပ်တော့ရန်လည်း ပိုင်းဖြတ်လိုက်သည်။ ချာရုနှင့် အတူ စာတွေ ဖတ်ကြမည်။ သူ့အချစ်ကို ပြမည်၊ အိမ်မှု ကိစ္စတွေကို ဝိုင်ကူလုပ်ပေးမည်။ သူ့လက်တစ်ကမ်းတွင် ရှိသည့် ပျော်ရွှင်မှုများသည် အကောင်းဆုံး၊ အထိုက် အတန်ဆုံး၊ အစစ်အမှန်ဆုံးသော ပျော်ရွှင်မှုများ ဖြစ်သည်ဟု သူယူဆသည်။ အိပ်ခန်းထောင့်တွင်



www.burmeseclassic.com

www.burmeseclassic.com



မှန်အိမ်ကလေးကို ထွန်းကာ သူတို့၏ ကိုယ်ပိုင်ငြိမ်းချမ်းမှုကို ရှာခြင်းဖြင့် တောင့်တသူတို့အဖို့ ပျော်ရွှင်မှုကို ရနိုင်သည်။ နေ့စဉ်နှင့် အမျှ ရယ်စရာ မောစရာ ပြောခြင်း၊ အသေးအဖွဲ ကလေးများကို လုပ်ခြင်း၊ ပျော်ရွှင်မှုများကို ခံစားခြင်းကို အခက်အခဲ မရှိ လုပ်နိုင်ကြလျှင် ပျော်ရွှင်မှုကို လိုသည်ထက်ပင် ရနိုင်သည်သာ။

သို့ရာတွင် လက်တွေ့၌ကား ပျော်ရွှင်မှုသည် ထင်သလောက် မလွယ်ပါ။ အစစ်အမှန်ပစ္စည်းဆိုသည်မှာ ဝယ်ယူ၍ ရရိုးထုံးစံ မရှိ။ အစစ်အမှန်ပစ္စည်းကို ကိုယ်တိုင်မလုပ်တတ်သူအဖို့ အခြား တစ်နေရာရာတွင် ရှာဖွေဖို့ဆိုသည်မှာ သာ၍ပင် ခက်သေးသည်။

ဘူပတိသည် ချာရု အနီးသို့ ရောက်အောင် ချဉ်းကပ်ခြင်းမပြုနိုင်ပါ။ သူ့ကိုယ်သူလည်း အပြစ်တင်မိသည်။ သူသည် ဆယ်နှစ်လုံးလုံး သတင်းစာ ထုတ်ခြင်းမှအပ ဘာမျှ မလုပ်ခဲ့ပါတကား။ ကိုယ့်မိန်းမကို ဘယ်လို စကားပြောရမည်ဆိုသည်ကိုပင် မသိတော့ပါတကား။ ယခုတော့ သူသည် ညနေ မိုးချုပ် မှန်အိမ်ထွန်းပြီးသည်နှင့် စိတ်အားထက်သန်စွာဖြင့် ဇနီးအပါးသို့ ရောက်လာသည်။ စကားနည်းနည်းပါးပါးပြောသည်။ ချာရုကလည်း နည်းနည်းပါးပါး ပြောသည်။ ထိုနောက်





တွင်ကား ပြောစရာစကားတွေ ကုန်ခန်းသွားလေပြီ။ ကိုယ့်ဇနီးနှင့်ကိုယ် စကား ကြာကြာ မပြောနိုင်သည့်အတွက် သူရှက်သည်။ ကိုယ့်မိန်းမနှင့်ကိုယ် စကားပြောရသည့် အလုပ်သည် ဘာမျှ မခက်ဟု သူထင်ခဲ့သည်။ သို့ရာတွင် ပြောကြည့်သည့်အခါ၌ အခက်အခဲက စိတ်ပျက်စရာ ဖြစ်နေသည်။ လူထု ပရိသတ်ရှေ့တွင် မိန့်ခွန်းပြောရသည်ကမှ လွယ်ဦးမည်ထင်သည်။ ရယ်မောသံ၊ နောက်ပြောင်ကျီစယ်မှု၊ အပွေ့အဖက်၊ အယုအယတို့ဖြင့် တောက်ပ ရွှင်မြူးဖွယ်ကောင်းမည်ဟု ထင်ရသော ညနေခင်းများသည် သူ့အဖို့ ဝန်ထုပ် ဝန်ပိုးကြီးတွေ ဖြစ်နေသည်။ သူတို့ နှစ်ယောက်ကြားတွင် တိတ်ဆိတ်မှုက ဖိစီးနိုပ်စက် နေသည့်အခါများ၌ ငါသွားမှ ထင်တယ်ဟု သူတွေးမိသည်။ သို့ရာတွင် ချာရုကို စဉ်းစားမိသည့်အခါ၌ မသွားရက်နိုင်ဘဲ ဖြစ်နေသည်။

"ညီမရေ၊ အပျင်းပြေ ဖဲကစားကြရအောင်ကွာ"

"ကောင်းသားပဲ" ဟု ချာရုက ပြောသည်။

သို့ဖြင့် ချာရုသည် ဖဲကစားသည်။ ထို့နောက် အမှားမှားအယွင်းယွင်း ဖြစ်ကာ ရှုံးတော့သည်။ စိတ်ညစ်စရာ ပျော်ပွဲကြီး ဖြစ်နေသည်။

အတန်ကြာ စဉ်းစားပြီးနောက် တစ်နေ့တွင်မူ



www.burmeseclassic.com

www.burmeseclassic.com

ဘူပတိက မေးသည်။

"ညီမရေ၊ မင်းတစ်ယောက်တည်း ပျင်းနေရင် မန္တာကို ပြန်ခေါ်ပါလား"

"အို၊ မလိုပါဘူး၊ မခေါ်ချင်ပါဘူး" ဟု ချာရုက ပြတ်တောင်းစွာ ပြောသည်။

ဘူပတိက ရွှင်ပျစွာ ရယ်သည်။ မိသားစုကို ဦးစားပေးသည့် ဇနီး တစ်ယောက်သည် သူ့ဦးစားပေး မှုအား နည်းနည်းကလေး တွန်းလှန်ဖောက်ဖျက်သည်ကို သည်းမခံနိုင်ပါ။

ကိုယ့်ဘာသာကိုယ် ချုပ်တည်းနိုင်၍ ပြန်စဉ်းစား လိုက်သည့်အခါ၌ မန္တာကို ပြန်ခေါ်လျှင် သူ့ယောက်ျား ပျော်ပျော်ရွှင်ရွှင်များ ဖြစ်လာလေမလားဟု စဉ်းစား မိပြန်သည်။ မိမိသည် သူ့ယောက်ျားလိုချင်သည့် ပျော် ရွှင်မှုကို မပေးနိုင်။ ဤသည်ကို တွေးမိတိုင်း သူမ စိတ်ဆင်းရဲရသည်။ ဘူပတိသည် သူ့လောကဟောင်းကို စွန့်လွှတ်ခဲ့ခြင်းမှာ သူမနှင့် ပို၍ နီးစပ်လာရန် ပျော်ရွှင် ချမ်းမြေ့မှုကို ရှာရန် ဖြစ်၏။ ဘူပတိ၏ ကြိုးပမ်းအား ထုတ်မှုကို မြင်ရသည့်အခါ၌ သူ၏ ခံစားမှု ခေါင်းပါး ခြင်းကို မြင်ပြီး ထိတ်လန့်သွားခဲ့သည်။ ဘူပတိသည် သူနှင့် နီးစပ်အောင် ဘယ်လောက် ကြာကြာများ ကြိုးစား





အားထုတ်နေဦးမည်နည်း။ အခြား ကိစ္စများအတွက် ဘာ့ကြောင့်များ အားထုတ်ခြင်းမပြုပါသနည်း။ အဘယ့် ကြောင့် နောက်ထပ် သတင်းစာ တစ်စောင် မထုတ်ပါ သနည်း။ ယခု အချိန်အထိ မိမိအနေဖြင့် ဘူပတိ ပျော်ရွှင် ရန် ဘာကိုမျှ အားမထုတ်မိ။ ဘူပတိကလည်း သူ့ ထံက ဘာမျှ မတောင်းဆို။ ပျော်ရွှင်မှုကိုလည်း သူထံမှ တောင်းခံခြင်းမပြုခဲ့။ သူ့ကို အဓိက ဟူ၍လည်း သဘော ထား။ ယခုတော့ ဘူပတိသည် သူ၏ဆန္ဒတိုင်း ပြည့်ဝဖို့ အတွက် သူ့ကို တောင်းဆိုနေလေပြီ။ ဘယ်ဆီကို ရှောင် ပြေးရမည်ကို သူမ မသိပါ။ သူ့ဆီက ဘာကို လိုချင် သည်ကိုလည်း သူမ မသိပါ။ သူကျေနပ်မှုရအောင် ည်သို့ ပြုရမည် ကိုလည်း သူမ မသိပါ။ သိသည့်တိုင် အောင် သူ့ဆန္ဒတွေကို ဖြည့်စွမ်းဖို့ သူမ မတတ်နိုင်ပါ။ သူ့တောင်းဆိုချက်တွေက ဖြည်း ဖြည်းချင်းဆိုလျှင်လည်း ကြောင်း မဟုတ်သေး။ ယခုတော့ ချက်ချင်း လက်ငင်း လဲသွားမှုနှင့် တူ၏။ ဟာလာ ဟင်းလင်း အလှူခံခြင်း ကြောင့် သူမ ဘာမျှ မတတ်နိုင်တော့ပြီ။

"ဒီလိုဆိုရင်လည်း မန္တာကို ပြန်ခေါ်ပေါ့၊ မန္တာ ာက်လာရင် အစ်ကိုလည်း ပြုစုယုယခံရတာပေါ့"

"ဘာပြုစုယုယတာလဲကွ။ အစ်ကိုက ဒါလိုလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ မဟုတ်ပါဘူး"

ဘူပတိက ရယ်သည်။ သို့ရာတွင် ရင်ထဲမှာတော့ အောင့်သွား၏။ မိမိသည် တော်တော် ရုပ်ဆန်သူပါ တကား။ ကိုယ့်မိန်းမကို ပျော်ရွှင်မှု မပေးနိုင်ပါ တကား ဟု သူတွေးမိသည်။

ဘူပတိသည် စာပေတွေကို ဖတ်၏။ တင်နီဆန်း ဘိုင်ရွှန်စသူတို့၏ ကဗျာများနှင့် ဘန်ကင်းချန်ဒရာ၏ ဝတ္ထုများကို သဲသဲမဲမဲ ဖတ်သည်။ အချိန်အရွယ် မ ရောက်သေးဘဲ ကဗျာကို ဝါသနာပါရမလားဟု နောက် ကြ၏။

ဘူပတိက ပြုံးကာ

"ဝါးတောင်မှ ပွင့်သေးတာပဲဗျာ၊ ကံဆိုတာ ဘယ်သူပြောနိုင်တာမှတ်လို့"

တစ်ညနေ၌ ဘူပတိသည် မှန်အိမ်ကြီးကို ထွန်း ကာ အခန်းထဲတွင် ယောင်နနဖြင့် လမ်းလျှောက်နေရာမှ

"ကိုယ် စာဖတ်ပြမယ်လေ၊ နားထောင်မလား"

"ကောင်းသားပဲ"

"ဘာဖတ်ပြရမလဲ"

"ဖတ်ချင်တာဖတ်"

သူမက စိတ်မပါ့တပါဖြစ်နေသဖြင့် ဘူပတိ





စိတ်ပျက်သွား၏။ သို့ရာတွင် အားတင်းကာ

"တင်နီဆန်ရဲ့ ကဗျာကို ဘာသာပြန်ပြမယ်"

"ပြန်ပြလေ"

သို့ရာတွင် မအောင်မြင်ပါ။ ကိုယ်ကလည်း စိတ်မပါ၊ ချာရုကလည်း ထောက်ခံမှု သိပ်မပေးသဖြင့် စာဖတ်ရသည်မှာ အဆင်မပြေပါ။ ဘင်္ဂါလီစကားလုံး များမှာလည်း သိပ်မတိကျပါ။ ချာရုမှာ ခံစားချက် ကင်းမဲ့သော မျက်နှာဖြင့် စိတ်ထွေပြားလျက် ရှိ၏။ နွေးထွေး ငြိမ်သက်သည့် ညနေခင်းကလေးကို သူမျှော် လင့်ခဲ့ သော်လည်း မျှော်လင့်သလို ဖြစ်မလာပါ။ ဘူပတိသည် စာမျက်နှာ အနည်းငယ်ဖတ်ပြီး နောက် သူ့ဇနီးနှင့် စာပေ ဆွေးနွေးရန် စိတ်ကူးကို စွန့်လွှတ် လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

အာရုံကြော တစ်ခုသည် ပြင်းထန်စွာ ထိခိုက်မိသည့်အခါ၌ ထုံကျင်သွားကာ နာကျင်မှုကို ချက်ချင်း မသိဘဲ ဖြစ်သွား၏။ အမားလ် သွားပြီးခါစ ရက်များတွင် ချာရုအဖို့လည်း ထိုအတိုင်း ဖြစ်နေသည်။ ကြာလာသည့်အခါတွင် အိမ်တွင်းမှ ကိစ္စများသည်ပင် သူ့အဖို့ ဟာလာဟင်းလင်း ဖြစ်သည်ထက် ဖြစ်လာခဲ့သည်။ ဤသည်ကို မြင်လိုက်သည့်အခါ၌ ချာရုသည် လန့်ဖျန့်သွားကာ စိတ်တွေ ထွေပြားလာခဲ့သည်။ သူမသည် လျှို့ဝှက် ပန်းပေါင်းကူးမှ သဲကန္တာရကြီးထဲသို့ ရောက်သွားသည့်နှယ် ဖြစ်နေသည်။ ထို သဲကန္တာရကြီးသည် ယခုတော့ သူမ၏





မိုးကုတ်စက်ဝိုင်းအဆုံးထိ ရောက်အောင် ကျယ်ပြန့်လာခဲ့သည်။ စိတ်သဲကန္တာရကြီးသည် ဤမျှ ကျယ်ပြန့်ရလေသလားဟု တွေးရင်းလည်း တအံ့တသြ ဖြစ်နေသည်။

သူမသည် ရတ်တရက် နိုးကြားလာခဲ့ကာ အမားလ် မရှိတော့ဘူးဟု တွေးလိုက်မိတိုင်း နှလုံးသည် လျင်မြန်စွာ ခုန်လာခဲ့သည်။ ဝရန်တာတွင် ထိုင်၍ ကွမ်းယာသည့် အခါမျိုးတွင်လည်း အမားလ်ကို သတိမရသည့် အခါဟူ၍ တစ်ခါမျှ မရှိသေး။ ချာရုသည် ယောင်တီးယောင်တန်းဖြင့် ကွမ်းယာတွေကို တစ်ယာပြီး တစ်ယာ ယာနေလေ၏။ ထိုနောက်မှ ထိုကွမ်းယာများကို စားမည့်သူမရှိကြောင်းကို သတိရသည်။ စတိုခန်းထဲသို့ ဝင်တိုင်းလည်း စတိုခန်းထဲမှ စားစရာများကို ချကျွေးရမည့် အမားလ်မရှိတော့ကြောင်းကို သတိရတော့သည်။ တစ်ခါတစ်ရံတွင်လည်း ချာရုသည် အိမ်ထဲ၌ အခန်းပေါက်ဝတိုင်းကို အရောက်သွားရင်း အမားလ်သည် ကောလိပ်ကျောင်းမှ အိမ်သို့ ပြန်လာတော့မည် မဟုတ်ကြောင်းကို သတိရသည်။ ယခုအချိန်၌ ချာရုတွင် ဖတ်စရာစာအုပ်လည်း မရှိတော့။ ရေးစရာ ဆောင်းပါးလည်း မရှိတော့၊ သတင်းပလင်းလည်း မရှိတော့။ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားစရာဆို၍ ဘာမျှ မရှိတော့။ သူအုပ်ချုပ်ပေးရမည့်သူ စာရေးပေးရမည့်သူ၊ စိတ်ကူးရသည့် ပစ္စည်းကလေးများကို ဝယ်၍ လက်ဆောင်ပေးရမည့်သူလည်း မရှိတော့။

သူ့ခံစားမှုသည် လျော့သွားသည် မရှိဘဲ တိုးသည်ထက် တိုးလာသည်ကို ကြည့်၍ ချာရုကိုယ်တိုင် အံ့အားသင့်နေသည်။ ချာရုသည် လန့်သွား၏။

"ဘာဖြစ်လို့ ဒီလောက်လွမ်းနေရတာလဲ၊ ဒီလောက် လွမ်းဆွေးနေရအောင် အမားလ်နဲ့ ငါနဲ့ ဘာဆိုင်လို့လဲ။ အိမ်စေတွေဆိုရင် ဘာမှ ပူပင်သောက မရှိဘဲ သူတို့ အလုပ်ကို သူတို့ လုပ်နေနိုင်တာပဲ။ ငါကော ဘာဖြစ်လို့ သူတို့လို မလုပ်နိုင်ရမှာလဲ။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား၊ တပည့်တော် ဘာဖြစ်လို့ ဒီ သောကတွေကို ပေးရတာလဲဘုရား"

ချာရုသည် တစ်ခါတစ်ရံ ထိုသို့ ရွတ်ဆိုမိသည်။

ချာရုသည် သူ့ကိုယ်သူ အတင်းချုပ်တည်းသော်လည်း အလွမ်းဓာတ်မှာ ပျောက်မသွားပါ။ အမားလ်ကို လွမ်းလိုက်ပုံမှာ ရှောင်ပြေးစရာနေရာမရှိတော့သလောက် ဖြစ်နေသည်။ ဘယ်နေရာရောက်ရောက် အမားလ်ကိုသာ သတိရနေတော့သည်။ အရိပ်အကဲ မသိ၊ ချစ်ရုံသာ ချစ်တတ်သော ဘူပတိမှာ ထိုအဆွေးများမှ သူမကို





ကာကွယ်ပေးရမည့်အစား အမားလ်၏ အကြောင်းကိုသာ ပြောနေတတ်သဖြင့် ပို၍ သတိရအောင် လုပ်ပေးသည့်နှယ် ဖြစ်နေသည်။

နောက်ဆုံး၌ ချာရုသည် တိုက်ပွဲကို အရှုံးပေးလိုက်ကာ သူ့နှလုံးသားထဲတွင် အမားလ်အတွက် နေရာကလေးတစ်နေရာကို ဖန်တီးပေးလိုက်ခြင်းဖြင့် အရှုံးကိုလက်ခံလိုက်သည်။ အမားလ်ကို အောက်မေ့သတိရခြင်းသည် သူမ အတွက် ဂုဏ်ယူစရာ ဖြစ်နေသည်။ နေ့စဉ် သူမသည် အချိန်တစ်ချိန် သတ်သတ်ယူကာ တံခါးကို ပိတ်ပြီး အမားလ်နှင့်အတူ နေခဲ့ရသည့် ရက်အကြောင်းများကို တွေးနေတတ်သည်။ သူမသည် မျက်နှာကို ခေါင်းအုံးတွင် ကပ်ကာ "အမားလ်ရေ၊ အမားလ်ရေ" ဟု စိတ်ထဲမှ ရွတ်ဆိုနေတတ်သည်။ ထိုအခါမျိုးတွင် "အစ်မရေ၊ အစ်မရေ" ဟူသော အဝေးမှ ခေါ်သံလိုလို အသံကို ကြားယောင်လာတတ်၏။ သူမသည် မျက်လုံးများကို မှိတ်ထားလိုက်ကာ

"အမားလ်ရယ်၊ အစ်မကို ဘာဖြစ်လို့ စိတ်ဆိုးပြီး ထွက်သွားရတာလဲ၊ မင်းအပေါ်မှာ ဘာများအမှားလုပ်ခဲ့မိလို့လဲ။ မင်းကို အစ်မ ဘယ်တော့မှ မမေ့ဘူးကွယ်၊ တစ်နေ့၊ တစ်ရက်၊ တစ်နာရီ၊ တစ်မိနစ် ကလေး



www.burmeseclassic.com

www.burmeseclassic.com



တောင် မကပါဘူး။ မင်းဟာ အစ်မရဲ့ ဘဝထဲ အကောင်းဆုံးတွေကို ထုတ်ယူသွားခဲ့တယ်။ အဲဒီ အရာတွေနဲ့ မင်းကို အစ်မ နေ့တိုင်း ပူဇော်ပါတယ်”

သို့ဖြင့် သူမ၏ နေ့စဉ် လုပ်ငန်းဆောင်တာများအောက်တွင် သောကဖြင့် မှည်းမှောင်ပြီး မျက်ရည်တို့ဖြင့် ပန်းကုံးဖွဲ့ထားသော လျှို့ဝှက် ဗီမာန်ကလေး တစ်ခုကို ချာရု တည်ဆောက်မိလာခဲ့သည်။ ထိုဗိမာန်ကလေးတွင် အမားလ်မှလွဲ၍ သူခင်ပွန်းသော်လည်းကောင်း၊ အခြားသူ တစ်ဦးတစ်ယောက်မျှသော်လည်းကောင်း အခွင့်အာဏာ မရှိပါ။ ထိုနေရာသည် သီးသန့်နေရာဖြစ်သလို တည်ကြည်၍ အမြတ်တနိုးထားအပ်သော နေရာလည်း ဖြစ်ပါသည်။ ထို ဗိမာန်တခါးဝသို့ ရောက်လျှင် သူမသည် သူမ၏ နေ့စဉ်လုပ်ငန်း ဇယား မျက်နှာဖုံးကို ချွတ်ပစ်ခဲ့ကာ သူမ၏ ပင်ကိုယ်မူလအတိုင်း ဝင်လာခဲ့ပါသည်။ ထို ဗိမာန်မှ မျက်နှာဖုံးကို တပ်၍ ပြန်ထွက်လာသည့်အခါတွင် သူမသည် အတု အယောင်ဖြစ်သည့် နေ့စဉ် လုပ်မှုကိစ္စများအတွက် ခွန်အား ပြည့်တင်းလာခဲ့သည်။





၁၆

မိမိ၏ အတွင်းပဋိပက္ခများကို သတိချုပ်၍ ငြိမ်သက်အောင်လုပ်နိုင်ခဲ့သည့် အခါတွင် ချာရု၏ ဗဟိဒ္ဓသန္တာန်သည် တည်ငြိမ်လာခဲ့ကာ မိမိ၏ ခင်ပွန်းသည်အား စိတ်ရော ကိုယ်ပါ ပြုစုစောင့်ရှောက်လာနိုင်ခဲ့သည်။ သူအိပ်ပျော်နေစဉ် ချာရုသည် သူ့ခြေဖဝါးမှ ဖုန်မှုန်များကို အသာအယာ သုတ်ပေး၏။ အိမ်မှုကိစ္စများကို လုပ်နေသည့် အချိန်တွင်လည်း သူမသည် ခင်ပွန်းသည်၏ အသေးငယ်ဆုံးသော ဆန္ဒကလေးကိုပင် ဖြည့်တင်းပေးခဲ့သည်။ လက်အောက်ငယ်သားများနှင့် ဆက်[illegible]ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း ယောက်ျားသဘောကျလုပ်ပေးကာ ညှော့ဝတ်ပျူငှာမှု၏ အသက်ဝိညာဉ်ဖြစ်နေသည်။ နေ့စဉ် နေ့တိုင်း မိမိ၏ တာဝန်များပြီးဆုံးသည့်အခါ၌လည်း ဘူပတိမစားဘဲ ကျန်နေသည့် စားကြွင်းစာကျန်များသည် သူမ၏ နတ်သုဒ္ဓါ ဖြစ်နေသည်။

သူမ၏ အရေးတယူဂရုစိုက်မှုသည် စိတ်ဓာတ်ကျ နေသော ဘူပတိအား ဒုတိယလူငယ်ဘဝကို ပြန်ရောက်စေသည်။ သူစိတ်ထဲ၌ သူသည် အသစ်ပြန်၍ အိမ်ထောင်ကျသည့်နှယ် ဘူပတိ ပထမဆုံး အကြိမ်ထင်မိ၏။ သူသည် ပွင့်လန်း ရှင်သန်လာကာ အဝတ်အစားကို ကျကျနန ဝတ်၏။ အပြုံးတို့ ဝေနေ၏။ ရွှင်လန်းမြူးတူးနေ၏။ သူ၏ စိုးရိမ်သောကဟူသမျှသည် အဝေးသို့ လွင့်စင်သွား ကြလေပြီ။ မကျန်းမာပြီးသည့်နောက် အစားအသောက်နှင့် အားခွန်တို့ တစ်ဖြည်းဖြည်း တိုးလာခဲ့သလို ဘူပတိ၏ စိတ်ဓာတ်သည်လည်း မြင့်တက်လာခဲ့သည်။ သူသည် မကြုံစဘူးသော ခံစားချက်ပီတိအဟုန်ဖြင့် ရှင်သန်နေသည်။ သူသည် စာပေများကို ဖတ်လျှင်လည်း ကဗျာ လောက်ကိုသာ ဖတ်တော့သည်။

"သတင်းစာက ငါ့ကို ဒုက္ခပေးပြီး စွန့်ခွာပြေးသွားပေမယ့် နောက်ဆုံးတော့ ငါ့မယားကို ငါ ပြန်တွေ့





ရပြီ" ဟု ကိုယ့်ဘာသာကိုယ် ပြောမိသည်။

"ညီမ၊ ခုတလော စာတွေ ဘာတွေ မရေးတော့ဘဲကိုး" ဟု သူက ပြောသည်။

"အို တော်စမ်းပါ၊ မရှုးမနှမ်း"

"တကယ်ပြောတာ။ ခုခေတ် ဘင်္ဂါလီစကား ပြောမှာ ညီမရဲ့ စကားပြေလောက် ကောင်းတာ တစ်ခုမှ မရှိဘူး"

"အစ်ကိုနော်၊ တော်တော့လို့ဆို"

ဘူပတိက စာစောင်တစ်ခုကို ထုတ်ပြပြီး အမားလ်၏ စာအရေးအသားနှင့် သူ့အရေးအသားကို ယှဉ်ပြသည်။

"ဒီမှာကြည့်လေ"

ချာရုက မျက်နှာနီရဲကာ စာစောင်ကို လုယူပြီး ဆာရီထဲတွင် ဝှက်ထားလိုက် ၏။

"ရည်ညွှန်းရမယ့် တစ်ယောက်ယောက် မရှိတော့ရင် စာပေအရေးအသားဟာ တိုးတက်ဖွံ့ဖြိုးမလာတော့ဘူး။ ဟုတ်တယ်။ ငါလည်း စာရေးဦးမှပဲ။ ဒါမှ ချာရုလည်း စာရေးချင်စိတ်ပေါ်လာမှာ"

ဘူပတိသည် မှတ်စုကလေး တစ်အုပ်ကို တိတ်တိတ်ထားပြီး နေ့စဉ် နည်းနည်းရေး၏။ အဘိဓာန်ကို



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် ကြည့်ခြင်း၊ ဖျက်ခြင်း၊ အသစ်ပြန်ရေးခြင်း စသည့် အလုပ်များဖြင့် နေ့စဉ် အလုပ်များနေသည်။ စာရေးရ သည်မှာ လွန်စွာ အားထုတ်ရသည့် အတွက် နောက်ဆုံး၌ ဘူပတိသည် သူရေးသည့်စာကို ယုံကြည်သက်ဝင်လာ ရုံမျှမက ချစ်ခင်နှစ်သက်၍လည်း လာခဲ့သည်။ ထို့ပြင် တစ်ယောက်ကို အကူးခိုင်းကာ မိတ္တူကို သူ့ဇနီးအား ပြသည်။

"အစ်ကိုရဲ့ မိတ်ဆွေတစ်ယောက်ရေးတာ၊ သူက စာရေးဝါသနာပါတယ်လေ၊ အစ်ကို့ကို ဖတ်ပြီး ပြင်ပေး ပါတဲ့၊ အစ်ကိုက နားလည်ဘူး၊ ညီမဖတ် ကြည့်စမ်းပါ"

ဘူပတိသည် ချာရုကို စာအုပ်ကလေး ပေးပစ်ခဲ့ပြီး အခန်းပြင်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

သူ၏ ရိုးအလှသော ပရိယာယ်သည် သူ့ဇနီး ကို လိမ်လည်၍ မရပါ။ ချာရုက ဖတ်ကြည့်၍ ရေးဟန် နှင့် အကြောင်းအရာကို ကြည့်ပြီး ပြုံးမိသည်။ မည်မျှ ထောင့်သည့် စာနည်း။ မိမိသည် သူ့ယောကျ်ားကို သူ ကြည်ညိုကိုးကွယ်ချင်သည်။ သို့ရာတွင် သူက သူမ စွန့်ကြဲမှုကို ကလေးလေးတစ်ယောက်လို တောင်းဆို နေပါတကား။ အကယ်၍ ဘူပတိက ဘာမျှ မလုပ်လျှင် သူမ၏ ချီးကျူးမှု အရေးပေးမှုကို ရအောင် ကြိုးစားခြင်း မပြုခဲ့လျှင် သူ့ကိုယခုထက်ပို၍ ကိုးကွယ်ဖို့ လွယ်ပေ





လိမ့်မည်။ သူသည် သူမနှင့် လာ၍ နှိုင်းယှဉ်ခြင်းဖြင့် သူကိုယ်သူ သေးသိမ်သည့်အဖြစ်သို့ မရောက်ပါစေနှင့် ဟု သူမ ဆုတောင်းမိပါသည်။

သူမက မှတ်စုစာအုပ်ကို ပြန်ပိတ်လိုက်ပြီး ခေါင်း အုံးကို မှီကာ အဝေးသို့ ငေးကြည့်ရင်း အတန်ကြာ ဆွေးနေမိသည်။ တစ်ခါတုန်းက အမားလ်ကလည်း သူ့ကို ဆောင်းပါးသစ်တွေ လာပေးဖူးသေးသည်။

ထိုနေ့သနေ့၌ စိတ်အားထက်သန်နေသော ဘူ ပတိသည် အိပ်ခန်းဝရန်တာသို့ ရောက်လာကာ ပန်းအိုး များကို ကြည့်ရင်း သူစိတ်ထဲတွင် ရှိသည့် မေးခွန်းကို မမေးရဲဘဲ ဖြစ်နေသည်။ ချာရုက

"ဆောင်းပါးက အစ်ကို မိတ်ဆွေရဲ့ ပထမဆုံး ဆောင်းပါးလား"

"ဟုတ်တယ်"

"တော်တော်ကောင်းသားပဲ ပထမဆုံးရေးတဲ့ ဆောင်းပါးနဲ့တောင် မတူဘူး"

ဘူပတိ ဝမ်းသာသွား၏။ စာစောင်နာမည်ကိုပင် ခဉ်းစားဖို့ လိုသေးသည်။ သူ့မှတ်စုစာအုပ်ကလေးသည် ကြောက်စရာနှုန်းဖြင့် ကုန်သွား၏။ သူ့အမည်လည်း စာစောင်ထဲတွင် ပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



၁၇

နိုင်ငံခြားမှ စာလာသောနေ့များကို ချာရသိပြီးသား ဖြစ်သည်။

ပထမဆုံးလာသော စာမှာ အေဒင်မှ ထည့်လိုက်သော စာဖြစ်ပြီး ဘူပတိကို လိပ်တပ်ထား၏။ စာထဲတွင် အစ်မကို နှုတ်ဆက်ကြောင်းဖြင့်လည်းပါ၏။ စူးအက်မှ ရေးလိုက်သော စာထဲတွင်လည်း အစ်မကို နှုတ်ဆက်ကြောင်းပါသည်။ မော်လတာမှ ရေးလိုက်သော စာထဲတွင်မူ အစ်မကို နှုတ်ဆက်ကြောင်း စာကြွင်း အဖြစ်ပါလာသည်။ သို့ရာတွင် ချာရထံသို့ကား တစ်စောင်မျှ သတ်သတ် မရေးပါ။ သူမသည် ဘူပတိထံ ရေးသည့်



စာများကို အစမှ အဆုံးတိုင်ဖတ်၏။ အထပ်ထပ် အခါခါ ဖတ်၏။ နှုတ်ဆက်ကြောင်းမှ အပ သူနှင့်ပတ်သက်၍ အခြားဘာမျှ ရေးမထားပါ။

ထိုစာများထဲမှ ဥပေက္ခာပြုမှုသည် ချာရ၏ ခံတပ်များကို ချိုးဖောက်တိုက်ခိုက်နေကြလေပြီ။ ချာရသည် စိတ်ညစ်မှုဖြင့် ဆုတ်ခွာ မပေးနိုင်တော့၊ သူမ၏ နှလုံးသားသည် ပြန်၍ နာကျင်လာ၏။ သူမ၏ နေ့စဉ် အလုပ်များကို လုပ်နေစဉ် သူမသည် ကျရောက်လာတော့မည့် ငလျင်ကြီး၏ တုန်ခါမှုများကို စမ်းသပ် ထိတွေ့နေရသည်း

တစ်ညသ၌ ဘူပတိသည် တစ်ရေးနိုးလာ၏။ အိပ်ရာထဲတွင် ချာရကို မတွေ့ရချေ။ တောင်ဘက်ခန်းက ပြတင်းပေါက်တွင် ငုတ်တုတ်ထိုင်နေသော ချာရကို တွေ့ရသည်။ ချာရက လျှင်မြန်စွာ ထလိုက်ကာ

"အိုက်လွန်းလို့ ဒီမှာ လာထိုင်နေတာ"

ဘူပတိသည် စိုးရိမ်သွားကာ အိပ်ရာပေါ်တွင် ပန်ကာတစ်ခု အဆင်ခိုင်းသည်။ အနားတွင် တစ်ရစ်ဝဲဝဲဖြင့် သူ့ကျန်းမာရေးကို တဖွဖွ မေးသည်။ သူမက ရယ်မောကာ

"ကောင်းပါတယ်၊ အစ်ကိုရဲ့၊ ဘာဖြစ်လို့ ဒီ



www.burmeseclassic.com

www.burmeseclassic.com

လောက် စိတ်ပူနေရတာလဲ"

ရယ်သာရယ်ရသော်လည်း ဖျစ်ညှစ်ရယ်ခြင်းမျိုးသာ ဖြစ်ပါသည်။

အမားလ်မှာ အင်္ဂလန်သို့ ရောက်သွားလေပြီ။ လမ်းတွင် စာတစ်စောင်စီ ရေးဖို့ အချိန်မရသောကြောင့်သာ သူ့ဆီကို မရေးခြင်း ဖြစ်မည်။ အင်္ဂလန်ရောက်လျှင်တော့ စာရှည်ရှည်ရေးလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။ သို့ရာတွင် စာမလာပါ။ နိုင်ငံခြားစာ ဝေသည့်နေ့ဆိုလျှင် ချာရှသည် ယောက်ယက်ခတ်ကာ အိမ်အနှံ့လျှောက်သွားနေသည်။ အိမ်စေများနှင့် စကားပြောသည်။ သို့မဟုတ်လျှင်လည်း သူ့ခင်ပွန်းနှင့် စကားပြောသည်။ "မင်းအတွက် စာမပါဘူးကွ" ဟု ဘူပတိက ပြောမည်စိုးသဖြင့် စာအကြောင်းကိုပင် မမေးရဲ။

တစ်နေ့သ၌ ဘူပတိသည် လင်းထိန်အောင်ပြုံးလျက် အခန်းထဲသို့ ဝင်လာပြီး

"ညီမကို ပြစရာတစ်ခုရှိတယ်။ ကြည့်မလား"

ချာရှက စိတ်အားထက်သန်စွာဖြင့်

"ဟုတ်လား၊ ဘာလဲ"

ဘူပတိက နောက်ပြောင်သည့်ဟန်ဖြင့် မပေးဘဲနေသည်။





ချာရှက အတင်းလိုက်လု၏။ သည်နေ့ စာလာလိမ့်မယ်ဟု သူ့စိတ်ထဲက ထင်နေသည်။ သည်လိုထင်လျှင် မှန်တတ်သည် မဟုတ်လော။

ဘူပတိ မပေးဘဲ အိပ်ရာကို ကွေ့ပတ်ပြေးသည်။ ချာရှမှာ စိတ်တိုသွားကာ ခုတင်ပေါ်တွင် ထိုင်ချလိုက်သည်။ မျက်ရည်တွေလည်း ဝဲလာသည်။ ဤတွင်မှ ဘူပတိက လန့်ဖျတ်သွားကာ သူ့မှတ်စု စာအုပ်ကလေးကို ထုတ်ပြီး ချာရှ၏ ပေါင်ပေါ်သို့ တင်လိုက်၏။

"စိတ်မဆိုးနဲ့နော်။ ရော့"


www.burmeseclassic.com

www.burmeseclassic.com



၁၈

သင်ခန်းစာတွေများသဖြင့် တော်တော်နှင့် စာရေးနိုင်မည် မဟုတ်ကြောင်း ဘူပတိထံ အကြောင်းကြားပြီးဖြစ်သည်။ သို့ရာတွင် တစ်ပတ် နှစ်ပတ်လောက် စာမရောက်သည်နှင့် ချာရုရှ်၏ ကမ္ဘာကြီးသည် ဆူးခင်းသောကမ္ဘာကြီး ဖြစ်နေသည်။ တစ်ညနေ သူတို့နှစ်ယောက်စကားထိုင်ပြောနေကြစဉ် ချာရုက အမှတ်တမဲ့ ပြောဟန်ဖြင့်

"အမားလ်ဆီက စာတို့ ဘာတို့လည်း မလာဘူး။ နေထိုင်မှ ကောင်းရဲ့လား မသိဘူး။ ကြေးနန်းရိုက်





ကြည့်စမ်းပါလား"

"စာမလာတာ နှစ်ပတ်လောက်ပဲရှိ သေးတယ်လေ။ ကျောင်းစာတွေများလို့ မရေးနိုင်တာထင်ပါရဲ့"

"ဒီလိုဆိုရင်တော့ ကိစ္စမရှိပါဘူး၊ ညီမက နိုင်ငံခြားမှာ တစ်ယောက်တည်းဆိုတော့ နေထိုင်မကောင်းများဖြစ်နေသလားလို့"

"နေထိုင်မကောင်းဘူးဆိုရင်တော့ ကြားရမှာပါ။ ကြေးနန်းရိုက်ဖို့ဆိုတာ ကလည်း ပိုက်ဆံ သိပ်ကုန်တယ်မဟုတ်လား။

"ဟုတ်လား၊ ညီမက တစ်ကျပ် နှစ်ကျပ်လောက်ပဲကျမယ်ထင်တာ"

"ဘယ်ကမလဲ၊ တစ်ရာလောက်ကျတာ"

"အမယ်လေး၊ ဒီလိုဆိုရင်လည်း ဘယ်ရိုက်ပါ့မလဲ"

နောက်တစ်ရက် နှစ်ရက်အကြာတွင် သူမက

"မမဆီကလည်း ဘာသတင်းမှ မကြားရတာကြာပြီ။ နေ့လို့ ထိုင်လို့မှ ကောင်းရဲ့လားမသိဘူး။ ဘွန်ချူရာကို လိုက်သွားပြီး ကြည့်ပါလား"

"ဘာဖြစ်လို့လဲ၊ နေထိုင်မကောင်းလို့လား"

"ကောင်းတော့ ကောင်းမှာပါ။ အစ်ကိုနဲ့မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာတော့ တွေ့ရရင် သူတို့လည်း ဝမ်းသာမှာပေါ့"

ဘူပတိသည် ရထားတစ်စင်းကို ခေါ်ကာ ဟောင်ရာဘူတာကြီးသို့ လာခဲ့သည်။ လမ်းတွင် နွားလှည်းတွေ ပိတ်နေသဖြင့် ရထားရနေရစဉ် စာပို့သမားက သူ့ကို မှတ်မိသွားကာ ကြေးနန်းတစ်စောင်ပေးသွားသည်။ အင်္ဂလန်မှ လာသည့် ကြေးနန်းဖြစ်သည်ကို တွေ့ရသဖြင့် ဘူပတိ ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။ အမားလ်သည် တကယ်ပင် နေထိုင်မကောင်း ဖြစ်နေသလော။ ကြောက်ကြောက်ဖြင့် ကြေးနန်းကိုဖွင့်ဖတ် လိုက်၏။

"နေကောင်းသည်" ဟု ကြေးနန်းတွင်ပါသည်။

ဘာသဘောနည်း။ ကြေးနန်းပုံစံစာရွက်ကို ကြည့်သည့်အခါတွင် ကြေးနန်းမှာ ရိုက်ခပေးပြီးသားကို ပြန်ကြားသည့် ကြေးနန်း ဖြစ်ကြောင်း တွေ့ရသည်။

ဘူပတိသည် ဘူတာရုံသို့ မသွားတော့ပါ။ ရထားကို လှည့်ပြီး အိမ်ပြန် အမောင်းခိုင်းပြီး ကြေးနန်းကို ဇနီးအားပြ၏။ သူ့လက်ထဲက ကြေးနန်းစာရွက်ကို မြင်လိုက်သည့်အခါတွင် ချာရု၏မျက်နှာမှာ သွေးဆုတ်သလို ဖြူလျော်သွားသည်။

"ဘာသဘောလဲကွ၊ ကိုယ်နားမလည်ဘူး"

ဘူပတိက ပြောသည်။ စုံစမ်းကြည့်သည့် အခါ





တွင် ချာရုသည် လက်ဝတ် လက်စားကို ပေါင်၍ ကြေးနန်းရိုက်ခြင်းဖြစ်ကြောင်း သိလာရသည်။ တကယ်ဆိုလျှင် လက်ဝတ်လက်စားကို ပေါင်စရာမလိုပါ။ သူ့ဆီကို တောင်းလျှင် ပေးမည်သာ ဖြစ်သည်။ သူမသိအောင် အိမ်စေကို အပေါင်ဆိုင်လွှတ်ပြီး အပေါင်ခိုင်းသည်ကမူ မသင့်လျော်။ ထို့ပြင် သူ့ဇနီးသည်သည် ဘာ့ကြောင့် အရေးတကြီး သံကြိုးရိုက်သနည်း။ သံသယသည် သူ့ရင်ထဲတွင် ဝဲနေသည်။ ဘူပတိသည် ထိုသံသယကို ရင်မဆိုင်ချင်။ ထို့ကြောင့် ဥပေက္ခာပြုသည်။ သို့ရာတွင် စိုးရိမ်မှုသည် သူ့စိတ်ကို ကိုက်ဖြတ် ဝါးမျိုလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

အမားလ်သည် နေထိုင်ကောင်းနေသည်။ သို့ရာတွင် သူစာမရေးပါ။ ဘာ့ကြောင့် အဆက်ဖြတ်ထား ရသနည်း။ ချာရုသည် မျက်နှာချင်းဆိုင်ပြီး ထိုမေးခွန်းကို မေးလိုက်ချင်သည်။ သို့ရာတွင် သူတို့နှစ်ယောက်ကြားတွင် သမုဒ္ဒရာကြီး ဆီးတားနေပါသည်။ ကွေကွင်းရခြင်းသည် မည်မျှ ရက်စက်ကြမ်းကြုတ်ပါသနည်း။ ကုစားစရာဆို၍ ဘာမျှမရှိပြီ။

ချာရုသည် ကြာကြာအောင့်အီး မနေနိုင်တော့။ အိမ်မှုကိစ္စကိုလည်း မလုပ်နိုင်။ အားလုံးကို မေ့နေလေပြီ။





အိမ်စေတွေကလည်း ပစ္စည်းတွေကို ခိုးကြသည်။ သူမအခြေအနေကို မြင်သည့်အခါတွင် လူတွေကလည်း အမျိုးမျိုး ပြောကြသည်။ ချာရုကမူ ထို အမှုအရာများကို ဂရုမစိုက်နိုင်ပြီ။

၂

ဘာမှ မဟုတ်တာကလေးကို မြင်လျှင်လည်း လန့်နေတတ်သည်။ စကား ပြောလျှင် ငိုမိမည် စိုးသည့်အတွက် စကားမပြောနိုင်။ အမားလ်၏ နာမည်ကို ကြားလျှင် မျက်နှာဖြူဖပ် ဖြူရော် ဖြစ်သွားတတ်သည်။ နောက်ဆုံး၌ သူ့အား ငေးငေးကြီး စိုက်ကြည့်နေသည့် မျက်လုံးများ၏ အဓိပ္ပာယ်ကို ဘူပတီပင် နားလည် လာခဲ့သည်။ သူ့ကမ္ဘာကြီးသည်လည်း ဟောင်းနွမ်းခြောက်သွေ့ကာ ပုပ်သိုး သွားခဲ့လေပြီ။ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရသည့်နေ့များကို ပြန်စဉ်းစားလိုက်တိုင်း ရင်နာလာသည်။ မသိနားမလည်သည့် မျောက်သည် ကျောက်ခဲကို ရတနာခဲ ထင်မှတ်ခဲ့လေပြီ။ ချာရု၏ ချစ်ခင်မှု ယုယမှုတို့သည် သူ့ကိုနှစ်သိမ့်မှု ပေးရမည့်အစား ခြောက်လှန့်ကျိန်ဆဲ နေသကဲ့သို့ ရှိလေ၏။ ငါဟာ လူ့အန္ဓ၊ လူ့အန္ဓ ဟု သူကိုယ်သူ ပြောမိသည်။ သူသဘောကျအောင် စာတွေ ကြိုးစားရေးခဲ့ရပုံကို သတိရကာ မြေပြုံခဲ့လိုက်ချင်သည်။ နှင်းဖြင့်တို့လိုက်သလို သူသည် ချာရုထံသို့ ရောက်လာကာ



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ ဆောင်းပါးတွေကော ဘယ်မှာလဲ"

"ညီမဆီမှာ ရှိပါတယ်"

"ပြန်လိုချင်တယ်"

ထိုအချိန်က ချာရုမှာ သူ့အတွက် ကြက်ဥကြော်နေချိန် ဖြစ်သည်။

"ခုလိုချင်လို့လား"

"ခုလိုချင်တယ်"

ချာရုသည် ဒယ်အိုးကိုချပြီး ကြောင်အိမ်ထဲမှ မှတ်စုစာအုပ်နှင့် စာရွက်များကို ထုတ်ပေးသည်။

ဘူပတိသည် သူ့ထံမှ ဖျတ်ကနဲ ဆွဲယူကာ မီးပုံထဲသို့ ထည့်လိုက်၏။ ချာရုက

"ဟင်၊ အစ်ကို ဘာဖြစ်လို့လဲ" ဟု ဆိုကာ မှတ်စုစာအုပ်ကို ပြန်ယူဖို့ ကြိုးစားသည်။ ဘူပတိက သူ့ကိုဆွဲထားကာ

"နေပေစေ၊ လောင်ပေ့စေ"

ချာရုသည် ဘာလုပ်ရမည်မသိဘဲ ရပ်နေသည်။ နောက်ဆုံးစာရွက်အထိ မီးလောင်သွားလေပြီ။ သို့ရာတွင် သူ့ရှေ့တွင် မီးတောက်တွေရှိသည်။ သွေးက ငယ်ထိပ်သို့ ရောက်လာသည်။ သူကြိုးစားပမ်းစား ရေးခဲ့သမျှ သူ့ကို လိမ်သူ၏ လက်ထဲသို့ ရောက်နေသည်ကို တွေ့ရ





သည့် အခါတွင် အလှည့်စားခံရသူသည် စိတ်ကိုမထိန်းနိုင်တော့။ သူ၏ စွဲလန်းစိတ်တို့သည် ကုန်ခန်းသွားခဲ့ပြီ။ အမှားနှင့် သောကဏ၏ ဝန်ထုပ်အောက်တွင် ရောက်နေသည့် ချာရုကို သတိရလာသည်။ ယခု ကြည့်လိုက်သည့် အခါ၌ ချာရု ချက်နေသည့် ဟင်းလျာမှာ သူအကြိုက်ဆုံး ဟင်းလျာဖြစ်နေသည်ကို တွေ့ရသည်။

သူသည် အခန်းပြင်သို့ ထွက်လာကာ ဝရန်တာကို မှီပြီး ရပ်နေသည်။ သူ့ကို ချာရု ဦးစားပေးပုံ၊ သူ့အစား ချာရု ကိုယ်ကျိုးစွန့်ပုံတို့သည် ကြီးမားသော မဟာမေတ္တာ၊ မဟာကရုဏာ ဖြစ်သည်ကို တွေ့လာရသည်။ ချာရု၏ ကိုယ်ကျိုး စွန့်မှုသည် မည်ကာမတ္တ မဟုတ်။ သူမ၏ ဒါဏ်ရာရနေသော နှလုံးသားကို ကုစားရင်း တစ်ဖက်က သူ့အပြစ်ကို ကြေအောင် သူ့အား ပြုစုယုယနေပုံသည် တော်ရုံ တန်ရုံ သတ္တိ မဟုတ်။ သနားစရာကောင်းတဲ့ ချာရု။ တကယ်ကတော့ သည်လို မဖြစ်သင့်ပါ။ ချာရု၏ အချစ်သည် သူနှင့် မတန်ပါ။ သူသည် တစ်လျှောက်လုံး ချာရု၏ အချစ်ကိုလည်း မရခဲ့ပါ။ မရခဲ့ကြောင်းကိုလည်း မသိပါ။ သူသိသည်မှာ ရေးဖတ်ခြင်း သတင်းစာ ဆောင်းပါးရေးခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ချာရုသည် သူ့အတွက် သည် လောက် အနစ်နာမခံသင့်ပါ။

သူသည် သူ့ဘဝကို ချာရုဘဝနှင့် ဝေးအောင် အမြဲလုပ်ခဲ့၏။ သေခါနီး လူနာတစ်ယောက်ကို ဆရာဝန် က ကြည့်သည့်နှယ်သာ ဖြစ်၏။ ထို့ကြောင့် ချာရု၏ အကာအကွယ်မဲ့သော နှလုံးသားကို လောကကြီးက ခွန်တိုက် အားတိုက် တိုက်ခိုက်သောအခါ သူဘာမျှ မသိခဲ့။ ချာရုတွင် ဘယ်သူ့ကိုမျှ ဖွင့်ပြောစရာမရှိ။ ပြောစရာစကားလုံးတွေ မရှိ။ မျက်ရည်တွေကို သွန်ချ စရာ နေရာမရှိ။ သို့တိုင် ချာရုသည် ထိုဖော်ပြ၍ မရနိုင်သော၊ ကုစား၍ မရနိုင်သော သောကကို ခါး စည်းခံခဲ့၏။ တစ်ချက်ကလေးမျှ ဣန္ဒြေ မပျက်စေဘဲ အိမ်မှုကိစ္စတွေကို လုပ်ခဲ့၏။

ဘူပတိသည် အိပ်ခန်းဆီသို့ ပြန်လာခဲ့သည်။ ချာရုက ပြတင်းပေါက်ဘောင်ကို ကိုင်ရင်း ရပ်နေသည်။ မျက်တောင်မခတ်ဘဲ ငေးငေးကြီး ကြည့်နေသည်။ သူသည် အိပ်ခန်းထဲသို့ ဖြည်းညင်းစွာ ဝင်လာခဲ့ကာ သူ့ဘေးတွင် ဝင်ရပ်လိုက်သည်။ ထိုနောက် သူခေါင်းကို လက်ဖြင့် အသာကိုင်လိုက်၏။

ဘာမျှမပြော။





၂၀

“ဘာလဲဗျ၊ ဘာတွေအလုပ်များနေတာလဲ” ဟု ဘူပတိ မိတ်ဆွေများက မေးကြ၏။

“သတင်းစာ တစ်စောင်”

“ဘာလဲ၊ သတင်းစာ ထုတ်ဦးမလို့လား၊ ဘာ ဖြစ်လို့ ရှိသမျှ ပစ္စည်းတွေကို စက္ကူနဲ့ ထုပ်ပြီး ဂင်္ဂါ မြစ်ထဲ မျှောနေရတာလဲ”

“ကျွန်တော်က ထုတ်ဝေသူ မဟုတ်ပါဘူး”

“ဒါဖြင့် ဘယ်သူလဲ”

“မိုက်စိုမြို့မှာ သတင်းစာ တစ်စောင်ထုတ်မယ်၊ ကျွန်တော့်ကို အယ်ဒီတာ လုပ်ခိုင်းနေလို့”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ဟိုမှာ သွားပြီး လုပ်ရမှာပေါ့။ ချာရက ကော လိုက်မှာလား"

"သူတော့ မလိုက်ပါဘူး၊ ကျွန်တော့်ဦးလေး လင် မယားလာနေပေးမှာပါ"

"ခင်ဗျားကတော့ ပုံနှိပ်မှင် သောက်ပြီး စွဲနေပြီ ထင်တယ်"

"လူဆိုတာ မူးယစ်စရာကလေးတော့ ရှိမှဗျ"

ဘူပတီ မိုက်စိုသို့ သွားသောနေ့တွင် ချာရက မေးသည်။

"အစ်ကို ဘယ်တော့ ပြန်လာမလဲ"

"ညီမ ပျင်းနေရင် စာရေးလိုက်လေ။ အစ်ကို ပြန်လာမှာပေါ့"

ဘူပတီက နှုတ်ဆက်သည်။ သို့ရာတွင် တံခါးဝ သို့ အရောက်တွင် ချာရက နောက်မှ ပြေးလိုက်သွားကာ သူ့လက်ကို လှမ်းဆွဲလိုက်ရင်း

"အစ်ကို၊ ညီမတစ်ယောက်တည်း မထားခဲ့ပါနဲ့ လား၊ တစ်ခါတည်း ခေါ်သွားပါလားဟင်"

ဘူပတီသည် အတန်ကြာမျှရပ်ကာ သူမ၏ မျက် နှာကို စိုက်ကြည့်နေသည်။ သူလက်သည် တဖြည်းဖြည်း လျော့သွားကာ သူမ၏ လက်ကို လွှတ်ချလိုက်၏။ သူ





သည် ဝရန်တာဘက်သို့ ထွက်လာခဲ့သည်။ တောမီး သည် သမင်တစ်ကောင်ကို ဝိုင်းပိတ်နေသကဲ့သို့ သူ့အား အိမ်ထဲတွင် ပိတ်လှောင်ထားခဲ့သော အမှားလ်ကို သတိရ လာသည်။ ထိုစဉ်က သူမသည် သူ့ကို သတိရခဲ့ပါသ လော။ သူဘယ်သို့ ထွက်ပြေးရမည်နည်း။ အသည်း ထဲတွင် တစ်ပါးသူ တစ်ယောက်ကို ကိုးကွယ်ထားသည့် ဇနီးသည် တစ်ယောက်သည် ဝေးနေသည့်တိုင် မေ့နိုင်ပါ မည်လော။ သူမ၏ ခြောက်သွေ့ငြီးငွေ့ဖွယ်ကောင်း သော နေ့များနှင့် ညများတွင် သူက အပေါင်းအဖော် အဖြစ် ဖြေသိမ့်ပေးရဦးမည်လော။ နှုတ်ဆိတ်၍ ပူဆွေး သောက ရောက်နေသော မိန်းမ တစ်ယောက်ထံ ပြန်လာ ရသည်မှာ မည်မျှ ကြောက်စရာကောင်းသနည်း။ သေ နေသော နှလုံးသားရှိသည့် မိန်းမတစ်ယောက်ကို သူ မည်သို့ ကြာကြာ ပွေ့ဖက် ယုယနိုင်မည်နည်း။ သူ့ဘဝ ကို ထိုသို့ အဆုံးမခံနိုင်။ ပြိုကွဲသွားသည့် ဤရိပ်မြုံ ကလေး၏ အပျက်အစီးပုံထဲမှ သူ့ကိုယ်သူ လွတ်အောင် ရုန်းရတော့မည်။ သို့မဟုတ်လျှင် ထိုသိုက်မြုံ အပျက်ကြီး ကို တစ်သက်လုံး ထမ်းထားရတော့မည်။

သူသည် အိပ်ခန်းထဲရှိ ချာရုဆီသို့ လျှောက် လာကာ



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်လို့ မဖြစ်ပါဘူးကွယ်၊ နေရစ်ခဲ့ပါ"

သူမ၏ မျက်နှာပေါ်မှ သွေးဆုတ်သွားသည်ကို သူမြင်လိုက်ရသည်။ သူမ၏ မျက်နှာသည် စက္ကူတစ်ချပ်လို ဖြူဖွေးသွား၏။ သူမက ခုတင်ဘောင်ကို လှမ်းကိုင်လိုက်သည်။

ဘူပတိသည် ချက်ချင်း စိတ်ပြောင်းသွားကာ

"ကဲ၊ ကဲ၊ ဒီလောက်တောင် လိုက်ချင်ရင်လည်း လိုက်ခဲ့ပါကွယ်၊ လိုက်ခဲ့တာပေါ့"

"နေပါစေတော့ အစ်ကိုရယ်၊ နေပါစေတော့"

သူမက ပြောသည်။

* * *

၁၈၊ ၇၊ ၉၇

၁၇း၁၀



# အမေ့သား

၁

မြသန်းတင့်

ဘင်္ဂါလီစာရေးဆရာကြီး

**Rabindranath Tagore** ၏

**Rashmani's Son** ကို

ဘာသာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရတ်ရှ်မဏီသည် ကာလီပဒ၏ အမေ ဖြစ်သည်။ သို့ရာတွင် လိုအပ်ချက်အရ ဖခင်တစ်ယောက်၏ ခက်ထန်မှုကိုလည်း ပြရသေးသည်။ အကယ်၍ မိဘနှစ်ဦးစလုံးက မိခင်လို ဆက်ဆံလျှင် ကလေးပျက်စီးတတ်သောကြောင့် ဖြစ်သည်။ သူတို့ ကိစ္စ၌ကား ဖခင်ဖြစ်သူ ဘာဘာဏီချာရန်းသည် ကာလီပဒကို အုပ်ထိန်းခြင်းငှာ လုံးဝ မတတ်နိုင်ပါ။ အကြောင်းကို သိရန်မှာ သူတို့ မိသားစု၏ ရာဇဝင်ကို သိဖို့ လိုပါသည်။

ဘာဘာဏီချာရန်းသည် ချမ်းသာ၍ ရာထူးဂုဏ်ရှိန်ကြီးသည့် ရှာနီယာရီမျိုးတွင် မွေးဖွားလာခဲ့သည်။ သူ့အဖေ အာဘာယချာရန်းသည် အိမ်ထောင်နှစ်ဆက် ရှိပြီး ပထမ အိမ်ထောင်နှင့်လည်း သားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မွေးခဲ့သည်။ သူ့အမည်မှာ ရှာယမချာရန်း ဖြစ်သည်။ အသက်ကြီးမှ နောက်တစ်ကြိမ် အိမ်ထောင်ပြုသည့် အခါ အာဘယချာရန်းသည် အလန်ဒီဆိုသည့် လယ်ကွက်ကြီး ကို ဘာဘာဏီချာရန်း၏ အမေ၊ သူ၏ ဒုတိယ ဇနီးကို အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည်။ ယင်းသို့ ပေးရ ခြင်းမှာ ယောက္ခမလောင်းကြီးက အတင်း တိုက်တွန်း တောင်းဆိုသောကြောင့် ဖြစ်၏။ သူ့ သမက်လောင်း အာဘယချာရန်း၏ အသက်ကို ကြည့်၍ သူ့သမီးသည် မုဆိုးမအဖြစ် ကျန်ရစ်စရာ အကြောင်း ရှိသည်။ သို့ရာတွင် သူ့သမီးသည် လင်ပါသား ရှာယမချာရန်းကို မှီ၍ အား ထား နေရစ်တော့မည်ကို ယောက္ခမလောင်းကြီး တွေး မိသောကြောင့် ဖြစ်သည်။

ယောက္ခမကြီး၏ တွက်ကိန်းသည် ကြာကြာ မ စောင့်လိုက်ရဘဲ အဖြေ ထွက်လာပါသည်။ မြေးငယ် ဘာဘာဏီချာရန်းကိုမွေးပြီး မကြာမီတွင် သမက် ဖြစ် သူ အာဘယချာရန်းသည် ကွယ်လွန် အနိစ္စရောက် သွား ခဲ့သည်။ သူ့သမီးသည် အာလန်ဒီလယ်ကြီးကို အပိုင်ရပြီး ဖြစ်ကြောင်း သိပြီးနောက် အဖိုးကြီးသည် စိတ်ချ လက် ချဖြင့် နောင်တမလွန်ဘဝ သို့ကူးပြောင်း သွားခဲ့သည်။

ထိုအချိန်၌ ရှာယမချာရန်းသည် အရွယ်ရောက်





နေလေပြီ။ သူ၏သား အကြီးဆုံးမှာ (အဖေတူ အမေ ကွဲ) သူ့ညီ ဘာဘာဏီချာရန်းထက် တစ်နှစ်သာ ကြီး သည်။ ရှာယမသည် ဘာဘာဏီကို သူ့ကလေးများနှင့် အတူ မွေးမြူ စောင့်ရှောက်၏။ သူသည် သူ့မိထွေးထံမှ တစ်ပြားတစ်ချပ်မျှ မယူ။ နှစ်စဉ်ပင် စာရင်းအင်းများကို မှန်မှန်ကန်ကန် ပြသည်။ မိထွေးထံမှ ငွေရ ပြေစာ များ ယူသည်။ လူတိုင်းပင် သူ့ရိုးသားဖြောင့်မတ်မှုကို ကြည့်၍ အံ့သြကြသည်။

အများကမူ ထိုမျှလောက် ရိုးသားနေဖို့ မလို။ ထိုမျှ ရိုးသားခြင်းသည် နံရာ အ,ရာ ရောက်သည်ဟု ယူဆကြ၏။ ရွာက လူများသည် ရှေးဘိုးဘွား အစဉ် အဆက် ပိုင်ဆိုင်ခဲ့သည့် လယ်ကွက်ကြီးကို ဒုတိယဇနီး လက်ထဲသို့ မရောက်စေလိုကြပါ။ ရှာယာမက တစ်မျိုး တစ်ဖုံ ကြံစည်ကာ စာချုပ်ကို ပျက်အောင် လုပ်လျှင် ရည်ရွယ်ချက် အထမြောက်အောင် လုပ်တတ်ပါပေသည် ဟု အိမ်နားနီးချင်းတို့က ချီးကျူးကြမည်သာ ဖြစ် သည်။ ထိုအကြံအစည် အောင်မြင်အောင် ဝိုင်းဝန်း လုပ်ဆောင် ပေးကြမည့် သူတွေလည်း အများကြီး ရှိသည်။ သို့ ရာတွင် ရှာယာမသည် မိထွေး၏ ပစ္စည်းကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ပေးပါသည်။ ထိုသို့စောင်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ပေးသည့် အတွက်ကြောင့် တစ်ကြောင်း၊ နဂိုက လည်း ခင်မင် တွယ်တာသည့် အတွက်ကြောင့် တစ်ကြောင်း သူ့ မိထွေး ဘရာဂျာ ရွှန်နှရီကလည်း ရှာယာမကို သားအရင်းလို ချစ်လည်း ချစ်သည်။ ယုံလည်း ယုံသည်။ သူ့ပစ္စည်းကို တစ်သီးတစ်ခြား ထားတတ်သဖြင့် သူမကပင် သူ့ကို ဆူပူတတ်သေးသည်။

"ငါ့သားရယ်၊ ဒီပစ္စည်းဟာလည်း မင်းပစ္စည်းပဲပေါ့။ ငါသေရာကို ယူသွားနိုင်တာ မှတ်လို့။ ငါက ဘာဖြစ်လို့ ဒီစာရင်းတွေ အင်းတွေ ကြည့်နေရဦးမှာလဲ" ဟု သူ့မိထွေးက ပြော၏။

ရှာယာမကတော့ နားမထောင်ပါ။

ရှာယာမသည် သူ၏ သားအရင်းများကိုလည်း တင်းတင်းကြပ်ကြပ် အုပ်ထိန်းသည်။ သို့ရာတွင် အဖေတူ အမေကွဲညီ ဖြစ်သည့် ဘာဘာဏီချာရန်းကိုမူ ကန့်သတ် ချုပ်ချယ်ခြင်း မပြုပါ။ ဤသည်ကို အားလုံးက သတိပြုမိသည့်အတွက် ရှာယာမသည် သူ့သား အရင်းတွေထက် သူ့အဖေတူအမေကွဲ ညီကို ပိုချစ်သည် ဟု တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြသည်။ သို့ဖြင့် ဘာဘာဏီ၏ ပညာရေးသည် ချို့တဲ့လာခဲ့ကာ လက်တွေ့ကိစ္စများတွင် ဘာမျှ နားမလည်တော့ဘဲ အစစ အရာရာ





သူ့အဖေတူ အမေကွဲ အစ်ကိုကို မှီခို အားထား လာခဲ့သည်။ လယ်ယာကိစ္စများကိုလည်း ဘာမျှ အာရုံမစိုက်တော့ဘဲ လက်မှတ်ထိုးရုံလောက်သာ နားလည်တော့သည်။ သို့ရာတွင် ဘာကြောင့် လက်မှတ် ထိုးရသည်ကိုလည်း သူ နားလည်အောင် မကြိုးစားပါ။ ကြိုးစားသည့်တိုင်အောင်လည်း နားမလည်တော့ပါ။

ရှာယာမ၏ သားကြီး ဘရာပဒကမူ သူနှင့် နည်းနည်းမျှ မတူပါ။ ဘရာပဒသည် အဖေ၏ အလုပ်ကိစ္စများ အားလုံးတွင် ဝင်ကူသည်။ သို့ဖြင့် သူသည် အလုပ်တွင် ကျွမ်းကျင်လာခဲ့သည်။ ရှာယာမ ကွယ်လွန်သည့် အခါ၌ ဘရာပဒက ဘာဘာဏီကို ပြောသည်။

"ဦးလေးရေ တို့ ဒီအတိုင်း အတူတွဲနေလို့ မဖြစ်တော့ဘူး။ တော်တော်ကြာ ဘာမဟုတ်တာကလေးတွေနဲ့ စိတ်ဝမ်းကွဲကြရင် မိသားစု ပြိုကွဲသွားလိမ့်မယ်"

တစ်နေ့တွင် မိမိသည် မိမိ၏ ကိစ္စများကို ကိုယ်တိုင် စီမံခန့်ခွဲရလိမ့်မည်ဟု ဘာဘာဏီတစ်ခါမျှ မတွေးမိခဲ့ဘူးပါ။ သူ ငယ်ငယ်ကလေးကတည်းက စည်းစည်းရုံးရုံး ရှိခဲ့သော မိသားစုထဲတွင် အက်ရာ စတင်ပေါ်လာကာ ပြိုကွဲတော့မည့် နိမိတ်ဟုသာ နားလည်လိုက်သည်။ ဘာဘာဏီသည် အကြီးအကျယ် စိတ်သောကရောက်



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိ၏။ ဘာရာပဒမှာ ဘာကိုမျှ စိုးရိမ် ကြောင့်ကြ ဖြစ်ဟန် မတူဘဲ အေးအေးဆေးဆေးရှိ သလောက် ဘာဘာဏီမှာ ပစ္စည်းတွေကို ဘယ်နည်း ဘယ်ပုံ ခွဲရမည် မသိဘဲ စိတ်ဆင်းရဲလျက် ရှိ၏။

သူဖြစ်ပျက်နေပုံကို ဘာရာပဒ မြင်သည့်အခါတွင်

"ဦးလေးကလည်း ဘာဖြစ်နေတာလဲကွ။ ဘာတွေ တွေးပြီး စိတ်ညစ်နေတာလဲ။ ပစ္စည်းတွေက ခွဲပြီးသား။ အဖိုး မဆုံးခင်ကတည်းက ခွဲပေးသွားတာ"

ဘာဘာဏီသည် အံ့အားသင့်နေသည်။

"ဟုတ်လား။ ငါမှ မသိပဲ"

"ဟုတ်တယ်လေ၊ ဦးလေး ဘာဖြစ်လို့ မသိရမှာလဲ။ တစ်ကမ္ဘာလုံး သိနေတာပဲ၊ ဦးလေးနဲ့ ငါတို့နဲ့ အချင်းများရင် အာလန်ဒီလယ်ကြီးကို မင်းယူတဲ့။ သတ်သတ်ထားတဲ့။ အဖိုး မဆုံးခင်ကတည်းက ခွဲပေးသွားတာ"

သူပြောသည့်အတိုင်း ဖြစ်နိုင်သည်ဟု ဘာဘာဏီ ယူဆ၏။

"ဒါဖြင့် တို့ ခုနေတဲ့ အိမ်ကကော"

"ဒါတော့ မင်းနေချင်တယ် ဆိုရင် ဆက်နေပေါ့။ မြို့ထဲမှာ အိမ်တစ်အိမ်လည်း ရှိသေးတယ်။ တို့က အဲဒီမှာ





ပြောင်းနေမှာပေါ့"

ဘာရာပဒက ဘိုးစဉ်ဘောင်ဆက် နေခဲ့သည့် အိမ်ကို ထိုျ ရက်ရက် ရောရော ပေးနေသည့်အတွက် အံ့သြနေသည်။ သူကမူ မြို့က အိမ်ကို တစ်ခါမှလည်း မမြင်စဖူး။ ထို့ကြောင့် တွယ်တာခြင်းလည်း မရှိ။

ဘာဘာဏီသည် ထိုအကြောင်းကို သူ့အမေ ဘာရာဂျာ ရွှန်နှရီကို ပြောပြ၏။ အမေက နဖူးကို လက်ဝါးဖြင့် ရိုက်ရင်း

"အို။ ဘယ်ဖြစ်မလဲ။ အာလန်ဒီလယ်ကြီးက ငါ့ကို ဇနီးတစ်ယောက်၊ မုဆိုးမ တစ်ယောက်အနေနဲ့ သတ်သတ် ပေးခဲ့တာ။ ပြီးတော့ ဘာမှလည်း ဟုတ္တိပတ္တိ ထွက်တာ မဟုတ်ဘူး။ နင်က သားတစ်ယောက်အနေနဲ့ သတ်သတ် ရ ရမှာပေါ့"

"ဘာရာပဒက ပြောတော့ အဖိုးက ကျွန်တော်ဖို့ အာလန်ဒီလယ်ကြီးကိုပဲ ထားပစ်ခဲ့တယ်တဲ့"

"ငါ လက်မခံဘူး။ သူ့လက်ရေးနဲ့ သေတမ်းစာ နှစ်စောင် ရေးပစ်ခဲ့တာ။ တစ်စောင်က ငါသိမ်းထားဖို့တဲ့။ ခု ငါ့မီးခံသေတ္တာထဲမှာ ရှိတယ်"

မီးခံသေတ္တာမှာ ပွင့်နေ၏။ အာလန်ဒီလယ်ကြီးကို ပေးခဲ့သည့် စာချုပ် ရှိသော်လည်း သေတမ်းစာကို



www.burmeseclassic.com

www.burmeseclassic.com



ရှာ မတွေ့ပါ။ တစ်ယောက်ယောက် ခိုးသွားဟန် တူ၏။

သူတို့သည် မိသားစု အတိုင်ပင်ခံ လူကြီးကို ခေါ်၏။ ထိုသူမှာ မိသားစု ဆည်းကပ်သည့် ဂုရု၏ သားဖြစ်ပြီး ဘာဂလာချာရန်းဟု ခေါ်သည်။ ဉာဏ်များသည်ဟု နာမည် ကြီး၏။ အဖေ ဂုရုကြီးက ဘာသာရေးနှင့် ပတ်သက်၍ အကြံဉာဏ်များ ပေးလေ့ရှိပြီး သူက ဥပဒေရေးရာ ကိစ္စများတွင် အကြံပေးလေ့ ရှိသည်။ သူတို့နှစ်ယောက်ကြားတွင် လောကီနှင့် လောကုတ္တရာသည် ဆက်စပ်လျက် ရှိ၏။ တစ်ခုက အခြားတစ်ခုကို အဟန့်အတား ဖြစ်နေလျှင် သူတို့ ကိစ္စ မဟုတ်ပါ။ လောကီက သတ်သတ်၊ လောကုတ္တရာက သတ်သတ် မဟုတ်လော။

“သေတမ်းစာလည်း မရှိတော့ဘူး။ ဒီတော့ ညီအစ်ကို နှစ်ယောက်ဟာ အဖေရဲ့ ပစ္စည်းကို တစ်ဝက်စီ ခွဲဝေယူရုံပဲ ရှိတော့တယ်”

ဘာဂလာချာရန်းက ပြောသည်။

ထိုစဉ် တစ်ဖက်က သူတို့ လက်ဝယ် ရှိသည့် သေတမ်းစာကို ထုတ်ပြ၏။ ထိုအထဲတွင် ဘာဘာဏီ၏ ဝေစုနှင့် ပတ်သက်၍ မည်သို့မျှ ဖော်ပြထားခြင်း မရှိ။ ပစ္စည်းများကို အာဘာယချာရန်း၏ သားသမီးများ လက်သို့ အမွေ ပေးထား၏။ သို့ရာတွင် သေတမ်းစာမှာ ဒုတိယ





အိမ်ထောင်ကို ပေးထား၏။

ဘာဘာဏီသည် ဘာဂလာကို ဆရာတင်ကာ တရားတဘောင် ဖြစ်ခြင်းတည်းဟူသော ရှည်လျားသည့် အဏ္ဏဝါ ခရီးကြီးကို လိုက်ပါနေရလေပြီ။ ဆိပ်ကမ်းသို့ ရောက်၍ မီးခံသေတ္တာကို ဖွင့်ကြည့်လိုက်သည့်အခါတွင် ရွှေငန်းသည် ပျံသန်းသွားလေပြီ။ အတောင်အချို့သာ ပြန့်ကျဲ ကျန်ရစ်ခဲ့၏။ ဘိုးဘွားပိုင် ပစ္စည်းတို့မှာ တစ်ဖက်သို့ ပါသွားလေပြီ။ တရားစရိတ်တို့ကို နုတ်ပြီး ကျန်သည့် အာလန်ဒီလယ်မြေတို့မှာ ဂုဏ်ဒြပ်ကို ဆောင်နိုင်လောက်အောင် များပြားခြင်း မရှိတော့။ မတော်ရုံတမယ် လုပ်ကိုင်စားရုံမျှသာ ရှိတော့သည်။ မည်သို့ဖြစ်စေ မိမိသည် မျိုးရိုး အစဉ်အဆက်ကို တတ်နိုင်သမျှ ထိန်းသိမ်းခဲ့ပြီဟု သူ့ဘာသာ သူ နှစ်သိမ့်သည်။ ဘာရာပဒ်တို့ မိသားစုမှာမူ မြို့သို့ ပြောင်းသွားကြလေပြီ။

ထို့နောက်မှာ သူတို့ အစုနှစ်စုသည် ပြန်မတွေ့ကြတော့။



www.burmeseclassic.com

www.burmeseclassic.com



၂

မီးခံသေတ္တာထဲက သေတမ်းစာပျောက်သည့် ကိစ္စ၌ ရှာယာမတွင် တာဝန်ရှိသည်ဟု ဘရာဂျာ ရွှန်နှရှိ ယူဆသည်။ သူ့ သစ္စာဖောက်မှုကို တွေးလိုက်တိုင်း စိတ်နာ ည်။ သူမအတွက် ထားခဲ့သည့် သေတမ်းစာကို ခိုးခြင်း၊ အဖေ၏ ယုံကြည်မှုကို ဖေါက်ဖျက်ခြင်း၊ သူ အဖေတူ အမေကွဲ ညီငယ်ကို လက်မဲ့ဖြစ်အောင် လုပ်ခြင်း စသည့် ကောက်ကျစ်စဉ်းလဲမှုကို သူမ မမေ့နိုင်။ သူမသည် နေ့စဉ် ထိုအကြောင်းကို သတိရနေကာ "ဘုရားက မနေပါဘူး။ ဘုရားက သင်းကို ဒဏ်ခတ်မှာ" ဟု ပြောရင်း သက်ပြင်းချတတ်သည်။





"ဥပဒေတွေ ဘာတွေကိုတော့ အမေ နားမလည်ပါဘူးကွယ်။ ဒါပေမယ့် မင်း အဖေရဲ့ သေတမ်းစာဟာ တစ်သက်လုံး ပျောက်မသွားနိုင်ပါဘူး။ တစ်နေ့တော့ မင်းလက်ထဲ ပြန်ရောက်လာရမှာပေါ့"

နေ့စဉ်နေ့တိုင်းလောက်ပင် အမေက ဘာဘာဏီကို နှစ်သိမ့်သည်။

အမေ၏ နှစ်သိမ့်မှုကြောင့် ဘာဘာဏီ အားတက်လာသည်။ သူ့ကိုယ်သူလည်း အားမရ ဖြစ်မိ၏။ ရိုးသား၍ သစ္စာရှိသော ဇနီးတစ်ယောက်၏ စကားသည် သစ္စာစကား ဖြစ်ရမည်။ ဥစ္စာရင်း မှန်သည့်အတိုင်းပင် တစ်နေ့တွင် သေတမ်းစာသည် သူ့လက်ထဲသို့ ရောက်လာရမည်ဟု သူ ယူဆသည်။ ထိုသို့ တွေးလိုက်သည့် အခါမှပင် သူ့စိတ်သည် ငြိမ်သွား၏။ အမေဆုံးသွားသည့်အခါ၌ ထိုယုံကြည်ချက်သည် ပို၍ ခိုင်မာလာခဲ့သည်။ သေမင်း၏ ခွဲခွာမှုသည် အမေ၏ ဘာသာတရား ကိုင်းရှိုင်းမှုကို ပို၍ တောက်ပ ပြောင်လက်လာစေခဲ့သည်။ ဆင်းရဲ ကြပ်တည်းသော်လည်း ဤအရာများကို သူ မမှုပါ။ နေ့စဉ် စားရေး သောက်ရေး ကြပ်တည်းခြင်း၊ အနေအထိုင် ဆင်းရဲခြင်း စသည်တို့သည် သူ့အဖို့ အပျော်ကစား သလောက်သာ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤအရာများသည် အစစ်အမှန်ဟု သူ မထင်ပါ။ အကောင်းစား ဒိတ်ိကလေးတွေ စုတ်ပြဲသွားသည့်အတွက် အကြမ်းစားတွေကို ဝယ်ဝတ်ရသည့်တိုင် သူပျော်သည်။ ပူဇော်ပွဲများတွင် ရေးကလို ခမ်းခမ်းနားနား မကျင်းပနိုင်သည့်တိုင် တတ်နိုင်သမျှ ကလေးနှင့် ဖြစ်အောင်လုပ်သည်။ နွမ်းနွမ်းပါးပါးဖြင့် ပူဇော်ပွဲ ကျင်းပသည်ကို ဧည့်သည်တွေ မြင်လျှင် သက်ပြင်း ချပြီး ရှေးခေတ်က အကြောင်းကို ပြန်ပြောကြ၏။

ဘာဘာဏီမှာ ကျိတ်၍ ရယ်နေလေသည်။ ထို အရာများသည် ယာယီမျှသာ ဖြစ်ကြောင်းကို သူတို့ မသိကြ။ တစ်နေ့ကျလျှင် ဤနေရာတွင် သူတို့ တစ်တွေ မျက်စေ့ကျိန်းလောက်အောင် ကြီးကျယ်ခမ်းနားသည့် ပူဇော်ပွဲကြီး ကျင်းပမည်ကို မသိကြဟု တွေးနေသည်။ သူသည် လာမည့် ခမ်းခမ်းနားနား ပူဇော်ပွဲကိုသာ မြင်နေသဖြင့် ချိုချိုငုံငုံနှင့် ကျင်းပရသည့် လက်ရှိ ပူဇော်ပွဲကလေးကိုပင် သတိ မပြုမိ။

ထိုကိစ္စများကို သူနှင့် အဓိက ဆွေးနွေးသူမှာ သူ့တပည့် နိုတိုး ဖြစ်၏။ ဖြစ်သလိုနှင့် ကျင်းပရသည့် ပူဇော်ပွဲကလေးအတွင်း၌ ဆရာတပည့် နှစ်ယောက်သည် နောင်တွင် ကျင်းပမည့် ပူဇော်ပွဲများအကြောင်းကို မမော





နိုင်၊ မပန်းနိုင် ဆွေးနွေးကြ၏။ ဖိတ်ရမည့် လူစာရင်း၊ မဖိတ်ရမည့် လူစာရင်း၊ ကာလကတ္တားမှ ငှားမည့် ဇာတ် အဖွဲ့ စသည်တို့နှင့် ပတ်သက်၍ ငြင်းခုံကြ၏။ ထိုကိစ္စ နှစ်ခုစလုံးတွင် ဆရာတပည့် နှစ်ယောက် သဘော ကွဲလွဲကြသည်။ နိုးတိုးက စာရင်းများကို ချရေးသည့် အခါတွင် စေးကုပ်သည့် အကျင့်ပါနေ၏။ ဘာဘာဏီက သူ့ကို ကြိမ်းမောင်း၏။ ထိုအခါတွင် မကြာခဏ ပြန်၍ ရေးရသည်။

ချုပ်၍ပြောရလျှင် ဘာဘာဏီတွင် အလုပ်ကိစ္စနှင့်ပတ်သက်၍ ဘာသောကမျှ မရှိပါ။ သူ၏ တစ်ခုတည်းသော စိုးရိမ်မှုမှာ သူသေလျှင် သူ့အမွေတွေကို ဘယ်သူဆက်ခံမလဲဆိုသည့် အချက်တစ်ချက်သာ ရှိသည်။ သို့တိုင် သူ့တွင် ယခုအထိ သားယောကျ်ားကလေးမရှိသေး။ အရွယ်ရောက်သည့် သမီးရှိသည်။ သူ့မိတ်ဆွေများက သူ့ကို နောက်ထပ်အိမ်ထောင်ပြုရန် တိုက်တွန်းကြသည့်အခါတွင် စိတ်ပါချင်သလိုလိုတော့ ရှိ၏။ အပြုအစု၊ အထိန်းအသိမ်းကောင်းသည့် လက်ရှိ ဇနီးကို ငြီးငွေ့သောကြောင့် မဟုတ်ပါ။ လူချမ်းသာ ဖြစ်လာမည့် လူတစ်ယောက်အဖို့ အမွေဆက်ခံမည့် သား ယောကျ်ား ကလေး မရှိသည့်အတွက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

သူ့သား ကာလီပဒ မွေးသည့်အခါတွင် ဘာဘာဏီတို့ ဓာတာစန်းလဂ် တက်ပြီဟု လူတိုင်းက ပြောကြသည်။ ယင်းမှာ အစမျှသာ ရှိသေးသည်။ အာဘာယကိုယ်တိုင်လည်း တအံ့တသြဖြင့် မိသားစုထဲသို့ ပြန်ရောက်လာခဲ့သည်။ ကလေး၏ ဓာတာအရ ပစ္စည်းတွေ သူတို့ လက်ထဲသို့ ပြန်ရောက်မည့်အရေးမှာ အချိန်ပိုင်းမျှသာ ကျန်တော့သည်။

သားလေးမွေးပြီးသည့်နောက် ဘာဘာဏီ၏ အပြုအမူသည် သိသိသာသာ ပြောင်းသွား၏။ ယခင်တုန်းက သူသည် ဆင်းရဲကြပ်တည်းမှုကို ကလေး ကစားစရာ သဘောထားခဲ့ကာ အပြုံးဖြင့် ခံနိုင်၏။ သို့ရာတွင် သူ့သားငယ်အတွက် စဉ်းစားလိုက်သည့် အခါတွင်မူ ထိုသို့ မပြုံးနိုင်တော့ပြီ။ ယခုအချိန်တွင် နာမည်ကြီးခဲ့သည့် ရာနီဟာရီအိမ်ကြီးထဲက မှိတ်တုတ် မှိတ်တုတ် လက်နေသော မိသားစု မီးအိမ်ကို ပြန်၍ လင်းအောင် လုပ်ရမည့် တာဝန် ရှိလာသည်။ ထိုတာဝန်ကို ထမ်းဆောင်ရန် ဂြိုလ်နက္ခတ်တာရာတို့က သူ့အပေါ် တွင် တာဝန်လွှဲလိုက်ပြီ။ သူ့သားဦးသည် ချောင်ဒူရီ အမျိုးထဲတွင် မွေးလာသည့် ယောကျာ်းကလေးတွေကို ဆီးကြိုရမည့် ထုံးစံဓလေ့တို့





မလုပ်နိုင်ခြင်းလောက် အသည်းနာဖွယ် ကိစ္စ ရှိမည်မထင်။

"ငါကတော့ မိသားစုထဲမှာ ငါရသင့်တာတွေကို ရခဲ့ပြီးပြီ။ ဒါပေမယ့် ငါ့အလှည့်မှာ ငါ့သားလေးရသင့်တဲ့ အခွင့်အရေးတွေကို ငါမပေးနိုင်ခဲ့ဘူး၊ ငါပျက်ကွက်ခဲ့တယ်" ဟု တွေးပြီး စိတ်မကောင်း ဖြစ်နေသည်။

သူသည် ကာလီပဒ အတွက် ငွေကြေးပုံ၍ မသုံးနိုင်သည့်အခါ အချစ်ကိုပင် ပုံပေးရတော့သည်။

ဘာဘာဏီ၏ ဇနီး ရတ်ရှမဏီမှာ တစ်မျိုးဖြစ်သည်။ သူမသည် ချောင်ဒူရီ မိသားစုတို့၏ ခမ်းနားသည့် ထုံးစံ အစဉ်အလာများကိုလည်း တစ်ချက်ကလေးမျှ ဂရု မစိုက်ပါ။ ဘာဘာဏီသည် ထိုအဖြစ်ကို ကြည့်၍ တစ်ယောက်တည်း ပြုံးမိသည်။ သူ့ဇနီးသည်မှာ ဆင်းရဲသည့် ဝေဿဏဝ မိသားစုမှ ဆင်းသက်လာသူ ဖြစ်သည့်အတွက် ထိုအတိုင်းပင် ဖြစ်ရမည်။ ထိုကြောင့် သူမကို ခွင့်လွှတ်ရပေလိမ့်မည်။ ချောင်ဒူရီမျိုး၏ ဂုဏ်သိက္ခာကို သူမ ကောင်းကောင်း နားလည်နိုင်မည် မဟုတ်။

ရတ်ရှမဏီကလည်း ထိုအချက်ကို ဝန်ခံသည်။

"ကျွန်မက သာမန်မိသားစုက မွေးလာတာ မဟုတ်လား။ ဒီတော့ ဂုဏ်တွေ ပကာသနတွေကို နားမ



www.burmeseclassic.com

www.burmeseclassic.com



လည်ဘူး။ ကျွန်မ သားလေး ကာလီပဒ အသက်ရှင်ပြီး ကျန်းမာရင် ကျွန်မအတွက် ဆုလာဘ်ကြီးပဲ”

သေတမ်းစာကို ရှာဖို့အများက တိုက်တွန်းကြသော်လည်း သူမ ဘယ်တော့မှ နားမဝင်ပါ။ ကာလီပဒကြောင့် သူတို့ မိသားစု၏ ဝင်ငွေ စီးကြောင်းကလေးသည် စည်းစိမ်ဥစ္စာ မြစ်ကြီး ဖြစ်လာမည်ဟု ပြောသော်လည်း သူမ စိတ်မဝင်စား။ သူ့ယောကျ်ား သေတမ်းစာ ပျောက်သွားသည်ကို မသိသူ ဆို၍ တစ်ယောက်မျှ ရှိမည် မထင်။ သို့ရာတွင် သူမကမူ ထိုအကြောင်းကို ခေါင်းထဲသို့ ထည့်၍ မစဉ်းစားမိ။ ဘာဘာဏီသည် ထိုအကြောင်းကို သူ့ဇနီးအား တစ်ကြိမ်နှစ်ကြိမ် ပြောသော်လည်း ဘာမျှ တုံ့ပြန်ခြင်း မရှိ။ သူမသည် အတိတ်က ရွှေထီးဆောင်းခဲ့ရသည်ကိုလည်း စိတ်မဝင်စား။ အနာဂါတ်တွင် ရွှေဘုံကြီးပေါ် နေရသည်ကိုလည်း စုံမက်ခြင်း မရှိ။ လက်ရှိ လိုအပ်နေသည့် ကိစ္စများကိုသာ အာရုံစိုက်လျက် ရှိလေသည်။

ထိုကိစ္စများကလည်း များမြောင်လှဘိခြင်း။ အိမ်တွင်းမှုကိစ္စဆိုသည်မှာ အလွန် အားစိုက်ရသည်။ လာဘ်လာဘကို ပေးသည့် လက်ချမ်းနဟ်သမီးက အိမ်တစ်အိမ်ကို စွန့်ခွာသွားပြီဆိုလျှင် နောက်ဆက်တွဲ ဒုက္ခတွေ





ကို တစ်သီကြီး ထားပစ်ခဲ့တတ်၏။ ထိုအခါမျိုးတွင် ထိုပြဿနာများကို ဖြေရှင်းရန် နည်းလမ်းအမျိုးမျိုးကို ရှာကြံရသည်။ မိသားစုရိပ်မြုံမှာ ပျက်စီးယိုယွင်း နေပြီဖြစ်သည့်တိုင် မိတင်း နေထိုင်သူတို့သည် မပြောင်းကြသေး။ ဘာဘာဏီသည် ထောက်ပံ့ကျွေး မွေးခြင်း မပြုနိုင်သည့်တိုင် ကိုယ့်ကို မှီခိုနေသူတို့ကို နှင်ထုတ်သည့် လူစားမျိုး မဟုတ်။ ကျသမျှ ဝန်ကို ထမ်းသည်။ သို့ရာတွင် တကယ်ထမ်းရသည်က ရတ်ရှ်မဏီ ဖြစ်ပါသည်။ ကောင်းစားစဉ်တုန်းကတော့ ဗိမ်နှင့် နေခဲ့ကြသဖြင့် ဘယ်သူဆီကမှလည်း အကူအညီ မရတော့ပါ။ ထိုစဉ်တုန်းက သူတို့၏ နူးညံ့အိစက်သည့် မွေ့ရာများသည် ချောင်ဒူရိ မိသားစု သစ်ပင်ကြီးအောက်တွင် ခင်းထားပြီး အပေါ်မှ သစ်သီးတွေကလည်း ပါးစပ်ထဲသို့ တည့်တည့်မတ်မတ် ကြွေကျလာပါသည်။ ဘာမျှ အားထုတ်စရာ မလို။ ယခု သူတို့ကို တစ်ခုခု သွားအလုပ်ခိုင်းလျှင် အကြီးအကျယ် စိတ်ဆိုးတော့သည်။ မီးဖိုထဲမှ မီးခိုးကြောင့် ခေါင်းကိုက်သည်။ လမ်းလျှောက်ရလျှင် အဆစ်အမြစ် နာသည်။ မည်သည့် အဖိုးတန် ပရဆေးရည် လိမ်းလိမ်း မပျောက်နိုင်တော့ပြီ။ မည်သို့ ဖြစ်စေ မိမိက ကျွေးထားရသူ အတွက် မှီခိုနေထိုင်သူကို အလုပ်လုပ်ခိုင်းသည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အလုပ်သမား အလုပ်ခိုင်းခြင်းနှင့် တူသည်။ ထိုသို့လုပ်ခြင်းသည် ချောင်ဒူရီမျိုးတို့ အစဉ်အဆက် လိုက်နာခဲ့သည့် ထုံးစံကို ဆန့်ကျင်သည်ဟု ဘာဘာဏီ ယူဆသည်။

သို့ဖြင့် တာဝန်ဟူသမျှသည် ရတ်ရှ်မဏီ၏ ခေါင်းပေါ်သို့ ရောက်နေသည်။ ရတ်ရှ်မဏီသည် မိသားစုတို့၏ လိုအပ်ချက်နှင့် ပြည့်စုံစေရန် အလုပ် အမျိုးမျိုးကို နေ့ညမဟူ လုပ်ရသည်။ အမြဲတန်း ကိုယ်ကချည်းပင်ပင်ပန်းပန်း လုပ်နေရလျှင် ကိုယ်ခံက ချည်း တစ်ဖက်သတ် အနာခံ နေရလျှင် တဖြည်းဖြည်းနှင့် နှလုံးသားမာကြောလာတတ်ပြီး စေတနာလည်း ကုန်ခန်းသွားတတ်သည်။ ရတ်ရှ်မဏီ လုပ်ပေးသမျှကို စားသောက်နေသူတို့သည် သူမကိုတော့ ရိုက်နှက်ခြင်း မပြုကြပါ။ ရတ်ရှ်မဏီသည် သူတို့ကို စားဖွယ် သောက်ဖွယ်တို့ ချက်ပြုတ် ပြင်ဆင်ပေး၏။ လိုအပ်သည့် ပစ္စည်းတို့ကို ရှာဖွေ ပေးရ၏။ သို့ရာတွင် သူချက်ပေးသည့် အစာကို လက်ဆေးပြီး ဝင်စားသွားကာ နေ့လည်နေ့ခင်း တစ်ရေးတစ်မော အိပ်နေသူတို့သည် နောင်တွင် ရတ်ရှ်မဏီကို ဝေဖန်ကြသည်။

အိမ်မှုကိစ္စတွင်သာ မကပါ။ ကျန်ခဲ့သည့် လယ်





မြေကလေးများ၏ ကိစ္စ လယ်နတ် ပူဇော်သည့် ကိစ္စစသည်တို့သည်လည်း ရတ်ရှ်မဏီ၏ ခေါင်းပေါ်သို့ ကျလာကြလာသည်။ စာရင်းအင်းတွေကို စစ်ဆေးရသည်။ မြေငှါးခတွေ တောင်းရသည်။ သီးစားခများကိုလည်း ပေးရသည်။ ဘာဘာဏီ၏ ပိုက်ဆံသည် ဝင်ငွေထက် ထွက်ငွေက များနေသည်။ သူသည် မည်သူ့ကိုမျှလည်း အကြွေး မတောင်းချင်ပါ။ တောင်းစရာရှိလျှင် ရတ်ရှ်မဏီကသာ အမုန်းခံ၍ တောင်းရပါသည်။ ထို့ကြောင့် စာရင်းငှါးများက သူ့ကို အကောင်းပြောကြပါသည်။ ရတ်ရှ်မဏီ အစစအရာရာ သတိထားလွန်းသဖြင့် သူ့ကို စစ်စီသည်။ ကုက္ကုစ္စ နိုင်သည်။ ကပ်စေးနှဲသည်ဟု စာရင်းငှားခေါင်းက ပြောတတ်သည်။ တစ်ခါတစ်ရံတွင် ကုက္ကုစ္စနိုင်မှု၊ ခက်ထန်မှုတို့ကြောင့် မျိုးရိုးနာမည်ပျက်သည်ဟု ယောက်ျားက မြည်တွန်သည့် အခါများပင် ရှိတတ်သည်။ သူမသည် ထိုဝေဖန်ချက်၊ ထိုပြစ်တင်မှုတို့ကို ဥပေက္ခာပြုကာ လုပ်မြဲ အလုပ်ကို လုပ်သည်။ အပြစ်တင်သမျှ ကိုခံသည်။ သူမသည် ဆင်းရဲသား မိသားစုမှ လာသူဖြစ်ရာ သူတို့လို အထက်တန်းစားတွေ၏ အနေအထိုင်ကို နားမလည်။ နားလည်ဟန်လည်း မဆောင်။ ထို့ကြောင့် သူမကို အောက်လက်



www.burmeseclassic.com

www.burmeseclassic.com



ငယ်သားတွေက မကြိုက်။ သို့ရာတွင် သူမ ဂရုမစိုက်ပါ။ ဆာရီကို ခါးတွင်ပတ်ကာ ခါတိုင်းလိုပင် ဒေါင်းတိမောင်းတိ အလုပ်လုပ်ပါသည်။ သူ့ကို ဘယ်သူမျှ မတားရဲပါ။

သူမသည် သူ့ယောက်ျားကို လှမ်း၍ အကူအညီတောင်းဖို့ မပြောနှင့်။ ဘာဘာဏီကလာ၍ အကူအညီပေးမည်ကိုပင် စိုးရိမ်ကြောက်လန့်နေကာ

"သွား၊သွား၊ ရှင်မလုပ်နဲ့ ကျွန်မဘာသာလုပ် မယ်။ အေးအေးသာနေ" ဟု ပြောတတ်၏။

ဘာဘာဏီအဖို့ကား မွေးကတည်းက ဘာကိုမျှ လက်ကြောတင်းအောင် မလုပ်ခဲ့သူ ဖြစ်ရာ ထိုသို့ အသာတကြည် နင်သည့်အခါတွင်လည်း ဘာမျှ မထူးပါ။ သူသည် တစ်ဦးတည်း အသက်ကြီးလာသည့်တိုင် သားတစ်ယောက်ကို လူလား မြောက်အောင် မမွေးဖူးပါ။ သို့ရာတွင် ဤအသုံးမကျ ရိုးအ၍ ဆာရီ နားခိုသော ယောက်ျားသည် ရတ်ရှိမဏီ၏ အမြှာလိုအပ်ချက်ဖြစ်သော ဇနီးသည်ဘဝနှင့် မိခင်ဘဝကိုတော့ ပြည့်စုံအောင် လုပ်ပေးနိုင်သည်။ ရှတ်ရှိမဏီသည် သူ့ကို ကလေးကြီး တစ်ယောက်ဟု သဘောထားသည်။ ယောက္ခမကြီး ကွယ်လွန်သွားသည့် နောက်တွင် အိမ်ကြီး၏ သခင်နှင့် သခင်မ တာဝန်





၂ခုစလုံးသည် သူမ အပေါ်သို့ ကျရောက်လာခဲ့တော့သည်။ ယောက်ျားကို လွှမ်းမိုးထားသည့်အတွက် သူ့မိတ်ဆွေများက သူမကို ကြောက်ကြသည်။ သူမသည် အခြားသော မိန်းမများလို ခံစားချက်ကို ဖုံးဖိကာ စကားလုံး ချိုချိုကလေးတွေ ပြောပြီး ယောက်ျား အသိုင်းအဝိုင်းများနှင့် ခပ်ဝေးဝေးနေသော မိန်းမမျိုး မဟုတ်ပါ။

ယခုအချိန်အထိ ဘာဘာဏီသည် သူ့မိန်းမ၏ ဩဇာအောက်တွင် ရောက်နေသည်။ သို့ရာတွင် ကာလီပဒနှင့် ပတ်သက်လာလျှင်မူ သူ့ယောက်ျားသည် သူမ၏ ဩဇာကို ကောင်းကောင်း မနာခံတော့။ ပြဿနာမှာ သူတို့သားငယ် ကာလီပဒကို မြင်ရာတွင် အဖေနှင့်အမေ အမြင် မတူကြသောကြောင့် ဖြစ်သည်။

သူမ၏ ယောက်ျားနှင့် ပတ်သက်လာလျှင် သူ့အတွေးက တစ်မျိုးဖြစ်သည်။

"ငါ့ယောက်ျားက သနားလည်း သနားစရာပါ။ သူ ဘာတတ်နိုင်မှာလဲ။ သူ ချမ်းသာတဲ့ မိသားစုမှာ လူလာဖြစ်ရတာ သူ့အပြစ်လား။ သူ ဘာတတ်နိုင်မှာလဲ"

ထို့ကြောင့် သူ့ယောက်ျားကို အခက်အခဲတွေ့ ရင်မဆိုင်စေချင်။ သူသာ ရင်ဆိုင်ပစ်လိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက်ျားကို အရင်တုန်းကလို ဣန္ဒြေမပျက် ခမ်းခမ်း နားနား နေစေချင်သည်။ သူမသည် အိမ်၌ အခြားသူများအပေါ်တွင်သာ စည်းကမ်းတင်းကြပ်သော်လည်း သူ့ယောက်ျားကိုမူ ရှေးကလို အစားအသောက် အနေအထိုင်ထက် မနိမ့်အောင်ထားသည်။ အိမ်တွင် ချို့ချို့ငဲ့ငဲ့ဖြစ်နေလျှင်ပင် ထိုအဖြစ်မျိုးကို သူ့ယောက်ျား အသိမခံပါ။ ထမင်းဟင်းနည်းသွားလျှင်

"ဟောတော်၊ ဒီသောက်ခွေးကလဲ မီးဖိုချောင်ထဲက ထမင်းတွေ ဟင်းတွေ ဝင်စားသွားပြီ" ဟု မရှိသော ခွေးကို အပြစ်ဆိုတတ်သည်။ ဒိုတီ အသစ်တစ်ထည် မရှိလျှင် အသစ်စက်စက်ကြီးကို ဖျောက်ပစ်ရကောင်းလားဟု အိမ်စေ နိုတိုးကို ပြစ်တင် မောင်းမဲသည်။ ထိုအခါတွင် ဘာဘာဇီက ပြာပြာသလဲဖြင့် သူ့တပည့်ကျော်ဘက်က ကာကွယ်သည်။ နိုတိုးကို အပြစ်ပေးမည်စိုးသည့်အတွက် သူ ကိုယ်တိုင် ဝတ်ပြီး ချွတ်ထားခဲ့မိကြောင်း....။

နောက်ဆုံးတွင်တော့ ဘာဘာဇီသည် လည်ဆယ် မပြောတတ်တော့ပြီ။

"ဟုတ်မှာပါ၊ ရှင်ဝတ်ပြီး အဝတ်ခန်းထဲမှာ ချွတ်ပစ်ခဲ့တာ မဟုတ်လား။ တစ်ယောက်ယောက် ကောက်





သွားမှာပေါ့" ဟု မိန်းမက ဝင်၍ ပြောယူရသည်။

ဤသည်မှာ ရတ်ရှိမဏီက သူ့ယောက်ျားကို ဆက်ဆံပုံဖြစ်သည်။ သို့ရာတွင် သားဖြစ်သူ ကာလီပဒကိုမူ ထိုသို့ ဆက်ဆံခြင်း မပြုပါ။ ကာလီပဒသည် သူ့ဝမ်းကြာတိုက်မှ မွေးထုတ်ထားသည့် ကလေးဖြစ်သည်။ အဘယ့်ကြောင့် လူချမ်းသာ တစ်ယောက်၏ သားလို အလိုလိုက် ရမည်နည်း။ သူသည် ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းသည့် အလုပ်သမားတစ်ယောက် ဖြစ်ရမည်။ အခက်အခဲတွေနှင့် ကြုံတွေ့ဖူးရမည်။ ရိုးသားသည့် လုပ်အားဖြင့် မိမိဝမ်းစာကို ရှာဖွေ တတ်ရမည်။ ဘာမရှိလျှင် လုပ်၍ မဖြစ်၊ ဘာရှိမှ လုပ်၍ဖြစ်သည် ဆိုသည့် စိတ်ထားမျိုးတွေ မရှိစေရ။ အမေ၏ တိုက်တွန်းမှုကြောင့် ကာလီပဒသည် သာမန် အစားအသောက်ကို စားရသည်။ ဝတ်တော့လည်း အထည်ကြမ်းကို ဝတ်ရသည်။ သူ့နေ့လည်စာ အဖြစ် ထမင်းချိုးနှင့် သကာရည်ဖြစ်သည်။ လည်ပင်းတွင် ချည်တဘက် တစ်ထည် ပတ်ထားလိုက်လျှင် ဆောင်းတွင်းအတွက် လုံလောက်လေသည်။ သူမသည် သူ့ ကျောင်းဆရာကို ခေါ်ကာ ကျောင်းစာကို ကြပ်ကြပ် မတ်မတ်သင်ပေးရန် ပြော၏။ စည်းကမ်းတင်းကြပ်ပြီး စာကို ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



အသင်ခိုင်းသည်။

ဤတွင် ပြဿနာတစ်ရပ် ပေါ်လာ၏။ စိတ်ဓာတ်ပျော့ညံ့သည့် ဘာဘာဏီသည် တစ်ခါတစ်ရံတွင် အာခံသည့် အရိပ်အရောင်များကို ပြလာခြင်းဖြစ်သည်။ ရတ်ရှ်မဏီကတော့ မသိယောင်ပြု နေလိုက်သည်။ ဘာဘာဏီသည် တစ်ဖက်က ပြင်းပြင်းထန်ထန် ခုခံ လာလျှင် အလျှော့ပေး သွားတတ်၏။ ယခုလည်း ထိုနည်းအတိုင်း လျှော့သွား၏။ သို့ရာတွင် စိတ်ထဲကတော့ သိပ် မကျေနပ်ပါ။ လူချမ်းသာ မိဘက ဆင်းသက်လာသည့် ကလေးတစ်ယောက်အား အဘယ့်ကြောင့် ထမင်းချိုးနှင့် သကာရည်ကို နေ့တိုင်း ကျွေးနေရသနည်း။ ချည်တဘက်ကြီးကို ဘာကြောင့် အပတ် ခိုင်းရသနည်း။ သူ့အဖေ လက်ထက်က ဆိုလျှင် ပူဇော်ပွဲ ရောက်သည်နှင့် ဝတ် ကောင်းစားလှတွေ ဝတ်ရသည်။ ထိုစဉ်တုန်းက ဆိုလျှင် ယခု သူ့သားဝတ်သည့် အဝတ် အစားမျိုးကို ပေးလျှင်ပင် အိမ်စေတွေက ညည်းညူကြသည်။ ရတ်ရှ်မဏီက သူတို့ သားသည် ရှေးခေတ်က မည်သို့ ဝတ်ကြစားကြသည်ကို မသိကြောင်း၊ ထို့ကြောင့် ဆင်ထားသမျှကို ကျေနပ်ကြောင်း၊ ဘာဘာဏီအနေဖြင့် စိတ်အနှောင့်အယှက် မဖြစ်သင့်ကြောင်းဖြင့် ပြောသည်။





သို့ရာတွင် ဘာဘာဏီကမူ ကလေးကို ထိုသို့ အဟုတ်မှတ်အောင် လုပ်ထားသည်ကို ကြည့်၍ စိတ်မချမ်းမသာ ဖြစ်နေသည်။ ဘာမဟုတ်သည့် ပစ္စည်းကလေး ဝယ်ပေး၍ သားငယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်ကို မြင်လျှင် သူ စိတ်ပျက်ရသည်။ သားဖြစ်နေပုံကို သူ နည်းနည်း ကလေးမျှ မကြည့်ရက်ပါ။ ထိုအခါမျိုးတွင် သူသည် မျက်နှာလွှဲကာ ရှောင်ထွက်လာခဲ့သည်။

သူတို့ တရားတဘောင်ဖြစ်ပြီးနောက် မကြာမီတွင် သူတို့ မိသားစု ဆည်းကပ်သည့် ဂုရုကြီးမှာ ထူးထူးခြားခြား ချမ်းသာသွားသည်။ သူ့သားငယ် ဘာဂါ လာမှာမူ ထိုမျှနှင့် မတင်းတိမ်နိုင်။ ပူဇော်ပွဲ နီးလာတိုင်း မျက်စိကျလောက်သည့် ပစ္စည်းများကို ကာလကတ္တားမှ မှာ၍ ရောင်းလိုက်သေးသည်။ ငါးမျှားတံ၊ လမ်းလျှောက် တုတ်၊ ထီး သုံးမျိုးစလုံး သုံး၍ ရသည့် ပစ္စည်း၊ ရောင်စုံ စာရေးစက္ကူကပ်၊ လေလံပွဲမှ ဝယ်လာသည့် ပိုးထည်နှင့် ဖဲထည်များ၊ စာတန်း ကလေးတွေ ထိုးထားသည့် ဆာရီများ စသည်တို့ကို ဝယ်၍ ရောင်းသည်။ ကာလကတ္တားမှ အထက်တန်းစား ဘာဘူများသည် ထိုပစ္စည်းများကို သုံးလေ့ရှိကြောင်းဖြင့် ပြောသော အခါ၌ တောသား တောဂိုက်ပျောက်၍ မြို့သား ဂိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖမ်း လိုသည့် ရွာသားများ သည် မရှိမဲ့ရှိမဲ့ကလေးဖြင့် သူ့ပစ္စည်းများကို ဝယ်ကြသည်။

တစ်ခါတွင် ဘာဂါလာသည် လုပသည့် အနောက်တိုင်းသူ တစ်ယောက်၏ ရုပ်တုတစ်ခုကို ယူလာခဲ့သည်။ သံပတ်ပေးလိုက်လျှင် ထိုအရုပ်သည် ကုလားထိုင်မှ ထလာပြီး ယပ်ခတ်ပြသည်။ ကာလီပဒသည် ထိုသံပတ်ရုပ်ကို လိုချင်သည်။ သူသည် သူ့အမေအကြောင်းကို ကောင်းကောင်းသိ၏။ ထို့ကြောင့် အဖေ ဘာဘာဏီကို ပူဆာသည်။ အဖေ၏ ပထမ ဆုံးတုံ့ပြန်မှုမှာ ရက်ရောသည်။ သို့ရာတွင် ဈေးနှုန်းကို ကြားလိုက်ရသည့်အခါ၌ သူ့မျက်နှာသည် မဲ့သွား၏။

ပိုက်ဆံကိုင်သူမှာ သူ့ဇနီး ဖြစ်သည်။ သူသည် သူတောင်းစားတစ်ယောက်လို နေနတ်သမီးရှေ့တွင် သွား၍ ရပ်၏။ ပထမတွင် အလွှာပသလွှာပတွေ လျှောက်ပြော၏။ ထို့နောက် သိုရင်းကို ဖွင့်ပြောသည်။

"ရှင် ရူးနေသလား" ဟု ရတ်ရှ်မဏိက ခပ်ပြတ်ပြတ် မေး၏။

ဘာဘာဏီသည် အတန်ကြာ တိတ်ဆိတ်နေသည်။ ထို့နောက် စိတ်တိုတိုဖြင့်

"မင်းကျွေးထားတာလဲ ကြည့်ဦးကွ။ တစ်နေ့





လာလည်း ဆန်ပြုတ်နဲ့ ထောပတ်၊ တစ်နေ့လာလည်း ဆန်ပြုတ်နဲ့ ထောပတ်။ ဒါချည်းပဲ နေ့တိုင်း စားနေရတာ ငါမစားချင်တော့ဘူး"

"ဘာဖြစ်လို့ မစားချင်ရတာလဲ"

"ဆရာဝန်က ပြောတယ်ကွ။ ရင်ခံတယ်တဲ့"

ရတ်ရှ်မဏိက ခေါင်းကို ယမ်းရင်း

"ရှင့်ဆရာဝန် ဒါတွေ နားမလည်ပါဘူး"

"ပြီးတော့ ညညမှာလည်း ပူရီကို သိပ်စားနိုင်ဘူးကွ။ ထမင်းဆိုရင် တော်သေးတယ်။ ပူရီက အစာမကြေဘူး"

"ရှင်တစ်သက်လုံး ပူရီ စားလာတာ။ ခုမှ အစာမကြေသလေး၊ ရင်ခံသလေး လုပ်မနေနဲ့"

ဘာဘာဏီသည် ကြီးမားသည့် စွန့်လွှတ်မှု အပါအဝင် စွန့်လွှတ်မှု အမျိုးမျိုးကို လုပ်ရန် အဆင်သင့်ရှိပါသည်။ ထောပတ်မှာ ဈေးတက်လျက် ရှိ၏။ သို့ရာတွင် သူ့ပန်းကန်ပြားထဲမှ ပူရီ အရေအတွက်မှာ နဂိုအတိုင်းပင် ရှိနေသည်။ နေ့လည်နေ့ခင်း ဆန်မုန့်စားသည့်အခါတွင် ဒိန်ချဉ် မပါသည်ကိုလည်း သတိ မထားမိပါ။ ထုံးစံ ပါနေကျ ဒိန်ချဉ် မပါသည့်အခါတွင် သူလည်း ဘာမျှ မတတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဘာဘာဏီသည် အမှတ်မထင်ရောက် သွားဟန်ဖြင့် ဘာဂါလာ၏ အိမ်သို့ ရောက်သွားသည်။ မဆီမဆိုင် စကားတွေ လျှောက်ပြောပြီးနောက် သံပတ်ရုပ်ကလေးအကြောင်းကို ကောက်မေးလိုက်သည်။ ဘာဂါလာသည် မိမိ၏ ငွေရေးကြေးရေး ပြဿနာကို သိနေကြောင်း သူသိထားသည်။ သူ့သားအတွက် ဝယ်ပေးရန် ပိုက်ဆံ မရှိကြောင်းကို တစ်ခြားလူသိသွားမှာကို ရှက်နေသည်။ သို့ရာတွင် သူသည် တစ်သက်လုံး မရွံ့မရဲဖြစ်ခဲ့ရသည်တို့ကို အားတင်းဖျောက်ကာ အင်္ကျီထဲတွင် အုပ်၍ ဝှက်လာခဲ့သည့် ရွှေချည်ထိုး ခြုံစောင်ကလေးကို ထုတ်ကာ အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောသည်။

"ခေတ်ကြီးကလဲ မကောင်းဘူးဗျာ၊ ကျွန်တော့်မှာလဲ ငွေသား သိပ်မရှိဘူး။ ဒါကြောင့် ဒီအထည်ကလေးကို အပေါင်အဖြစ် ထားပါ။ ကာလီပဒက သံပတ်ရုပ်ကလေး လိုချင်တယ် ပူဆာနေလို့"

ထိုပစ္စည်းသည် သိပ်အဖိုးမတန်လျှင် ဘာဂါလာကလည်း ဆုတ်ဆိုင်းမည် မဟုတ်ပါ။ သို့ရာတွင် သူသည် ထိုအတိုင်း မလုပ်နိုင်ပါ။ ထိုသို့သော အလဲအလှယ်မျိုးကို ရွာကလည်း လက်ခံမည် မဟုတ်ပါ။ ရတ်ရှိမဏီ၏ လျှာစောင်းကလည်း ထက်ပါသည်။ ဘာဘာ





ဏီသည် ရှောစောင်ကလေးကို အင်္ကျီအောက်တွင် ပြန်ထိုးပြီး အိမ်သို့ ပြန်လာခဲ့သည်။

"အဖေ သံပတ်ရုပ်ကလေး လိုချင်တယ်" ဟု ကာလီပဒကလည်း နေ့တိုင်း ပူစာသည်။

အဖေကလည်း ခပ်ပြုံးပြုံးဖြင့်

"အေးပါကွာ။ ပေးမှာပေါ့။ ခဏစောင့်ပါ။ ပူဇော်ပွဲနောက်ဆုံးနေ့ကျရင် ရမှာပေါ့" ဟုပြောခဲ့သည်။ ယခုတော့ တစ်နေ့ထက်တစ်နေ့ ပြုံးဖို့ ခက်လာလေပြီ။

ပူဇော်ပွဲ စတုတ္ထနေ့တွင် ဘာဘာဏီသည် အကြောင်းပြချက် တစ်ခုရှာကာ အတွင်းဆောင်များဘက်သို့ လာခဲ့၏။ စကားပြောနေစဉ် သူက အမှတ်တမဲ့ဖြင့်

"ခုတလော မင့်သားကို ကြည့်ရတာ နေကောင်းပုံ မရဘူး" ဟု ဇနီးသည်ကို ပြောသည်။

"ဟုတ်လား။ ကျွန်မဖြင့် သတိတောင် မထားမိပါဘူးရှင်"

"အေး၊ မင်းကသာ သတိမထားမိတာ၊ မင်းသားက တစ်နေ့လုံး ငူငူကြီး ထိုင်မှိုင်နေတယ်။ စကားလည်း တစ်လုံးမှ မပြောဘူး"

ရတ်ရှိမဏီ၏ ခေါင်းမာမှု ခံတပ်တံတိုင်းကြီးတွင် လစ်ဟာနေသည့် နေရာဟူ၍ မရှိပါ။ မ[illegible]သည့်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်ဖြင့် ပစ်ပစ် မဖြုံပါ။ ဘာဘာဏီသည် ခေါင်းကို ပွတ်ကာ သက်ပြင်းချရင်း ဆုတ်ခွာ လာခဲ့ရပြန်သည်။ သူသည် ဝရန်တာတွင် ထိုင်ရင်း တမာကူအိုးကိုသာ ဘွင်တွင် ဖွာနေ၏။ နောက်တစ်နေ့တွင် ဘာဘာဏီသည် သူ၏ ဆန်မုန့်နှင့် ဒိန်ချဉ်ကို လက်ဖျားနှင့်ပင် မတို့တော့။ ညနေပိုင်းတွင်လည်း မလိုင်ခဲတစ်ခဲနှင့် ရေတစ်ခွက်ကိုသာ သောက်သည်။ ပူရီမုန့်ကိုမူ ဝေးလာဝေး။

"မဆာလို့ပါကွာ" ဟု သာပြောသည်။

ယခုအချိန်၌ ခံတပ်တံတိုင်းကြီးကို ခပ်ပြင်းပြင်းဖြို ပစ်ရန် လိုလာလေပြီ။ ပူဇော်ပွဲ ဆင်ႁမနေ့၌ ရတ်ရှိမဏီသည် ကာလီပဒကို အသာခေါ်ကာ လေချိုကလေးဖြင့်

"သားရယ်၊ ခုဆိုရင် မင်းလည်း မငယ်တော့ဘူး။ ဒါပေမယ့် ငါ့သားက ခုထိ ကလေးဆန်တုန်းပဲ ဖြစ်နေတယ်။ ကိုယ်မရနိုင်တဲ့ အရာကို တောင့်တတာဟာ ခိုးတာနဲ့ အတူတူပဲ"

"ဒါပေမယ့် အဖေက သူ ဝယ်ပေးမယ်တဲ့" ဟု ကာလီပဒက ပြန်ပြောသည်။

ရတ်ရှိမဏီက သူ့အဖေ ကတိသည် မည်မျှ တန်ဖိုး ပေးရကြောင်းကို ရှင်းပြ၏။ ထိုကတိကြောင့် သူ့အဖေ မည်မျှ ခံစားရကြောင်း၊ ထိုကတိအတိုင်း အကောင်





အထည်ဖော်လျှင် မိမိတို့ မိသားစု မည်မျှ ထိခိုက်နစ်နာနိုင်ကြောင်းကို ပြောပြသည်။ သူမသည် ထိုအကြောင်းကို ဂရုတစိုက် ရှင်းပြသည်။ တစ်ခါမျှ ထိုမျှလောက် ချိုချိုသာသာ မပြောဘူးပါ။ ခါတိုင်းဆိုလျှင် ရတ်ရှိမဏီသည် တိုတိုတုတ်တုတ်၊ ပြတ်ပြတ် တောင်းတောင်းသာ ပြောလေ့ရှိ၏။ ကာလီပဒသည် ထူးထူးဆန်းဆန်း စိတ်ရှည်လက်ရှည် ချိုချိုသာသာဖြင့် ပြောနေသော အမေ့စကားကြောင့် နားမလည်နိုင်အောင် ဖြစ်နေ၏။ ကလေးအရွယ်သာ ဖြစ်သည့်တိုင် အမေ့ရင်ထဲက နူးညံ့သည့် နှလုံးသားကို သူနားလည်သည်။ သို့တိုင် သံပတ်ရပ် ကလေးကို ချက်ချင်း သံယောဇဉ်ဖြတ်ဖို့ကမူ တော်တော် ခက်ပါသည်။ (စာဖတ်သူများ နားလည်နိုင်ပါသည်။) သူသည် ကြမ်းပြင်ကို တုတ် ချောင်းကလေး တစ်ချောင်းဖြင့် ခြစ်နေသည်။

မကြာမီ ရတ်ရှိမဏီသည် ခါတိုင်းလို ပြန်၍ တင်းမာသွားပြန်သည်။

"ဒါမှ မကျေနပ်ရင်လည်း သေအောင်ငို။ နင်မရထိုက်တာကို ဘယ်လို လုပ်မှ ရမှာ မဟုတ်ဘူး"

သူမသည် နောက်ထပ်အချိန်ကုန်မခံတော့ဘဲ သူ့အိမ်အလုပ်ကို ပြန်လုပ်နေသည်။ ကာလီပဒသည် အမေ့



www.burmeseclassic.com

www.burmeseclassic.com



ထံသို့ ထွက်လာခဲ့သည်။ ကာလီပဒကို မြင်သည့်အခါတွင် အဖေသည် ရုတ်ခနဲထကာ အရေးတကြီး ကိစ္စ ရှိဟန်ဖြင့် ခပ်သုတ်သုတ် ထွက်သွားသည်။

ကာလီပဒက သူ့နောက်မှ ပြေးလိုက်သွားရင်း

"အဖေရေ၊ အဖေ၊ သံပတ်ရုပ်ကလေးကော"

ယနေ့တော့ ဘာဘာဇီသည် ကြိုးစား၍ပင် မပြုံးနိုင်ပါ။ သူသည် ကာလီပဒကို ပွေ့ဖက်ကာ

"ခဏ စောင့်နေပါဦးကွာ၊ အဖေ့မှာ ကိစ္စကလေး တစ်ခုရှိလို့၊ နောက်တော့ အားလုံး ပြောပြမယ်"

အဖေသည် အပြင်သို့ ထွက်သွား၏။ မသိမသာ မျက်ရည်သုတ်နေသည်ကို ကာလီပဒ မြင်လိုက်ရသည်။

အိမ်နီးချင်း တစ်အိမ်က ပူဇော်ပွဲအတွက် ပလွေဆရာ တစ်ယောက်ကို ငှားသည်။ နံနက်ခင်းတွင် ပလွေသံသည် ဆောင်းဦးနေခြည်ကို မျက်ရည်ဖြင့် စွန်းပေနေအောင် လုပ်သကဲ့သို့ ရှိ၏။ ကာလီပဒသည် တံခါးတွင် ရပ်ရင်း လမ်းမကို ငေးကြည့်နေသည်။ သူ့အဖေ၏ လမ်းလျှောက်နေပုံကို ကြည့်ခြင်းဖြင့် သွားစရာရှိ၍ သွားခြင်း မဟုတ်ဘဲ စိတ်ပျက်လက်ပျက်ဖြင့် လျှောက်သွားနေခြင်း ဖြစ်ကြောင်း ထင်ရှားသည်။ ကာလီပဒသည် အဖေ့ကို နောက်မှ ကြည့်ရင်း ထိုအဖြစ်ကို ထင်ထင်





ရှားရှား မြင်နေရသည်။

သူသည် အိမ်ထဲသို့ ပြေးဝင်လာကာ

"အမေ၊ အမေ၊ သား သံပတ်ရုပ် မလိုချင်တော့ဘူး"

အမေက ကွမ်းသီး ညှပ်နေသည်။ အမေ့မျက်နှာသည် လင်းထိန်သွား၏။ ထိုနောက် သားအမိနှစ်ယောက်သည် အကြံအစည်တစ်ခုကို စိတ်ကူးမိကြသည်။ အမေသည် ကွမ်းသီးညှပ်လက်စများကို သိမ်းဆည်းကာ ဘာဂါလာ၏ အိမ်သို့ ချက်ချင်း ထွက်လာခဲ့သည်။

ဘာဘာဇီသည် မိုးချုပ်မှ အိမ်သို့ ပြန်လာသည်။ ရေချိုးပြီးနောက် ထမင်းစား၏။ သို့ရာတွင် ယနေ့လည်း ဆန်မုန့်နှင့် ဒိန်ချဉ်တို့သည် သူတို့နှင့် ထိုက်တန်သော ချီးမွမ်းမှုကို မရကြပါ။ ငါးဟင်းမှာလည်း ကြောင်စာ ဖြစ်သွားခဲ့ပါသည်။

ရတ်ရှ်မဏီသည် သူ့ရှေ့တွင် ကြိုးဖြင့် စည်းထားသည့် ဂျပ်သေတ္တာ တစ်ခုကို ချထားသည်။ သူ နေ့လည်နေ့ခင်း တစ်ရေးတစ်မော သွားအိပ်လျှင် ထိုဂျပ်သေတ္တာကို ဖွင့်မည်ဟု သူမ စိတ်ကူးထား၏။ သို့ရာတွင် အရာမယွင်းသည့် ထမင်းပန်းကန်များကို မြင်သည့်အခါတွင် သူမ စိတ်ပြောင်းသွားသည်။ သံပတ်ရုပ် က



www.burmeseclassic.com

www.burmeseclassic.com



လေးက ဂျပ်သေတ္တာထဲမှ ခုန်ထွက်လာကာ ည၏ ပူလောင် အိုက်စပ်မှုကို အပြင်းအထန် တွန်းလှန်ခုခံနေ သည်။ ကြောင်ကလေးမှာ စိတ်ပျက် လက်ပျက်ဖြင့် ထွက်သွားလေပြီ။

"ကောင်းလိုက်တဲ့ ဟင်းကွာ။ ဒီလောက်ကောင်း တဲ့ ငါးဟင်းမျိုးကို တစ်ခါမှ မစားဖူးဘူး။ ဒိန်ချဉ်ကလဲ ကောင်းသလား မမေးနဲ့"

ပူဇော်ပွဲ နောက်ဆုံးနေ့တွင် ကာလီပဒသည် တောင့်တသော ရတနာ ပစ္စည်းကို ရသည်။ ထိုနေ့တစ် နေ့လုံး သူနှင့် သူ့ကို အားကျသော အဖော်များသည် အားရပါးရ ယပ်ခတ်နေသော သံပတ်ရပ်ကိုသာ ကြည့် နေကြသည်။ အခြားသော အခြေအနေများတွင် သာဆို လျှင် ငြီးငွေ့ဖွယ်ကောင်းသည့် ထိုလှုပ်ရှားမှုသည် ည အချိန်လောက်ဆိုလျှင် စိတ်ပျက်စရာကောင်းလောက်ပြီ။ သို့ရာတွင် ထိုသံပတ်ရပ်ကို မနက်ဖြန် ပြန်ပေးရမည်ဟု သိထားသည့်အတွက် ထိုသံပတ်ရပ်ကို ကြည့်၍ မငြီး နိုင်ပါ။ ရတ်ရှ်မဏိသည် ထိုယမင်းရပ်ကို ဘာဂါလာထံမှ တစ်နေ့လျှင် နှစ်ကျပ်နှုန်းဖြင့် တစ်နေ့တွက် ငှားလာ ခဲ့ခြင်း ဖြစ်သည်။ နောက်တစ်နေ့ မနက်တွင် ကာလီပဒ သည် သက်ပြင်းတစ်ချက်ချကာ ယမင်းရပ်ကို သေတ္တာ





ထဲ ထည့်ပြီး ဘာဂါလာကို ပြန်ပေးလိုက်သည်။ ယမင်း ရုပ် ကလေးနှင့် တစ်နေ့ တွေ့လိုက် သည့် အဖြစ်သည် သူ့ တစ်သက်တွင် မေ့နိုင်စရာ ရှိ တော့မည် မဟုတ်ပါ။ ယမင်းရုပ်ကလေးကမူ ထာဝစဉ် ယပ်ခတ်နေပေလိမ့် မည်။

ထိုနောက်မှစ၍ ကာလီပဒသည် သူ့အမေ၏ အတိုင်ပင်ခံ ဖြစ်လာခဲ့သည်။ နှစ်တိုင်းပင် ဘာဘာဏီ သည် သူ့သားကို ပူဇော်ပွဲတော် လက်ဆောင်များ ပေး နိုင်ခဲ့သည်။ ကုန်ကျစရိတ်ကို ကြည့်၍လည်း သူ အံ့သြ ရသည်။

လောကတွင် အနာမခံဘဲ အသာ မစံရပါ။ အမေ ၏ တိုးတိုးဖော်အဖြစ် နေရင်း ထိုအချက်ကို ကာလီပဒ ကြီးလာသည်နှင့်အမျှ သဘောပေါက်လာခဲ့သည်။ ယခုမူ ကာလီပဒသည် အမေ၏ လက်ရုံးကြီး ဖြစ်နေလေပြီ။ သူသည် တာဝန်ကို မျှဝေထမ်းဆောင် တတ်လာ၏။ မိသားစု၏ ဝန်ထုပ်ကို လျော့နည်းအောင် လုပ်ပေးသည်။ ထိုသဘောကို တရားမပြ နားမချရဘဲ အလိုလို နားလည် လာခဲ့ခြင်း ဖြစ်ပါသည်။

သူသည် ကျောင်းသင်ခန်းစာများကိုလည်း အ တတ်နိုင်ဆုံး ကြိုးစား၏။ စာမေးပွဲ အောင်၍ ပညာ



www.burmeseclassic.com

www.burmeseclassic.com



သင်ဆု ရပြီးသည့်နောက်၌ သူ့သားသည် ဘာမျှ သင်ကြားစရာ မလိုတော့ဟု ဘာဘာဏီ ယူဆသည်။ ယခု ဘိုးဘွားပိုင် လယ်မြေတို့ကို စီမံခန့်ခွဲ ရတော့မည်။ သို့ရာတွင် ကာလီပဒသည် အမေ့ထံ သွားကာ

"အမေ၊ ကျွန်တော် ကာလကတ္တားကို သွားပြီး ကျောင်းတက်ချင်တယ်။ ဒီလောက်မှ မသင်ရင် ဘာမှ လူရာဝင်မှာ မဟုတ်ဘူး"

"အေး ငါ့သား ပြောတာမှန်တယ်။ ငါ့သား ကာလကတ္တားကို သွားသင် ရမှာပေါ့"

"အမေတို့ ထောက်ပံ့စရာ မလိုပါဘူး။ ကျွန်တော့် ပညာသင်ဆုနဲ့ ကျွန်တော် သွားမှာပါ။ ပြီးတော့ အလုပ်လည်း ဝင်လုပ်မှာပါ"

ဘာဘာဏီ၏ သဘောတူညီချက်ကို ရဖို့လုပ်ရသည်မှာ တော်တော်ခက်သည်။ ကာလီပဒဝင်၍ စီမံခန့်ခွဲရလောက်အောင် သူတို့တွင် ဥစ္စာပစ္စည်း များပြားခြင်းမရှိဟု ပြောလျှင် သူ စိတ်ထိခိုက်မည်။ ထို့ကြောင့် ရတ်ရှ်မဏီက ထိုအကြောင်းပြချက်ကို မပြ။ 'ကျွန်မတို့ သား ဒါမှ ကောင်းစားမှာ' ဟုသာ ပြောသည်။ သို့ရာတွင် သူတို့ ချောင်ဒူရီမျိုးသည် တစ်ရပ်တစ်ကျေးသို့ သွား၍ စာသင်သည်ဟု တစ်ခါမျှ မရှိစဖူး။ တစ်ရပ်





တစ်ကျေးဆိုလျှင် သေမင်းနိုင်ငံလောက် ထင်တတ်ကြသည်။ ကာလီပဒလို သူငယ်ကလေးကို ကာလကတ္တားလို မြို့ကြီးကို မည်သို့ပို့နိုင်မည်နည်း။ ဘာဘာဏီ စဉ်းစား၍ မရ။ နောက်ဆုံးတွင် ရွာထဲရှိ ပညာ အတတ်ဆုံး ပုဂ္ဂိုလ်ကပင် ရတ်ရှ်မဏီနှင့် သဘောတူကြောင်း ထုတ် ပြော၏။

"ဟုတ်တာပေါ့။ တစ်နေ့မှာ ကာလီပဒဟာ ရှေ့နေကြီး ဖြစ်လာရင် ပျောက်သွားတဲ့ သေတမ်းစာကိုစ္စကိုလည်း ဖြေရှင်းနိုင်တာပေါ့။ လူဆိုတာ သူ့ကံနဲ့သူ ဖြစ်လာတာ။ ဘယ်သူမှ တားလို့ ရတာမဟုတ်ဘူး"

ထိုစကားကိုမူ ဘာဘာဏီ ကျေနပ်သွား၏။ သူသည် စာရွက်စာတမ်း ဟောင်းတွေကို ထုတ်လာကာ ကာလီပဒနှင့် ဆွေးနွေးသည်။ ကာလီပါဒက သူ့အမေနှင့် ယုံယုံကြည်ကြည် တိုင်ပင်၏။ သို့ရာတွင် အဖေနှင့် ဆွေးနွေးသည့် အခါတွင်မူ အဆင်မပြေပါ။ သို့တိုင်အောင် အဖေက အားတော့ပေးပါသည်။ ကာလကတ္တားသို့ သူ့သားသွား၍ စာသင်ခြင်းသည် ရာမက သီဟိုဠ်ကျွန်းသို့ ကူးပြီး သီတာကို ကယ်ခန်းလို အရေးကြီးသည်ဟု ယူဆသည်။ ကာလီပဒ ကာလကတ္တားသို့ သွားခြင်းမှာ စာမေးပွဲအောင်ရုံသာ မဟုတ်။ မိသားစု၏



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ဆုံးသွားသော ဂုဏ်သိက္ခာကို ဆယ်ရန်လည်း ဖြစ်သည် ဟု သူ ထင်သည်။

ကာလီပဒ စာသင် မသွားမီ အမေက ဘောဆီးရန်ကာ အဖြစ် အဆောင် လက်ဖွဲ့တစ်ခုကို ဆင်ပေးသည်။ ငါးဆယ်တန် တစ်ရွက်ကိုလည်း ထုတ်ပေး၏။

"လိုလိုမယ်မယ် သုံးဖို့ သိမ်းထား"

ကာလီပဒသည် အထွတ်အမြတ် ပစ္စည်းတစ်ခုကို သိမ်းသလို အမေ ချွေးချွေးတာတာ ခြစ်ခြစ်ခြုတ်ခြုတ် စုထားသည့် ငွေကလေးကို လက်ခံသည်။ မိမိ အသက်ရှင်သမျှ ထိုငွေကလေးကို မသုံးဘဲ သိမ်းထားမည်ဟုလည်း ကတိ ပြုသည်။





၃

ယခုအချိန်၌ ဘာဘာဏီသည် ပျောက်သွားသည့် သေတမ်းစာ အကြောင်းကို ဘာမျှ မပြောတော့ပြီ။ သူ၏ တစ်ခုတည်းသော စကားပြောစရာ အကြောင်းမှာ ကာလီပဒသာ ဖြစ်သည်။ သူသည် အိမ်နားနီးချင်းသို့ သွားကာ ထိုအကြောင်းကို ပြောပြသည်။ သားထံမှ စာလာလျှင် အိမ်ပေါက်စေ့သွား၍ ဖတ်ပြသည်။ စာကြည့် မျက်မှန်ကို နာခေါင်းပေါ်မှ မဖြုတ်ရတော့ပြီ။ သူတို့အမျိုးထဲတွင် မြို့သို့ သွား၍ စာသင်သူဟူ၍ တစ်ယောက်မျှ မရှိ။ ထိုအကြောင်းကို တွေးလိုက်တိုင်း ဘာဘာဏီ ကျေနပ်ယူ၍ မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်သား ကာလီပဒက ကာလကတ္တားကျောင်းမှာလေ၊ အမယ်လေး သူက အကုန် သိတာကိုးဗျ။ ဟူဂလီနားမှာလည်း ဒုတိယတံတားကြီးတစ်ခု ဆောက်နေသတဲ့ဗျ၊ ကြားရဲ့လား ဘိုင်။ ဂင်္ဂါမြစ်ကို ဖြတ်ပြီး တံတား ကူးတာတဲ့ဗျို့။ သားရဲ့ စာထဲမှာ ပါတယ်။ ရေးထားလိုက်သမှ အရှည်ကြီးပဲ"

ဘာဘာဇီသည် မျက်မှန်ကို ချွတ်ပြီးနောက် အဝတ်ဖြင့် သုတ်၏။ ထို့နောက် စာကို ဖတ်ပြပြန်သည်။

"အဖေရေ၊ မြင်ရသမျှတွေကတော့ အထူးအဆန်းတွေချည်းပဲ။ ခွေးတွေ ခွေးအတွေက ညစ်ပတ်နေတဲ့ သူတို့ ခြေထောက်တွေနဲ့ ဒီတံတားကြီးကို ကူးတော့ ဂင်္ဂါမြစ်ရေဟာ ဘယ်မှာ သန့်ရှင်းတော့မလဲ။ ညစ်ပတ်ကုန်တော့မှာပေါ့။ ဒီခေတ်က တော်တော် အသစ်အဆန်းတွေ သိပ်များတာပဲ"

သန့်စင်သော ဂင်္ဂါမြစ်ကြီး ညစ်ပတ်ရသည်မှာ အမှန်ပင် စိတ်မကောင်းစရာ ဖြစ်သည်။ သို့ရာတွင် ထိုအကြောင်းကို သားဖြစ်သူ ကာလီပဒက ရေးပြီး အဖေဖြစ်သူ မိမိက ဘာမျှ မသိ နားမလည်သည့် နလပိန်းတုံး ရွာသားများကို လျှောက်ဖတ်ပြရသည်ဟု တွေးမိကာ





လက်ရှိ ခေတ်ကြီး ပျက်စီးဆုတ်ယုတ် နေပုံကိုပင် သတိမရတော့ပြီ။

ဘာဘာဇီက ခေါင်းကို ယမ်းလိုက်ရင်း

"ကျုပ်ပြောတာ မှတ်ထားဗျ။ ဂင်္ဂါမြစ်ကြီး ကြာရှည်ခံတော့မှာ မဟုတ်ဘူး"

သို့ရာတွင် ဂင်္ဂါမြစ်ကြီး ပျောက်ကွယ်သွားလျှင် မည်သည့်အချိန်၌ ပျောက်ကွယ်သွားမည်ဆိုသည်ကို သူ မသိပေ။ အသိပေးမည့်သူမှာ ကာလီပဒပင် ဖြစ်မည်ဟု သူ မျှော်လင့်သည်။

ကာလကတ္တားတွင် ကာလီပဒသည် ကလေးတွေကို စာသင်ပေးသဖြင့် နေစရာ နေရာကလေးတစ်ခု ရသည်။ ညဆိုလျှင် တစ်ဖက်က စာကျက်ပြီး တစ်ဖက်က စာရင်းစာအုပ်တွေကို ကူးသည့် စာကူးစာရေးအဖြစ် အလုပ်လုပ်၏။ မည်သို့ဖြစ်စေ သူသည် ဝင်ခွင့်စာမေးပွဲ အောင်လာခဲ့ပြီး နောက်ထပ် ပညာသင်ဆု ရခဲ့သည်။ ဘာဘာဇီသည် ထိုအထိမ်းအမှတ်အဖြစ် ရွာတွင် အကြီးအကျယ် ကျွေးမွေးသည်။ သူ စန်းထပြီ။ ငွေကို ရက်ရက်ရောရော သုံးနိုင်ပြီ။ သို့ရာတွင် ရတ်ရှ်မဏိက စိတ်အားထက်သန်ခြင်း မရှိသဖြင့် ထိုအကြံအစည် ပျက်သွားရ ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌ ကာလီပဒသည် ကောလိပ်ကျောင်း အန်းက ဘော်ဒါဆောင် တစ်ခုတွင် နေရာကလေး တစ် နေရာရနေသည်။ ပိုင်ရှင်က ငှားမည့်သူ မရှိသော မြေညီ ထပ်က အခန်းကလေးတစ်ခန်းကို ပေးထားသည်။ ကာ လီပဒသည် ထိုစိုစွတ် မည်းမှောင်နေသော အခန်း ကလေးနှင့် ထမင်းနှစ်နပ်အတွက် အိမ်ရှင်၏ ကလေးကို စာသင်ပေး ရ၏။ သူ့အဖို့ ကောင်းသည်မှာ အခန်းကို တစ်ယောက်တည်း နေရခြင်းဖြစ်သည်။ အခန်းထဲသို့ လေမဝင်သော်လည်း ကာလီပဒသည် စာကျက် မပျက် ပါ။ အရိုးများသော ချေးခါးသောဟူ၍လည်း ရွေးစရာ မရှိပါ။

ဒုတိယထပ်တွင် အခန်းခပေးနေသူတို့ကမူ စခန်း ကြီး၏။ ထို့ကြောင့် ကာလီပဒသည် သူတို့ကို ရှောင် သည်။ သို့ရာတွင် သူတို့နှင့် ဆက်ဆံခြင်း မပြုသည့်တိုင် ပဋိပက္ခကို ရှောင်လွှဲ၍ မရပါ။ အပေါ်ထပ်က မိုးချုန်းသံ သည် အလွန်စိတ်ညစ်စရာကောင်းကြောင်းကို မကြာခင် သိလာရပါသည်။

ဒုတိယဘုံတွင် စိုးစံသူမှာ အထူးမိတ်ဆက်ပေး စရာ လိုမည် မထင်ပါ။ ထိုသူမှာ လူချမ်းသာတစ်ယောက် ၏သား ရှေလန္ဒရာ ဖြစ်သည်။ တကယ်ကတော့ သူ





သည် အများနေသည့် ဘော်ဒါဆောင်တွင် နေစရာ မလိုပါ။ သို့ရာတွင် သူက ဘော်ဒါမှာ နေရသည်ကို သဘောကျသည်။ သူသည် မိန်းမယောကျ်ား အတူနေ ကြသော မိသားစုကြီးမှ လာသူဖြစ်၍ အခြားဆွေမျိုးများ နှင့်အတူ ကာလကတ္တားတွင် အိမ်တစ်လုံးသပ်သပ် ငှား နေရန် အိမ်က မှာလိုက်သည်။ သို့ရာတွင် သူက လက်မခံ။

သူက မိသားစုများနှင့် နေလျှင် စာကျက်ပျက် သည်ဟု အကြောင်းပြသည်။ ယင်းမှာ တကယ့်အ ကြောင်း ပြချက် မဟုတ်ပါ။ ရှေလန္ဒရာသည် အပေါင်း အသင်း ခံမင်သည်။ သို့ရာတွင် ဆွေမျိုးများနှင့် နေရ လျှင် အကန့်အသတ်တွေ၊ အချုပ် အချယ်တွေ ရှိသည်။ ထို့ကြောင့်သူတို့နှင့် မနေချင်။ ဘော်ဒါဆောင်မှာ နေရ သည်က ချောင်ချိသည်။ အပေါင်းအသင်းလည်း စုံ သည်။ ဘာတာဝန်မှလည်း မရှိ။ မြစ်တစ်စင်းတွင် ရေတွေစီး ဆင်းသွားသလို သွားကြ လာကြ၊ ပျော်ကြ ပါးကြ၊ ရယ်ကြ မောကြ။

ရှေလန္ဒရာသည် ရက်ရောသူဟု သူ့ကိုယ်သူထင် သည်။ သိကြသည့်အတိုင်း ထိုအထင်မျိုးရှိသူတိုင်း လူ ကောင်းဟု မဆိုနိုင်ပါ။ မာနကို အစာကျွေးဖို့ဆိုသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ကျွေးသလောက်၊ မြင်းကျွေးသလောက် မများသော်လည်း ရှေလန္ဒရာတွင် ပိုက်ဆံပေါသည့် အလျောက် ကောင်းကောင်းစားသည်။ ကောင်းကောင်း ဝတ်သည်။ အပေါင်းအသင်းကို ရွေးပေါင်းသည်။

သူသည် သနားတတ်ပါလိမ့်မည်။ ဒုက္ခရောက်နေသူတို့ကို ကူညီတတ်ပါလိမ့်မည်။ သို့ရာတွင် သူသည် မဏ္ဍပ်တိုင် တက်ချင်လွန်းသဖြင့် သူ့ဆီလာ၍ အကူအညီ မတောင်းသူတို့ကိုမူ ရက်စက်တတ်ပါသည်။ သူ၏ ကြင်နာမှုသည် မကြင်နာမှုသို့ ပြောင်းသွားသည့် အခါ၌ အဆိပ်ပြင်းထန်တတ်ပါသည်။

ရုပ်ရှင်သွားကြည့်ခြင်း၊ သိုးသားဟင်းဖြင့် ထမင်းကောင်းကောင်းစားခြင်း၊ ဘယ်တော့မှ ဆပ်စရာမလို သောချေးငှားခြင်း စသည့်ကိစ္စများသည် ရှေလန္ဒရာ၏ တာဝန်များသာ ဖြစ်၏။ တစ်ခါတွင် လက်ထပ်ပြီးစ လူငယ်တစ်ယောက် ပူဇော်ပွဲတော်တွင် အိမ်ပြန်မည် ပြုသည်။ ပြန်ခါနီးငွေ ဇနီးသည်ဖို့ ဆပ်ပြာ ကောင်းကောင်းကလေးတစ်ခဲ၊ နိုင်ငံခြားအစဖြင့်ချုပ်သည့် ခပ်ပေါပေါ ဘလောက်စ် အင်္ကျီကလေးတစ်ထည် ဝယ်ချင်သည်။ သို့ရာတွင် ရှိသမျှကို အခန်းငှားခ ကြွေးတွေပေး လိုက်ရသဖြင့် တစ်ပြားမှ မကျန်တော့။ စိတ်ညစ်စရာ မလိုပါ။





ရှေလန္ဒရာ၏ ကူညီစောင်မမှုသာ လိုပါသည်။ "ကျွန်တော်က ခင်ဗျား ရွေးပေါင်းတဲ့ လူတွေထဲက တစ်ယောက်ပဲဗျာ" ဟု ပြောလိုက်ရုံမျှသာ ဖြစ်သည်။ သူသည် ရှေလန္ဒရာကို ဆိုင်သို့ ခေါ်သွားပြီး အညံ့စားပစ္စည်းတစ်ခုကို တမင် ကောက်ရွေးပြလိုက်သည်။

ရှေလန္ဒရာက သူ့ကို အပြစ်တင်၏။

"ရက်စရာကြီးဗျာ။ ဒီလောက်ညံ့တဲ့ ပစ္စည်းကို ဘာလို့ရွေးတာလဲ"

ရှေလန္ဒရာက အကောင်းဆုံးပစ္စည်းကို ဝယ်ပေးလိုက်သည်။ ဆိုင်ရှင်က

"ဆရာလေးက အကောင်းစားကို သုံးနေကျဆိုတော့ မြင်ရုံနဲ့ သိတယ်" ဟုပြောသည်။

အဖိုးကိုပေး၍ လိုချင်သူက မျက်နှာပျက်သွားသည့် အခါတွင် ရှေလန္ဒရာသည် အခြားသူ၏ ကန့်ကွက်ချက်ကို လက်မခံဘဲ မဖြစ်စလောက်သော ပိုက်ဆံကလေးကို ထုတ်ပေးလိုက်သည်။

သို့ဖြင့် ရောက်လေရာရာတွင် ရှေလန္ဒရာသည် လူအပေါင်းတို့၏ မှီခိုအားထားရာကြီး ဖြစ်၏။ သူ၏ ဖော်ရွေပျူငှာမှုကို လက်မခံဘဲ မာနခံ၍ ငြင်းလျှင် သူ သည်းမခံနိုင်။ သူသည် ကောင်းမှု လုပ်ရာတွင် ထိုမျှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မာတဲ ပြင်းထန်သူ ဖြစ်သည်။

အောက်ထပ်တွင် သနားစရာ ကာလိပဒသည် စုတ်ပြတ်သည့် ချည်ကြမ်းထည်ကို ဝတ်ကာ၊ ညစ်ပတ်သည့် ဖျာစုတ်ကလေးတစ်ချပ်ပေါ်တွင် ထိုင်၍ ကိုယ်ကို ယိမ်းထိုးလျက် စာကို ကုန်းကျက်နေ၏။ နောက်ထပ် ပညာသင်ဆု တစ်ခုခုကိုတော့ ရမှဖြစ်မည်။

အမေက သူ့ကို လူချမ်းသာသားများနှင့် မပေါင်းရန် မှာလိုက်သည်။ အပျော်အပါးကို ခုံမင်သွားမည်စိုးသောကြောင့် ဖြစ်၏။ အမေ၏ ဆုံးမစကားကြောင့်မျှသာမက သူ၏စုတ်ပြတ်နေသည့် အခြေအနေကလည်း လူချမ်းသာ သားတွေနှင့် ပေါင်းရန် အခြေအနေမပေးပါ။ သူတို့ကို သွား၍ အောက်ကျို့လျှင် နေ့စဉ်တွေကြုံနေရသည့် ပြဿနာတွေ ပြေလည်မည်ကို သူသိသော်လည်း ရှေလန္ဒရာအနီးသို့ တစ်ခါမျှ မသွားပါ။ အလွန်အကြပ်အတည်းတွေ့သည့် အချိန်များပင်လျှင် ထိုသို့လုပ်ရန် ဆန္ဒမရှိပါ။ သို့ဖြင့် ကာလိပဒသည် ဆင်းရဲခြင်းကို အဖော်လုပ်ရင်း အောက်ထပ်က အမှောင်ထဲတွင် ထိုင်နေတတ်ပါသည်။

ကာလိပဒက သီးသီးသန့်သန့် နေခြင်းသည် သည်းမခံနိုင်လောက်သော မောက်မာမှုဟု ရှေလန္ဒရာ





ယူဆသည်။ ကိုယ်ဆင်းရဲကြောင်းကို လူပုံအလည်တွင် ထိုမျှ အရှက်မရှိ ပြရသလော။ အပေါ်ထပ်သို့ တက်တိုင်း စုတ်ပြတ်နေသော ကာလိပဒ၏ ခြင်ထောင်နှင့် စုတ်ပြတ်နေသည့် အဝတ်အစားများသည် စော်ကားမှုတစ်ရပ်လို ဖြစ်နေသည်။ ထို့ပြင် လည်ပင်းတွင် လက်ဖွဲ့ကြိုးဆွဲထားပြီး တစ်နေ့လျှင် ဘုရားစာကို နှစ်ကြိမ်ရွတ်တတ်သည်။ တောကျသော ထိုအပြုအမူသည် အပေါ်ထပ်က လူများအဖို့ ရယ်စရာ ဖြစ်နေသည်။ အချို့က သူတစ်ယောက်တည်းနေပုံကို သိချင် သဖြင့် သူ့အခန်းသို့ မကြာခဏ သွားလည်ပြီး အကဲခတ်ကြသည်။ သို့ရာတွင် ဧကစာကျင့်နေသည့် ကာလိပဒသည် တုံ့ဏှိဘာဝေ ပြုနေပါသည်။ သူ့အခန်းသည် သာသာယာယာလည်း မရှိပါ။ ကျမ်းမာရေးနှင့်လည်း မညီပါ။ မကြာမီ သူတို့ လက်လျှော့လိုက်ကြသည်။

တစ်နေ့တွင်မူ သူ့ကိုလည်း အပြင်ထွက်ရန် ခေါ်သည့်အနေဖြင့် သူ့ကို သိုးသားဟင်းစားပွဲသို့ သနားသဖြင့် သွား၍ ခေါ်သည်။ သူက ထိုအသားကို စားနေကျ မရှိသဖြင့် တည့်မည် မထင်ဟု ပြန်ပြောသည်။ သူက ငြင်းလိုက်သဖြင့် ရှေလန္ဒရာနှင့် သူ့မိတ်ဆွေများ သည် အကြီးအကျယ် ဒေါသထွက်ကြသည်။ သူ့အခန်းအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်တွင် သီချင်းတွေဆိုပြီး တဒိုင်းဒိုင်း ထုကြသဖြင့် ကာလီပဒမှာ ရက်အတန်ကြာ စာမကျက်နိုင်။ နေ့လည်တွင် သူသည် ဒစ်ကီပန်းခြံထဲ သွား၍ သစ်ပင် အောက်တွင် ထိုင်ပြီး စာကျက်ရ၏။ အခန်းတွင်ဆိုလျှင် အစောကြီး အိပ်ရာက ထပြီး မှန်အိမ်ထွန်း၍ စာကျက်ရသည်။

အစားအသောက် အနေအထိုင်ကဆင်းရဲ၊ အလုပ်ကလည်း လုပ်ရသဖြင့် ကာလီပဒသည် မကြာခဏ ခေါင်းကိုက်တတ်သည်။ တစ်ခါတစ်ရံတွင် အိပ်ရာထဲမှ သုံးလေးရက် မထနိုင်။ သူ့အဖေသာ ထိုအကြောင်းကို သိလျှင် အလန့်တကြားဖြင့် ပြေးလာပြီး အိမ်သို့ ပြန်ခေါ်သွားပေလိမ့်မည်။ ဘာဘာဏီကမူ သူ့သားသည် တောသားတို့ စိတ်မကူးနိုင်သည့် စည်းစိမ်ချမ်းသာများကို ရနေလိမ့်မည်ဟု ထင်နေ၏။ သူ့စိတ်ထဲ၌ သူတို့တောက သစ်ပင်များတွင် သစ်ရွက်တွေ အလိုအလျောက် ပေါက်လာသကဲ့သို့ စည်းစိမ်ချမ်းသာတို့သည်လည်း မြို့ကလေးထဲတွင် အလိုလို ပေါ်လာကြသည်ဟု ထင်နေသည်။ သူ့သားကလည်း သူ့အထင်ကို ထောက်ခံနေပါသည်။ ကာလီပဒသည် ကောင်းစွာ မကျန်းမာသည့်တိုင် အဖေ့ထံ နေ့စဉ် စာရေး၏။ သို့ရာတွင် ရောဂါလက္ခဏာနှင့် အပေါင်းအသင်းများက အပေါ်ထပ်မှ ဝုန်းဒိုင်းကြဲ





နေသည့်အခါတွင် သူ့ရောဂါသည် ပို၍ ဆိုးလာ၏။ သူသည် အိပ်ရာထဲတွင် တလူးလူးတလိမ့်လိမ့်ဖြင့် အဖေတို့ အမေတို့ကို သတိရနေသည်။ ဆင်းရဲဒုက္ခ၏ ဒဏ်ကို ခံရလေလေ အဖေတို့ အမေတို့ကို ဒုက္ခဆင်းရဲတွင်းမှ လွတ်အောင်လုပ်ရန် ဆန္ဒပြင်းလေလေ ဖြစ်သည်။

သူသည် တတ်နိုင်သမျှ အောင့်အည်းသည်းခံပါသည်။ သို့ရာတွင် အပေါ်ထပ်က ဆူညံသောင်းကျန်းမှုသည် လျော့မသွားပါ။ တစ်ခါတွင်မူ သူ၏ အပေါ်စားတရုတ် ညှပ်ဖိနပ်ကလေးနေရာတွင် အင်္ဂလိပ် ရှူးဖိနပ်တစ်ရံ ရောက်နေ၏။ ထိုရှူးဖိနပ်သစ်ဖြင့် ကျောင်းတက်ဖို့ ဆိုသည်မှာ မဖြစ်နိုင်။ ဘာမျှမပြော။ သို့ရာတွင်သူတို့ ထားပစ်ခဲ့သည့် ဖိနပ်ကို အခန်း အပြင်ဘက်တွင် အသာ ထုတ်ထားပြီး ဖိနပ်ချုပ်သမားထံမှ တစ်ပတ်ရစ်ညှပ် ဖိနပ် တစ်ရံ ဝယ်စီးသည်။ တစ်ခါတွင်လည်း အပေါ်ထပ်က ကျောင်းသားတစ်ယောက် ဘာမပြော ညာမပြောဖြင့် သူ့အခန်းထဲသို့ ဝင်လာကာ

"ဟော့၊ ကိုယ့်စီးကရက်ဘူး ယူသွားသလားလို့၊ ရှာမတွေ့လို့" ဟုပြောသည်။

ကာလီပဒ စိတ်တိုလျက်



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်တို့ အခန်းမှ ကိုယ်မလာတာ"

"ဟောဟိုမှာ"

ကျောင်းသားသည် အခန်းထောင့်တစ်နေရာမှ စီးကရက်ဘူးကို ကောက်ယူပြီး ဘာမပြော ညာမပြောဖြင့် ပြန်ထွက်သွားသည်။

သူသာ အက်ဖ်အေ ပညာတော်သင်ရလျှင် သည်ဘော်ဒါတွင် မနေတော့ဟု သူတွေးမိသည်။

နှစ်တိုင်း အပေါ်ထပ်မှ ကျောင်းသားများသည် သုရဿတီပူဇော်ပွဲကို ခမ်းခမ်းနားနား ကျင်းပကြ၏။ အားလုံးက ပိုက်ဆံဝိုင်း ထည့်ကြသည်။ အများဆုံး ထည့်သူမှာ ရှေလန္ဒရာဖြစ်၏။ မနှစ်ကတော့ သူ့ကို အထင်သေးသဖြင့် ပိုက်ဆံ တစ်ပြားမှ လာမကောက်ပါ။ ယခုတော့ တမင်ချောက်တွန်းသည့်နှယ် ငွေခံဖြတ်ပိုင်း စာအုပ်ကို လာပေး၏။ ဘာကြောင့်မှန်း မသိ။ သူသည် ငွေ ငါးကျပ်ထည့် လိုက်၏။ ရှေလန္ဒရာတို့ လူသိုက်မှာ ထိုမျှ များသော ငွေကို ဘယ်ကမှ ကောက်ခံ မရဖူးသဖြင့် အံ့အားသင့် သွားကြသည်။

သူတို့က သူ့ကို ဆင်းရဲသည်ဟု ထင်သဖြင့် ယခင်နှစ်များက သူ့ထံမှ မကောက်ခံခဲ့ခြင်း ဖြစ်သည်။ ယခုသူက ငါးကျပ်ကြီးများတောင် ထည့်လိုက်သည့် အခါတွင်





မခံချင် ဖြစ်သွားကြသည်။

"ဒီကောင်က ဘာကောင်မို့လို့ ဒီလောက် ထည့်တာလဲ။ သူ့အကြောင်း မသိရင်ခက်မယ်။ ဒါသက်သက်ကြွားတာ"

သုရဿတီမယ်တော် ပူဇော်ပွဲမှာ ခမ်းနားပါ၏။ ကာလီပဒ၏ ထည့်ဝင်ငွေ မပါလျှင်လည်း ခမ်းနားမည်သာဖြစ်သည်။ သို့ရာတွင် ကာလီပဒအဖို့မူ တစ်မျိုးဖြစ်၏။ ဘော်ဒါဆောင် ပိုင်ရှင်၏ မီးဖိုချောင်မှ အလုပ်သမားများသည် သူ၏ ကယ်တင်ရှင်များ ဖြစ်၏။ သူတို့ချက်သည့် ထမင်းဟင်း ကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ သူ့လက်ထဲတွင် ငွေပို ငွေလျှံကလေးတော့ ရှိဖို့ လိုသည်။ သို့ရာတွင် ယခု ထိုငွေပိုကလေးသည် သုရဿတီမယ်တော်၏ ရုပ်ပုံအနီးမှ ခြောက်သွေ့ ညှိုးနွမ်းသွားပြီဖြစ်သော ပန်းခြောက်ပုံတွေထဲတွင် ပျောက်ကွယ်သွားလေပြီ။

ကာလီပဒ၏ ခေါင်းကိုက်ရောဂါသည် ပိုဆိုးလာ၏။ စာမေးပွဲကိုတော့ အောင်ပါသည်။ သို့ရာတွင် ပညာသင်ဆုတော့ မပါချေ။ သူသည် စာကျက်ချိန်ကို လျှော့ကာ စာပြချိန်ကို ပိုယူရ၏။ အပေါ်ထပ်က အနောက်အယုက်တွေ ပေးသည့်တိုင် အခန်းက မပြောင်းရ



www.burmeseclassic.com

www.burmeseclassic.com



သော ဘော်ဒါဆောင်ကိုမူ လက်လွှတ်၍ မဖြစ်သေး။

အပေါ်ထပ်မှ ကျောင်းသားများက ကျောင်းဖွင့်ချိန်တွင် သူတော်တော်နှင့် ပြန်ရောက်ဦးမည်မဟုတ်ဟု တွက်ထားကြ၏။ သို့ရာတွင် ကျောင်းဖွင့်သည်နှင့် သူ့အောက်ခန်းတံခါးကို သော့ဖွင့်နေပြီ။ ကာလီပဒသည် တရုတ်တန်းမှ ဝယ်လာသော အပေါ်စား ကုတ်အင်္ကျီကို ဒိုတီပေါ်တွင် ဝတ်ပြီး သူ၏ သားရဲတွင်း ကလေးထဲသို့ ဝင်လာ၏။ သူ၏ သံသေတ္တာနှင့်အတူ ညစ်ပတ်သည့် အဝတ် ဟောင်းတစ်ထည်ဖြင့် ပတ်လာသည့် အထုပ်တစ်ထုပ်ကို ချပြီး ဘူတာကြီးမှ လိုက်လာသည့် ကူလီနှင့်အတူ အလုပ်သမားခကို ငြင်းခုန်နေကြသည်မှာ တော်တော် နှင့်မပြီးနိုင်။ သူ့အထုပ်ထဲတွင် အမေလုပ်ပေးလိုက်သည့် စားကောင်း သောက်ဖွယ်တို့ အကုန်ပါသည်။ သရက်သီးကုလားတည်၊ ဆီးဖြူ သီးသနပ်နှင့် အခြား သစ်သီးဝလံတို့ ဖြစ်သည်။ သူမရှိခိုက်တွင် အပေါ်ထပ်မှ မောင်သောင်းကျန်းတို့သည် မကြာခဏ သူ့အခန်းသို့ ဝင်လေ့ရှိကြောင်း သူသိပါသည်။ ယခု လောလောဆယ်တွင်မူ အမေ တကူးတကန့် လုပ်ပေးလိုက်သည့် စားသောက်ဖွယ် ပစ္စည်းလေးများသည် သူတို့၏ နောက်ပြောင်သရော်သော လက်ထဲသို့ ရောက်





သွားမည်ကိုသာ သူစိုးရိမ်နေသည်။ သူ့အဖို့ ထိုပစ္စည်းများသည် နတ်သုဒ္ဓါဖြစ်၏။ တောမှ ပေးလိုက်သော အဖိုးတန် ရတနာများ ဖြစ်၏။ ပုလင်းတွေ၊ ဖန်ဘူးတွေ၊ ကြွေအိုးတွေထဲ မထည့်နိုင်ပါ။ ဂျုံနှင့် မံပိတ်ထားသည့် မြူမဆန်သော မြေအိုးကလေးများ ဖြစ်ပါသည်။ မြို့သားများကမူ ထိုပစ္စည်းကလေးများကို နှာခေါင်းရှုံ့၍ ကဲ့ရဲ့ ကြပေလိမ့်မည်။ ဝိုင်းလှောင်ကြသည့် အဖြစ်မျိုးကို သူမခံနိုင်။ ထို့ကြောင့် ထိုမြေအိုးကလေးများကို ခုတင်အောက်တွင် ထိုးထားပြီး သတင်းစာ စက္ကူများ၊ အခြား ပစ္စည်းများဖြင့် ဖုံးထားလိုက်သည်။ ယခုမူ ငါးမိနစ်လောက် အပြင်ထွက်လျှင်ပင် အခန်းကို ဖွင့်မထားဘဲ သော့ခတ်၍ ပိတ်ပစ်ထားခဲ့ရသည်။

သူသတိထား နေထိုင်သည်ကို အားလုံးက သတိပြုမိ၏။ ရှာလန္ဒရာက

"ဒီကောင်က ဘယ်လောက်များ ချမ်းသာလို့လဲ။ သူ့အခန်းကို ဝင်ဖေါက်ရင် သူခိုးကတောင် ငိုလိမ့်ဦးမယ်။ ကြည့်လိုက်ရင် သော့ကြီးက အမြဲခတ်လို့။ ဒုတိယဘင်္ဂလားအစိုးရ ဘဏ်တိုက်ထင်တယ်။ တို့ကို သိပ်ယုံဟန် မတူဘူး။ သူ့တရုတ်အင်္ကျီကိုများ သဘော ကျ[illegible] ထင်လို့ စိတ်မချ ဖြစ်နေသလားမသိဘူး။ ဟေ့ ရာဒူး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အသစ်တစ်ထည် ဝယ်ပေးရအောင်ကွာ၊ ဒီအင်္ကျီ ကြည့်ရတာ မျက်စေ့နောက်နေပြီ”

ရှေလန္ဒရာသည် ကာလီပဒ၏ မှောင်မည်းညစ် ပတ်နေသည့် အခန်းကလေးထဲသို့ တစ်ခါမှ မလာဘူးပါ။ အပေါ်ထပ်တက်၍ သူ့အခန်းရှေ့က ဖြတ်တိုင်း အော်ဂလီဆန်သွားတတ်သည်။ အထူးသဖြင့် မွန်းကျပ်နေသည့် အခန်းကလေးထဲက အမှောင်ထဲတွင် ကာလီပဒက အင်္ကျီကိုယ်တုံးလုံးဖြင့် စာကျက်နေသည့် ညနေခင်း အချိန်မျိုးတွင် ရှေလန္ဒရာသည် လေရှူ၍ မဝသလို ကျပ်နေသည်။

“ကာလီပဒ ပင့်လာတဲ့ ဘုရင်ခုနစ်ပါးက ဒီတစ်ခါ ဘယ်လို ကျောက်မျက် ရတနာတွေ ငို ယူလာသလဲ မသိဘူး” ဟု အချင်းချင်း နောက်ပြောင်ကြသည်။

သူ့သော့ခလောက်မှာ အပေါစား သော့ခလောက် ဖြစ်၏။ အကာအကွယ်ပေးသည် ဆိုသည့်တိုင် ဘာမျှ မကာကွယ်နိုင်ပါ။ ဘယ်သော့ဖြင့် ဖွင့်ဖွင့်ရ သည်သာ။ တစ်ညနေ ကာလီပဒက သူ့တပည့်များကို စာသင်ပေးနေစဉ် လူနောက်တစ်သိုက်သည် မှန်အိမ်ကို လက်တွင်ကိုင်ရင်း တဟားဟားရယ်မောကာ သူ့အခန်း သော့ကို ဖွင့်နေကြသည်။ အခန်းထဲတွင် သနပ်၊ သရက်သီး ကုလား





တည်နှင့် ခုတင်အောက်တွင် ထိုးထားသော ပစ္စည်းများကို တွေ့ရသည်။ ထိုအရာများမှာ ဘာမျှ အဖိုးမတန်ဟု ထင်ကြသည်။ သူ့ သံသေတ္တာ ကလေးကို ဖွင့်လိုက်သည့်အခါ ခပ်စုတ်စုတ် အဝတ်အစားများ၊ စာအုပ်များ၊ မှတ်စုများ၊ ကတ်ကျေးများ၊ မောင်းချစားတစ်လက်၊ ဖောင်တိန်တစ်ချောင်းတို့ကို တွေ့ရသည်။ သေတ္တာကို ပြန်မပိတ်မီ ခပ်ညစ်ညစ် အဝတ်များအောက်မှ လက်ကိုင် ပုဝါဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို တွေ့သွားကြ၏။ အထဲတွင် အဝတ်ကလေးဖြင့် ထုပ်ထားသော ဗူးကလေး တစ်ဗူးကို တွေ့ရသည်။ ဗူးထဲက စက္ကူအထပ် ထပ်အောက်တွင် ငါးဆယ်တန် တစ်ရွက်။

သူတို့အားလုံး ဝိုင်းဟားကြသည်။ သည်ပိုက်ဆံကြောင့် ကာလီပဒသည် သူ့အခန်းကိုသော့ အမြဲခတ်သည်လား မဆိုနိုင်။ ထိုမျှ ကပ်စေးနဲ၍ ထိုမျှ မယုံသင်္ကာ ဖြစ်တတ်သူကို ကြည့်၍လည်း အံ့သြရသည်။ ထိုစဉ် လမ်းဘက်မှ ကာလီပဒ၏ အသံနှင့် ဆင်ဆင် ချောင်းဆိုးသံကို ကြားရသည်။ သူတို့သည် သေတ္တာကို ပြန်ပိတ်၊ ငါးဆယ်တန်ကို ယူပြီး အပေါ်ထပ်သို့ တက်ပြေးကြသည်။

ကာလီပဒ၏ မှတ်စုက ရိစရာ။ ရှေလန္ဒရာအဖို့



www.burmeseclassic.com

www.burmeseclassic.com



ငွေငါးဆယ်သည် ဘာမျှ အရေးမကြီး။ သို့ရာတွင် ကာလီပဒလို လူမျိုးတွင် ငွေငါးဆယ်ရှိသည်ဟု မည်သူ ထင်မည်နည်း။ ကာလီပဒကလည်း သူ့ပိုက်ဆံ ငါးဆယ် ကို ယက္ခဂုမ္ဘာန် စောင့်သလို စောင့်ကြပ်နေသည်။ သူ့ ပိုက်ဆံ ရှာမတွေ့လျှင် ငနဲ ဘယ်လို နေမလဲ မသိ။ သူ့ ဖြစ်အင်ကို ကြည့်၍ ဟားတိုက် ရယ်ချင်သည်၊

ကာလီပဒသည် တစ်နေ့လုံးစာသင်ပြီးနောက် ည ကိုးနာရီထိုးပြီးမှ မောမော ပန်းပန်းဖြင့် ပြန်ရောက် လာ ခဲ့သည်။ ဘာမျှ ထူးထူးဆန်းဆန်း မတွေ့ရ။ ခေါင်း ကလည်း ကစစ်စစ် ကိုက်နေသည်။ ထိုနည်းအတိုင်း ရက်ပေါင်း အတော်ကြာအောင် စာသင်ပေးနေရဦးမည်။ သို့ရာတွင် နောက်တစ်နေ့ အဝတ်အစားလဲရန် ခုတင် အောက်က သေတ္တာကို ဆွဲထုတ်လိုက်သည့် အခါ၌ သူ့ သေတ္တာ ပွင့်နေသည်ကို တွေ့ရ၏။ သူသည် ပင်ကိုယ် အားဖြင့် နမော်နမဲ့ နေတတ်သူ တစ်ဦး မဟုတ် သည့်တိုင် မပိတ်ခဲ့ဘဲ မေ့ထားခဲ့ဟန်တူသည်။ သူခိုး ဝင်သည်ဆိုလျှင် အခန်းလည်း ပွင့်နေရမည်။ သေတ္တာကို ဖွင့်ကြည့်သည့် အခါတွင် ရှုတ်ပွနေသည့် အဝတ်အစား များကို တွေ့ရ သည်။ သူသည် အသက်ရှူ မှားသွား၏။ သေတ္တာထဲမှ ပစ္စည်းများကို ထုတ်ကြည့်သည်။ အမေ ပေးလိုက်သည့်





ငါးဆယ်တန်ကလေး မရှိတော့ပြီ။ စာရွက်များနှင့် အဝတ် အစားများသာ ကျန်တော့သည်။ သူသည် အဝတ်အစား တွေ စက္ကူတွေ ခါချ၏။ ငွေစက္ကူ နှင့် တူတာ တစ်ခုမျှ မတွေ့။ အပြင်ဘက်တွင်မူ ဘော်ဒါ နေသူတို့သည် သူတို့ လုပ်စရာရှိသည်ကို လုပ်နေကြသည်နှယ် တက်လိုက် ဆင်းလိုက်ဖြင့် အလုပ်များ နေကြ၏။ အမှန်ကတော့ သူ့အရိပ်အကဲကို လာကြည့် ကြခြင်းဖြစ်သည်။ အပေါ် ထပ်မှ ဟားတိုက် ရယ်နေသံများကို ကြားရသည်။

ကာလီပဒမှာ ခေါင်းကိုက်လွန်းလှသဖြင့် သူ့ အဝတ်အစားများကို မရှာနိုင်တော့ပြီ။ သူသည် အိပ်ရာ ပေါ်တွင် ဝမ်းလျားမှောက်ကာ လူသေကောင်လို ငြိမ် နေလေ၏။ အမေသည် သူ့အတွက် ထိုပိုက်ဆံကလေး ကို ပင်ပင်ပန်းပန်း စုခဲ့ရ၏။ သူမ၏ ဘဝက မိနစ်တိုင်း ကို စက်လို ဝါးစားပစ်ခဲ့ရ၏။ နေ့စဉ်နှင့်အမျှ တကုပ် ကုပ် လုပ်ခဲ့ရ၏။ ထို့နောက် အမေက သူ့အား နေ့စဉ် အဖော်သဟဲအဖြစ် အားထားလာသည့်အခါတွင် ထိုမျှ လောက် တစ်ခါမျှ ဂုဏ်မယူဘူးခဲ့။ အမေပေးလိုက်သည့် ပိုက်ဆံကလေးသည် သူ့အတွက် အမြင့်မြတ်ဆုံးသော အမှာစကားဖြစ်ပြီး၊ အကြီးဆုံးသော ကောင်းချီး မင်္ဂလာ ဖြစ်၏။ ထိုစကား၊ ထိုကောင်းချီးမင်္ဂလာတို့သည် ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



မရနိုင်သော မိခင်၏မေတ္တာ သမုဒ္ဒရာ အနက်အရှိုင်းထဲမှ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ယခု ထိုပိုက်ဆံကလေး ပျောက်ဆုံးခြင်းသည် နတ်ဆိုး၏ ကျိန်စာတိုက်ခြင်းခံရသည်နှင့်အတူတူ။ သူသည် အပြင်ဖက်မှ တရုပ်ရုပ်သွားနေသော ခြေသံများကို သတိပြုလိုက်မိ၏။ မလိုအပ်ပဲနှင့် ခေါက်တုန့်ခေါက်ပြန်သွားလာနေသော ခြေသံများသည်ဆုံးနိုင်တော့မည်မထင်။ ရွာမီးလောင်နေစဉ် မြစ်ရေက ဘာကိုမျှ အရေးမထားပဲ စီးဆင်းမြဲ စီးဆင်းနေသကဲ့သို့ ရှိ၏။

အပေါ်ထပ်မှ ဟားတိုက် ရယ်မောနေသံများကြောင့် ယခုကိစ္စသည် သူခိုး လက်ချက် မဟုတ်ပဲ ရေလန္တရာနှင့် သူ့အပေါင်းအသင်းများက တမင် အနိုင်ကျင့်ချောက်တွန်းသည့် ကိစ္စဟု သူ တွေးလိုက်မိသည်။ သူခိုးခိုးသွားသည် ဆိုလျှင် ထိုမျှလောက် သူစိတ်ထိခိုက်မည် မဟုတ်ပါ။ ပစ္စည်းဂုဏ်၊ ဓနဂုဏ် မောက်နေကြသည့် ထိုလူငယ် တစ်သိုက်သည် အဝေးတွင် နေသည့် သူ့အမေကို သက်သက်မဲ့ စော်ကားခြင်းဖြစ်သည်ဟု သူခံစားလိုက် ရ၏။ သူသည် သူတို့လှေကားပေါ်သို့ တစ်ခါမျှ ခြေမချစဖူး။ ယနေ့တော့ စုတ်ပြတ်နေသော အဝတ် အစား၊ ဖိနပ်ဗလာ၊ ဒေါသကြောင့် တောက်





လောင်နေသော မျက်နှာဖြင့် ကာလီပဒသည် အပေါ်ထပ်သို့ တဟုန်ထိုး ပြေးတက်လာခဲ့သည်။

ထိုနေ့မှာ တနင်္ဂနွေနေ့ဖြစ်၏။ သူတို့တစ်သိုက်က အုတ်ကြွပ်မိုးထားသည့် ဝရန်တာတွင် လှဲသူလှဲပြီး ရယ်သူရယ် နေကြ၏။ ကာလီပဒသည် သူတို့အထဲသို့ ပြေးဝင်လာကာ ဒေါသကြောင့် ဆို့နင့်နေသောအသံဖြင့်

‘ဟေ့ကောင်တွေ၊ ငါ့ပိုက်ဆံ ပြန်ပေးကွ’ ဟုအော်လိုက်သည်။

အောက်ကျခံ၍ တောင်းလျှင် ပြန်ရမည်မှာ သေချာ၏။ သို့ရာတွင် သူ၏ထိန်းမရ သိမ်းမရသော ဒေါသကြောင့် ရေလန္တရာကလည်း စိတ်ဆိုးသည်။ အကယ်၍သာ တံခါးစောင့်တို့ ဘာတို့ရှိလျှင် ဆွဲထုတ်ခိုင်းမည် ဖြစ်၏။ အားလုံး ထိုင်ရာမှ ထလိုက်ကြသည်။

‘ဘာပြောတယ်ကွ၊ ဘာပိုက်ဆံလဲ’

‘ငါ့သေတ္တာထဲက ငါးဆယ်တန် မင်းတို့ ယူသွားတယ်’

‘ဘာလဲ၊ တို့ကို သူခိုးလို့ ပြောတာလား’

အနီးအနားတွင် တစ်ခုခုသာ ရှိလျှင် သွေးထွက်သံယို ဖြစ်မည်မုချ။ သူတို့အထဲမှ လေးငါးယောက်က သူ့လက်ကို ဖမ်းချုပ်ထားလိုက်ကြသည်။ သူ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျားသစ်တစ်ကောင်လို ဟိန်းသည်။ သူ့တွင် ခွန်အား မရှိ။ သူတို့ ကျူးလွန်သည်ဟု အထောက်အထား ပြစရာလည်း မရှိ။ သူကို သံသယ ဖြစ်နေသော အရှုး တစ်ယောက်အဖြစ် ဝိုင်း၍ ရယ်ကြတော့မည်။ ယခု သူ့ကို သေလောက်သည်အထိ ဒဏ်ရာရအောင် လုပ်ခဲ့သူများသည် သူ့ဒေါသကို ပို၍ ပြင်းထန်အောင် လုပ်နေကြ ပြန်ပြီ။

ထိုနေ့ညက သူဘာတွေ ဖြစ်ခဲ့သည်ကို မည်သူမျှ မသိနိုင်။ ရေလန္တရာက ရာတန်တစ်ရွက်ကို ထုတ်လိုက်ပြီး၊

'ရော့၊ အဲဒီ သူတောင်းစားကို ပေးလိုက်'

'ဟောကောင်၊ မင်းရူးနေသလား၊ ဘာဖြစ်လို့ ပေးရမှာလဲ သူ့ကို စာရေးပြီး ဝန်ချ တောင်းပန်ခိုင်း။ အဲဒီတော့မှ ပေးသင့် မပေးသင့် စဉ်းစားမယ်'

အိပ်ချိန်ရောက်သည့်အခါ၌ သူတို့အားလုံး ကိုယ့်အခန်းကိုယ် ပြန်သွားကာ အိပ်ပျော်သွားကြ၏။ မနက်လင်းသည့် အခါတွင်မူ ကာလီပဒကို မေ့သွားကြလေပြီ။ သို့ရာတွင် အောက်သို့ ဆင်းလာသည့်အခါတွင် သူ့အခန်းမှ အသံတစ်သံကို ကြားရသည်။ ရှေ့နေများ ခေါ်သလား ဟု ထင်လိုက်မိသေးသည်။ အခန်းမှာ





အထဲမှ မင်းတုပ် ထိုးထား၏။ သူတို့ ကြားရသလောက်မှာ ဥပဒေ နှင့် ဘာမျှ ပတ်သက်ခြင်း မရှိပါ။ ကယောင်ကတမ်း ပြောနေခြင်းသာ ဖြစ်ပါသည်။ သူတို့က ရေလန္တရာကို သွားပြောကြသည်။ ရလန္တရာက အောက်သို့ ဆင်းလိုက်လာပြီး အခန်းနံရံနား ကပ်၍ နားထောင်သည်။ ကာလီပဒ၏ စကားလုံးများမှာ သဲသဲကွဲကွဲ မရှိလှပါ။ 'အဖေ၊ အဖေ' ဟု မကြာခဏ ခေါ်သံကို ကြားရ၏။ ငါးဆယ်တန် ပျောက်သွားသဖြင့် ရူးသွပ် သွားသလား မဆိုနိုင်။ သူတို့က အပြင်မှ နှစ်ခါ သုံးခါလောက် လှမ်းခေါ်ကြသေးသည်။ မပီမသ ပြောနေသံကိုသာ ကြားရ၏။

'ကာလီပဒ၊ ကာလီပဒ၊ တံခါးဖွင့်ပါဦး၊။ မင်းပိုက်ဆံ ပြန်တွေ့ပြီ'

ရေလန္တရာ ကိုယ်တိုင် ခေါ်ကြည့်၏။ ဘယ်သူမျှ တံခါးလာ မဖွင့်ပါ။ မပီမသ ပြောနေသံကိုသာ ကြားရသည်။ ပြဿနာသည် ထိုမျှကြီးမည်ဟု ရေလန္တရာ မထင်ခဲ့ပါ။ သူ့အမှားအတွက် နောင်တမရသည့်တိုင် စိတ်ထဲတွင်တော့ တထင့်ထင့် ဖြစ်နေသည်။

'တံခါးကို ဖျက်ဝင်မှပဲ ထင်တယ်'

'ရဲကို ခေါ်ကွာ။ ရူးနေတယ်ပေါ့။ ဒေါ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြာ တစ်ခုခုဖြစ်ရင် ခက်နေမယ်'

တစ်ယောက်က ပြောသည်။ သို့ရာတွင် ရှေလန္ဒရာက

"ဒေါက်တာ အနာဒီကို သွားခေါ်ကွာ"

ဆရာဝန်က အနီးတွင် ရှိသည်။ သူသည် တံခါးနားသို့ ကပ်၍ နားထောင်ကာ

"ငမ်းဖမ်းပြီး ကယောင်ကတမ်း ပြောနေတာထင်တယ်"ဟု ပြောသည်။

သူတို့သည် တံခါးကို ဖျက်၏။ အိပ်ရာမှာ ဖရိုဖရဲဖြစ်လျက်။ စောင်တွေက ကြမ်းပြင်သို့ လျောကျနေသည်။ ကာလီပဒသည် ကြမ်းပြင်ပေါ်တွင် သတိမေ့၍ လဲနေသည်။ ခြေထောက်နှင့် လက်များသည် ဆတ်ကနဲ ဆတ်ကနဲ အကြောဆွဲနေကြသည်။ နီရဲနေသော မျက်လုံးကြီးများသည် ပြူးထွက်လျက် ရှိကြပြီး၊ မျက်နှာမှာ သွေးတွေ ပန်းထွက်လာတော့မည့်နှယ် နီရဲလျက် ရှိ၏။ ဆရာဝန်က သူ့ကို အတန်ကြာ စစ်ဆေးကာ "ဆွေမျိုး ရှိသလား" ဟု ရှေလန္ဒရာကို မေးသည်။

ရှေလန္ဒရာ၏ မျက်နှာတွင် သွေးမရှိတော့။ သူက အထိတ်တလန့်ဖြစ်လျက်

"ဘာဖြစ်လို့လဲ ဆရာ၊ အရေးကြီးလို့လား"





"ဆွေမျိုးကို အကြောင်းကြားရင် ကောင်းမယ်။ အခြေအနေ သိပ်မကောင်းဘူး"

"ကျွန်တော် မသိဘူး ဆရာ၊ သူ့ဆွေမျိုးကို ကျွန်တော် မသိဘူးလို့ ပြောတာပါ။ နောက်တော့ စုံစမ်းကြည့်ပါမယ်။ ခုလောလောဆယ်ကော ဘယ်လို လုပ်ရမလဲ ဆရာ"

"ဒီထက် လေကောင်းလေသန့်ရတဲ့ အခန်းကို ပြောင်းထားရင် ကောင်းမယ်။ နေ့ရော ညရော ပြုစုဖို့လိုတယ်"

ရှေလန္ဒရာသည် ကာလီပဒကို သူ့အခန်းသို့ ပြောင်းထားလိုက်၏။ သူ့သူငယ်ချင်းတွေ စုအုံလာသဖြင့် သူတို့ကို လူစုခွဲလိုက်သည်။ သူသည် ကာလီပဒ၏ ခေါင်းကို ရေခဲထုတ် တင်ပေးပြီး ယပ်ခပ်ပေးသည်။ ကာလီပဒသည် စာတိုက်မှ စာထည့်လျှင် သူကိုယ်တိုင် ထည့်ပြီး စာယူလျှင်လည်း ကိုယ်တိုင် ယူသဖြင့် သူ့မိဘနှင့်တကွ နေရပ်လိပ်စာကို မည်သူမျှ မသိပါ။ ထို့ကြောင့် လိပ်စာ ရှာရန် သူ့သေတ္တာကို နောက်တစ်ကြိမ် ဖွင့်ရပြန်သည်။ သေတ္တာထဲတွင် ကြိုးနှင့် စည်းထားသည့် အထုပ် နှစ်ထုပ်ကို တွေ့ရသည်။ တစ်ထုပ်မှာ အမေ့ထံမှ ပေးစာများ ဖြစ်ပြီး နောက်တစ်ထုပ်မှာ အမေ့ထံ ပေးစာ



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်သည်။ အမေ့ထံမှပေးစာမှာ သိပ်မများသော်လည်း အဖေ့ထံမှ ပေးစာမှာ တော်တော်များ၏။ ရှေလန္ဒရာသည် စာထုပ်များကို ကိုင်ရင်း တံခါးကို ပိတ်လိုက်သည်။ ထို့နောက် ခုတင်ပေါ်တွင် ထိုင်ပြီးစာများကို ဖတ်၏။ လိပ်စာကို တွေ့သည့်အခါတွင် သူလန့်သွားသည်။ ရှာနီယာရီ။ ချောင်ဒူရီစံအိမ်။ မြေပိုင်ရှင်ကြီးဟူသော အစိုးရက ပေးထားသည့် ဘွဲ့ထူးဂုဏ်ထူးအောက်တွင် ဘာဘာဏီ ချာရန်းချောင်ဒူရီ ဆိုသည့် အမည်ကို တွေ့ရသည်။

သူသည် စာရွက်ကို ဘေးချကာ ကာလီပဒ မျက်နှာကို စိုက်ကြည့်နေ၏။ တစ်ခါတုန်းက သူငယ်ချင်းတစ်ယောက်က သူနှင့် ကာလီပဒ မျက်နှာပေါက်ဆင်သည်ဟု ပြောဖူးသည်။ ရှေလန္ဒရာက ထိုသို့ပြောသည်ကို မကြိုက်။ အခြား သူငယ်ချင်းများကလည်း ရယ်ပစ်လိုက်ကြ၏။ ယခု ထိုစကားသည် အခြေအမြစ်မရှိသည့် စကားမဟုတ်ကြောင်းကို တွေ့လာရပြီ။ သူ့အဖိုး ရှယာမာချာယန်းတွင် ဘာဘာဏီချာရန်း ဟူသော ညီတစ်ယောက်ရှိသည်ကို သူသိသည်။ သို့ရာတွင် သူ့အကြောင်းကို အိမ်တွင် တစ်ခါမျှ ပြောသံမကြားဖူးခဲ့ပါ။ ဘာဘာဏီချာရန်းတွင် သားတစ်ယောက်





ရှိပြီး၊ သူ့အမည်သည်လည်း ကာလီပဒ ဖြစ်ကြောင်းကို သူမသိခဲ့ပါ။ ယခု ကာလီပဒကို တွေ့ရလေပြီ။ သူ့ဦးလေးကို တွေ့ရလေပြီ။

ရှာယာမာချာရန်း၏ ဇနီး သူ့အဖွားသည် သေသွားသည်အထိ ဘာဘာဏီချာရန်းအကြောင်းကို ပြောတိုင်း ငိုကြီးချက်မနှင့် ပြောတတ်ကြောင်းကို သူ သတိရလာသည်။ ဘာဘာဏီချာရန်းသည် အဖွား၏ မတ်ဖြစ်သည့်တိုင် သူ့သား ထက်ငယ်သည်။ ထို့ကြောင့် သူ့ကို သူ့သားအရင်းလို ပြုစုမွေးမြူခဲ့သည်။ အမွေ ကိစ္စကြောင့် စိတ်ဝမ်း ကွဲသွားကြသည့်နောက်တွင် သူ့ မွေးစားသားအကြောင်းကို သိချင်သည်။ သူ့သားများကိုလည်း ပြောသည်။

"ဘာဘာဏီက သိပ်ရိုးတာ၊သူ့ကို လိမ်သွားလဲခံတာပဲ။ ငါ့ယောက္ခမကြီးကဆိုရင် သူ့ကို သိပ်ချစ်တာ၊ သူဆင်းဆင်းရဲရဲနေတာကို မြင်ရင် ဘယ်လောက် စိတ်မကောင်းဖြစ်မလဲမသိဘူး။ သနားပါတယ်ကွယ်"

သူ့အဖွားက မကြာခဏ ပြောတတ်သည်။ ထိုအခါမျိုးတွင် သူ့သားအရင်းများက သူတို့အမေကို စိတ်ဆိုးကြသည်။ ရှေလန္ဒရာကိုယ်တိုင်လည်း သဘောမကျသလို ဖြစ်မိသည်။ အဖွားက သူ့ကို မကောင်းပြောသည့်



www.burmeseclassic.com

www.burmeseclassic.com



အခါတွင် မမြင်ဘူးသည့် ဘာဘာဏီကို ပို၍ပင် မုန်းမိသေးသည်။ ဘာဘာဏီချာရန်း ဘယ်လောက်ဆင်းရဲနေသည်ကို သူမသိ။ ယခု ကာလီပဒ၏ အခြေအနေကို မြင်မှ ရိပ်စားမိတော့သည်။ သူမည်သို့ ဖျားယောင်းသည့်တိုင် ကာလီပဒက သူ့ကို ရှောင်ကျဉ်ခဲ့ပုံကို တွေးမိသည့်အခါတွင် သူဂုဏ်ယူသည်။ ကာလီပဒသည် သူ့ထံတွင် ကပ်ပါးယပ်ပါး လုပ်ရန် တစ်ခါမျှ အရိပ်အယောင် မပြခဲ့။ ထို့ကြောင့်လည်း ရှေလန္ဒရာ ဂုဏ်ယူသည်။ အကယ်၍သာ ကာလီပဒက သူ့နောက်လိုက် သာပေါင်းညာစားတွေနှင့် လာပေါင်းလျှင် ရှေလန္ဒရာသည် အကြီးအကျယ် ရှက်မိပေလိမ့်မည်။





## ၄

ယနေ့အထိ ရှလန္ဒရာ၏ နောက်လိုက်နောက်ပါတို့သည် ကာလီပဒကို စ,ခဲ့ကြ၏။ နှိမ်ခဲ့ကြ၏။ အနိုင်ကျင့်ခဲ့ကြ၏။ သူ့ဦးလေးကို ဤနေရာတွင် မထားရန် ရှေလန္ဒရာ ဆုံးဖြတ်လိုက်သည်။ ဆရာဝန်၏ အကြံပေးချက်အရ သူသည် ကာလီပဒကို အိမ်ကောင်း၊ ကောင်းတစ်လုံးသို့ ဂရုတစိုက် ပြောင်းရွှေ့ထားလိုက်၏။

ရှေလန္ဒရာက စာရေးလိုက်သဖြင့် ကာလီပဒ၏ အဖေ ဘာဘာဏီလည်း မိတ်ဆွေတစ်ယောက်နှင့်အတူ ကာလကတ္တားသို့ ချက်ချင်း ရောက်လာခဲ့သည်။ ခနီး



www.burmeseclassic.com

www.burmeseclassic.com



သည် ရတ်ရှိမဏိက သူ ခြစ်ခြစ်ချုပ်ချုပ် စုထားသည့် ငွေကလေးကို ထုတ်ပေးကာ

"တတ်နိုင်သမျှ ဂရုစိုက်နော်၊ လိုရင် ကျွန်မကိုလဲ လှမ်းခေါ်လိုက်။ ချက်ချင်း လိုက်လာခဲ့မယ်။ ချောင်ဒူရီ မျိုးထဲက အမျိုးသမီးတစ်ယောက်အနေနဲ့၊ ကာလကတ္တား လို မြို့ကြီးကို ချက်ချင်း ကောက်လိုက်လာရတာ မကောင်း ဘူး။ မလာခင်မှာ သားနေထိုင်ကောင်းအောင် မိဆိုင်ဖဆိုင် အရှင်ကြီးတို့ကို ပ,သရဦးမယ်။ ဘုရား တရားကို ပူဇော် ရဦးမယ်"

ကာလီပဒ၏ အခြေအနေကို ကြည့်ပြီး ဘာဘာ ဏီချာရန်း နားမလည်နိုင်အောင် ဖြစ်နေသည်။ သူ့သား ကာလီပဒသည် အဖေကို ကောင်းကောင်း မှတ်မိဟန် မတူ။ သူ့ဆရာ ထင်နေသည်လား မပြောတတ်။ ဆရာ ကြီး၊ ဆရာကြီးဟုသာ ခေါ်နေသည်။ ဤသည်ကို မြင် တိုင်း ဘာဘာဏီ ရင်နာရသည်။ ငန်းဖမ်းသည့်အခါ များ၊တွင်မူ "အဖေ၊ အဖေ" ဟု ခေါ်၏။ ဘာဘာ ဏီသည် သူ့လက်ကို ဆုပ်ကာ ငုံ့၍

"လူလေး၊ အဖေ ရှိတယ်လေ။ အဖေလေ" ဟု ပြော၏။ ကာလီပဒကမူ မှတ်မိဟန် မတူပါ။

"အဖျားတော့ ကျသွားပါပြီ။ တစ်ဖြည်းဖြည်း





ကောင်းလာမှာပါ" ဟုဆရာဝန်ကပြောသည်။

ဘာဘာဏီသည် သူ့သား ပြန်၍ နေထိုင် ကောင်း မည်မဟုတ် ဆိုသည်ကို လက်မခံနိုင်ပါ။ သူ့သားသည် အဖေ့ထက်သာသည့် သွာနုတ္တသားဟု လူတိုင်းက ပြော ကြသည် မဟုတ်လား။ ဘာဘာဏီအဖို့မူ ထိုစကားသည် အလဟဿ မဟုတ်။ ကာလီပဒသည် အသက်ရှည်ရ မည်။ သူ့ကံသည် သေကံမရောက်ဟု ယုံကြည်ပြီး ဖြစ် သည်။ ထို့ကြောင့် ဆရာဝန်စကားကို ချဲ့ကား၍ နား လည်လိုက်သည်။ ထို့ကြောင့် သူ့စာထဲတွင် စိုးရိမ်သောက ရောက်သည့် အရိပ်အရောင်ဆို၍ တစ်ချက်မျှ မပါပါ။

ရေလန္တရာ၏ အပြုအမူကြောင့် ဘာဘာဏီ အံ့ အားသင့်နေသည်။ ဘေးက ကြည့်လျှင် တစိမ်းတရံစာ မဟုတ်ဘဲ ဆွေမျိုးရင်းချာများဟု ထင်မည် ဖြစ်သည်။ သူ့လို ကာလကတ္တား မြို့ကြီးသားက တောသား ကလေး ကို ဂရုတစိုက်ပြုစု စောင့်ရှောက်မည်ဟု မည်သူထင် မည်နည်း။ ကာလကတ္တားက လူငယ်ကလေးများသည် ထို အတိုင်းပင် ဖြစ်ကြလိမ့်မည်။ သူတို့တောက ကောင် လေးတွေလို သဒ္ဒါ မတတ်၊ စာမတတ် အရိုင်းအစိုင်း ကလေးတွေ မဟုတ်ဟု သူထင်လိုက်သည်။

ကာလီပဒ၏ အဖျားမှာ ကျသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ကာလီပဒသည် တစ်ဖြည်းဖြည်း သတိရလာ၏။ အဖေ့ကို တွေ့သည့်အခါတွင် သူအံ့အားသင့်နေသည်။ ဘာကြောင့် ကာလကတ္တားကို ရောက်လာသည်ကို နားမလည်နိုင်ဘဲဖြစ်နေ၏။ ဧကန္တ ကာလကတ္တားက လူနောက် လူရှုတ်များသည် သူ့အဖေကို ညာခေါ်ကာ ချောက်တွန်းနေကြသည်ဟု ထင်လိုက်၏။ သူသည် အခန်း ပတ်ပတ်လည်ကို ကြည့်သည်။ မည်သူ့ အခန်းမှန်း သူဝေခွဲ မရ။ အိပ်မက်မက်နေသလား ဟုပင် ထင်လိုက်သေး၏။

သူနောက်ထပ် စဉ်းစားဖို့ အားမရှိပါ။ သူနေထိုင်မကောင်းသဖြင့် အဖေက သူ့ကို နေရာပြောင်းထားသလားဟုလည်း မေးလိုက်သေး၏။ သူ့အဖေ မည်သို့မည်ပုံရောက်လာသည်ကို သူစဉ်းစားနိုင်အား မရှိ။ ထိုနေရာမျိုးကို ဘယ်လိုလုပ် နေနိုင်သည့်ကိုလည်း သူမစဉ်းစားနိုင်။ သည်အတိုင်းသာဆိုလျှင် စရိတ်တွေ ဘယ်လိုရှာမည်နည်း။ မြန်မြန်နေကောင်းမှ ဖြစ်မည်။ အကြွေးတွေကို ဆပ်ရဦးမည်။

အခန်းထဲမှ သူ့အဖေ ထွက်သွားသည့်အခါ ရှေလန္ဒရာသည် သစ်သီးတစ် ပန်းကန်ကို ယူ၍ ရောက်လာ၏။ ကာလီပဒသည် သူ့ကို ကြည့်၍ အံ့အားသင့်နေသည်။ သူ့ကို သက်သက် လှောင်ပြောင် သရော်နေခြင်း ဖြစ်သည်ဟု ထင်လိုက်သည်။ သူ့အဖေအား ရှေလန္ဒရာတို့၏ လှောင်ပြောင်မှုကို မခံရအောင် ကာကွယ်ပေးရမည်။ သို့ရာတွင် ရှေလန္ဒရာက သစ်သီးပန်းကန်ကို စားပွဲပေါ်သို့တင်ပြီး သူ့ကို ဦးညွှတ်ပြကာ

"ကျွန်တော် အပြစ်ကျူးလွန်မိပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ကာလီပဒသည် နားမလည်နိုင်အောင် ဖြစ်နေ၏။ ရှေလန္ဒရာ၏ မျက်နှာပေါ်တွင် မရိုးဖြောင့်သည့် အမူအရာကို မတွေ့ရ။ ဘော်ဒါကို ရောက်စတုန်းက သူသည် ရှေလန္ဒရာ၏ ချစ်စရာကောင်းသော မျက်နှာကြောင့် သူ့ကို သဘောကျခဲ့သည်။ သို့ရာတွင် အဆင့်အတန်းချင်း ကွာလွန်းလှသဖြင့် ခပ်ရှောင်ရှောင် နေခဲ့၏။ အကယ်၍သာ အဆင့်အတန်းချင်းတူလျှင် အပေါင်းအသင်းများ ဖြစ်ကြပေလိမ့်မည်။ သူကလည်း သူတို့တစ်တွေနှင့် သူငယ်ချင်း အပေါင်းအသင်း ဖြစ်လိုပါသည်။ သို့ရာတွင် လူချင်းသာ နီးသော်လည်း သူတို့ကြားတွင် ပေါင်းကူး၍ မရသော ချောက်ကမ်းပါးကြီး ရှိနေသည်။ ရှေလန္ဒရာက အပေါ်ထပ်သို့ အဆင်းအတက် လုပ်လျှင် သူ့ကိုယ်ရုံမှ မွှေးပျံ့သည့် ရနံ့သည်







www.burmeseclassic.com

www.burmeseclassic.com



မည်းမှောင်သည့် ကာလီပဒ၏ အခန်းကျဉ်းကလေးထဲတွင် ဝဲပျံကျန်ရစ်ခဲ့သည်။ ထိုအခါမျိုးတွင် ကာလီပဒသည် စာကြည့်နေရာ၊ အလုပ်လုပ်နေရာမှ နေ၍ တင်းမာ၍ မာနကြီးသော သူ့မျက်နှာကို လှမ်းမကြည့်ဘဲ မနေနိုင်ပါ။ ထိုအခိုက်အတန့်၌ ဝေးလံ၍ ကျက်သရေရှိသော ကမ္ဘာမှ ရောင်ခြည်တန်းတစ်တန်းသည် သူ့အခန်းကဲတွင် ထွန်းလင်းနေသည်ဟု ထင်ရ၏။ သို့ရာတွင် ထိုချောမောသော မျက်နှာသည် မည်မျှ ကြောက်စရာကောင်း၍ မည်မျှ ရက်စက်လိုက်ပါသနည်း။ ယခု ရှေလန္ဒရာက သစ်သီးပန်းကန်ကို ယူလာသည့်အခါတွင် ကာလီပဒသည် ထိုမျက်နှာကို နောက်တစ်ကြိမ် သေသေချာချာ စူးစိုက် ကြည့်မိပြန်သည်။ သူသည် ခွင့်လွှတ်သည့်ကိစ္စနှင့် ပတ်သက်၍ ဘာမျှ မပြောဘဲ သစ်သီးတစ်လုံး ဂိုသာ ကောက်ယူ၍ စားနေမိသည်။ သူ့အမူအရာသည် စကားလုံးများ မပြောနိုင်သော အရာဟူသမျှကို ပြောနေ၏။

ကျေးတောက၊ သူ့အဖေနှင့် ရှေလန္ဒရာတို့ တစ်နေ့ထက်တစ်နေ့ ရင်းနှီးလာကြပုံကို ကြည့်၍ ကာလီပဒသည် အံ့အားသင့်နေသည်။ ရှေလန္ဒရာက သူ့အဖေကို အဖိုးလေးဟု ခေါ်ပြီး တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်နေကြသည်။ ထို့ပြင် ရှလန္ဒရာက သူ့'အဖွားလေး' အကြောင်းကို မေးနေသည်။ ဘာဘာဏီက လည်း စကားတွေ ဖေါင်နေသည်။ ထိုသို့သော ချစ်ကြည်မှုသည် ဘာဘာဏီချာရန်းတို့ အိမ်တွင် နေခဲ့စဉ်က အဖြစ်အပျက်များကို ပြန်၍ အမှတ်ရ လာစေ၏။ ရှေလန္ဒရာက အဖွားလေး လုပ်ပေးသည့် သရက်သီးသနပ်တို့ကို စားခဲ့ရပုံကို ပြန်၍ ပြောပြ၏။ ယခုကိစ္စကြောင့် ကာလီပဒသည် ကျေနပ်နေသည်၊ သဘောကျသည်ဆိုလျှင် သူ့အမေလုပ်သည့် သရက်သီးသနပ်တွေ၊ စားသောက်ဖွယ်တွေကို ကမ္ဘာကြီး တစ်ခုလုံးကိုပင် ချကျွေးလိုက်ချင်သည်။ သူ၏ လူမမာ ခုတင်သည် သာယာမှုကင်းသော သူ့ဘဝတွင် သာယာမှုပေးသော နေရာကလေး တစ်နေရာ ဖြစ်လာ၏။ အမေပါ ရှိလျှင်မူ သာ၍ပင် ပျော်စရာ ကောင်းပေလိမ့်မည်။ အမေသည် ရှေလန္ဒရာကိုလည်း တော်တော် ချစ်လိမ့်မည် ထင်သည်။

သူတို့ပြောသည့် စကားများအနက် ကိစ္စတစ်ခုကို သာလျှင် သူမကျေမနပ် ဖြစ်မိသည်။ ကာလီပဒသည် ဆင်းရဲသည်ကို ဂုဏ်ယူပြီး သူတို့မိသားစု အတိတ်က ချမ်းသာခဲ့ကြောင်း ပြောရသည်ကို ရှက်သည်။ 'ခုတော့ တို့ဆင်းရဲနေတာပေါ့ကွာ။ ဒါပေမယ့် တစ်ခါတုန်းကတော့'







www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ခါတ်ပြားဟောင်းကြီးကို သူမကြိုက်ပါ။ သူ့အဖေက အတိတ်က ရွှေထီးကို ဝါကြွားသောကြောင့် မဟုတ်ပါ။ မည်သို့ဖြစ်စေ သူ့လူငယ်ဘဝသည် သူ၏ အပျော်ဆုံးအချိန်ဖြစ်၏။ ကမ္ဘာကြီးက ကြောက်စရာ မျက်နှာကို ဖွင့်မပြမီ အသာယာဆုံး အချိန်ဖြစ်၏။ ထိုစဉ်တုန်းကတော့ သူသည် ရာယာမချာရန်း ဇနီး၏ ချစ်ခင်မှုကိုလည်း ရခဲ့၏။ စားစရာ ဝတ်စရာ ဘာမျှ မပူရ။ ကုန်လွန်လေပြီးသော ပျော်ရွှင်မှု အပေါင်းသည် သူ၏ ဘဝဆည်းဆာပေါ်သို့ ရွှေရောင်ခြည်များကို ပက်ဖျန်းပေးသည်မှာ သဘာဝလည်း ကျပါသည်။ သို့ရာတွင် ပျောက်သွားသည့် သေတမ်းစာကိစ္စကို စဉ်းစားမိသည့် အခါတွင် ထင့်ကနဲ ဖြစ်သွားတတ်၏။ ဘာဘာဏီကမူ စိတ်ပျက် လက်ပျက်ဖြစ်လာကာ တစ်နေ့တွင် ပြန်တွေ့ရမည်ဟု ယုံကြည်နေသည်။ ဘာသာ တရားကိုင်းရှိုင်းသည့် သူ့ အမေက ထိုသို့ ပြောခဲ့သည် မဟုတ်လော။ ထိုအကြောင်းကို ပြောလျှင် ကာလီပဒသည် စိတ်ညစ်သွား၏။ သူနှင့် အမေသည် အဖေ့ကို ကိုယ်ချင်းစာပါသည်။ အဖေ့လိုပင် သေတမ်းစာကို ပြန်တွေ့လိုကြပါသည်။ သို့ရာတွင် ထို အကြောင်းကို ရှေလန္ဒရာလို လူစိမ်းတစ်ယောက်ရှေ့တွင် မပြောစေချင်။ 'အဖေက လဲဗျာ၊ ထင်ရာတွေ လျှောက်လျှောက် ပြောနေတာပဲ။ ဒါတွေ ဘာလို့ ပြောနေရတာလဲ' ဟု ဆိုမိသည်။ သို့ရာတွင် သူ့စကားသည် ပြောင်းပြန် အကျိုး သက်ရောက်မှုကိုသာ ဖြစ်စေပါသည်။ ထိုအခါ ကျမှပင် သူ့ကို ချေပသည့်အနေဖြင့် အဖေက သေတမ်းစာ ပျောက်ပုံကို အသေးစိပ်ပင် ပြောနေသေးသည်။ သူ့အဖေစကားပြတ်သွားအောင် ကြိုးစားသော်လည်း အချည်းနှီးသာ။ ပို၍ ခက်သည်မှာ ထိုကိစ္စကို ပြောလျှင် ရှေလန္ဒရာက မကြိုက်ဘဲဖြစ်နေပြီး တစ်ခါတရံတွင် အဖေနှင့်ပင် အကြောက်အကန် ပြောတတ် ခြင်းဖြစ်၏။ ဘာဘာဏီက လည်း အခြားကိစ္စဆိုလျှင် အလျှော့ပေးသည့်တိုင် သေတမ်းစာပျောက်သည့် ကိစ္စကိုမူမလျှော့ပါ။ သူ့အမေမှာ စာရေး စာဖတ်တတ်သဖြင့် သူ့အဖေ၏ သေတမ်းစာကို မိတ္တူကူးကာ မီးခံသေတ္တာထဲတွင် သိမ်းထားခဲ့သည်။ သို့ရာတွင် သူ့ရှေ့မှာပင် မီးခံသေတ္တာကို ဖွင့်လိုက်သည့် အခါ၌ သေတမ်းစာမိတ္တူမှာ မရှိတော့ပြီ။ သေတမ်းစာကို ခိုးယူခြင်းမဟုတ်လျှင် ဘာဖြစ်နိုင်သေးသနည်း။ ကာလီပဒက အဖေကို ဖျောင်းဖျသည့် အနေဖြင့်

"ကဲပါ အဖေရယ်၊ ထားပါတော့။ အဖေ့စာစုတွေ







www.burmeseclassic.com

www.burmeseclassic.com



ရသွားတဲ့ လူတွေဟာလဲ ကိုယ့်သားနဲ့ အတူတူပေါ့။ အဖေ့ တူတွေပဲ မဟုတ်လား။ မိသားစုထဲက ရတာပဲ။ ကျေနပ်လိုက်ပါ"

ထိုစကားမျိုးကို ပြောလျှင် ရှေလန္ဒရာက အခန်းထဲမှ ထွက်သွားတတ်၏။ သူ့အဖေသည် ပိုက်ဆံလောက်ကိုသာ ကြည့်သည့်လူမျိုးဟု ရှေလန္ဒရာ ထင်သွားမည်ကို ကာလီပဒ စိုးရိမ်သည်။ တကယ်ကတော့ သူ့အဖေသည် ထိုကိစ္စကို သည်လောက် စိတ်ဝင်စားသည် မဟုတ်ပါ။ ထိုအကြောင်းကို ရှေလန္ဒရာ သဘောပေါက်အောင် သူ ရှင်းပြချင်သည်။

ယခုအချိန်၌ ရှေလန္ဒရာ၏ ဇာတိသည် ပေါ်လာပေပြီ။ သူ့အဖိုးသည် သေတမ်းစာကို ခိုးယူသွားသည် ဆိုသည့်အချက်ကို သူမယုံနိုင်။ သို့ရာတွင် တစ်ဖက်က ကြည့်လျှင် ကိုယ်ရသင့် ရထိုက်သည့် အမွေကို မခံစားရခြင်းမှာလည်း နည်းနည်းကလေးမျှ မတရားဟု သူမြင်သည်။ ထို့ကြောင့် ရှေလန္ဒရာသည် ထိုကိစ္စထဲတွင် မပါမိအောင်နေသည်။ ဖြစ်နိုင်လျှင် အခန်းထဲမှ ထွက်သွားသည်။

ကာလီပဒမှာ အဖျားမကျသေးဘဲ ညနေတိုင်လျှင် ခေါင်းကိုက်တတ်သည်။ သို့ရာတွင် ကိုယ့်ဘာသာ





ကိုယ်တော့ လူမမာဟု မထင်တော့ပါ။ စာတွေ နောက်ကျတော့မည်ကို စိုးရိမ်နေပါသည်။ သည်တစ်ခါ ပညာသင်ဆုကို လက်လွှတ်၍ မဖြစ်။ ကာလီပဒသည် ဆရာဝန်၏ ညွှန်ကြားချက်ကို နားမထောင်ဘဲ ရှေလန္ဒရာ မသိအောင် စာကို တိတ်တိတ်ပုန်း ဖိကျက်သည်။

"အဖေလည်း ရှာပြန်တော့လေ။ ဟိုမှာ အမေ တစ်ယောက်တည်းရယ်။ ကျွန်တော်လည်း နေကောင်းနေပါပြီ" ဟု အဖေ့ကို ပြောသည်။

ရှေလန္ဒရာကလည်း

"အဖိုးလေး သွားရင် ရပါပြီ။ ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး။ နောက်ရက်နည်းနည်းကြာရင် ပျောက်သွားမှာပါ။ ဒီမှာ ကျွန်တော်တို့ အားလုံးလည်း ရှိနေတာပဲ"

ဘာဘာဇီက ပြုံးသည်။

"ငါသိပါတယ်ကွာ။ ငါက ကာလီပဒအတွက် စိုးရိမ်တာ မဟုတ်ပါဘူး။ ဘယ်တုန်းကမှလည်း မစိုးရိမ်ပါဘူး။ ဒါပေမယ့် မင်းတို့ အဖွားလေးက ခက်တယ်ကွ။ ခေါင်းထဲမှာ အစွဲတစ်ခု ရောက်သွားရင် တော်တော်နဲ့ ချွတ်လို့ မရတော့ဘူး"

ရှေလန္ဒရာက ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖိုးလေးကလဲ တော်တော် ခက်တာပဲ။ အဖိုးလေးအလိုလိုက်လို့ အဖွားလေး ပျက်စီးတာ ဖြစ်မှာပေါ့"

သူ့စကားကြောင့် ဘာဘာဏီ ရယ်သည်။

"အေးပါ။ အေးပါ။ မင်းတို့ မိန်းမရတော့ သိမှာပေါ့။ အဲဒီတော့မှ အဖိုးလေးပြောတာ မှန်ပါလားဆိုတာ သိလာလိမ့်မယ်"

ဘာဘာဏီသည် ရတ်ရှ်မဏီ၏ ပြုစုမှုကို အမြဲပြုနေသူ ဖြစ်ပါသည်။ ကာလကတ္တားတွင် ဘယ်အရာတွေ ဘယ်လောက် ဇိမ်ရှိသည်ဆိုစေ၊ သူ့မိန်းမ၏ ပြုစုမှုကို အစားထိုးနိုင်သည် မထင်ပါ။ ထို့ကြောင့် အိမ်ပြန်ဖို့ ကြာကြာ မတိုက်တွန်းလိုက်ရ။ မနက်လင်းသည်နှင့် သူ့အထုပ်ကို ပြင်သည်။ သို့ရာတွင် ကာလီပဒကို လာကြည့်သည့် အခါ သူ့မျက်နှာသည် နီမြန်းကာ ခန္ဓာကိုယ်သည် ခြစ်ခြစ် တောက်နေ၏။ မနေ့ညက ယုတ္တိဗေဒကို ကျက်နေသဖြင့် အိပ်ရေးပျက်ခဲ့သည်။ သူတကယ်တော့ ကောင်းကောင်း ကျန်းမာသည် မဟုတ်သေး။ ဆရာဝန်က စိတ်ပူနေသည်။

"အခြေအနေက သိပ်မကောင်းသေးဘူးကွ" ဟု ရှေလန္ဒရာကို ခေါ်ပြောသည်။

ရှေလန္ဒရာကလည်း သူ့အဖိုးလေးကို ပြောပြ၏။





"အဖွားလေး စိတ်ပူနေမယ်။ လူနာကလည်း ပြုစုဖို့ လိုနေတယ်။ ဒီတော့ အဖွားလေးကို မှာလိုက်ရရင် မကောင်းဘူးလား"

ရှေလန္ဒရာက ဖုံးဖိထားသည့်တိုင် ဘာဘာဏီမှာ အစိုးရိမ်ကြီး စိုးရိမ်နေလေပြီ။

"မင်းတို့ ကြိုက်သလိုသာ လုပ်ပါကွာ" ဟု အသံ တုန်တုန်နှင့် ပြောသည်။

ရတ်ရှ်မဏီထံ စာတစ်စောင် ပို့လိုက်သည်။ ရတ်ရှ်မဏီသည် ဘာဂါလာ ချာရန်းနှင့် အတူ ရောက်လာသည်။ ရတ်ရှ်မဏီသည် သူ့သားကို နာရီ အနည်းငယ်သာ တွေ့လိုက်ရပါသည်။ ကာလီပဒသည် ကယောင်ကတမ်းဖြင့် အမေ့ကို တ,နေသည်။ အမေ့တစ်သက်လုံး နှလုံးသားကို ဆုတ်ဖြဲပစ်နေမည့် ခေါ်သံများ ဖြစ်ပါသည်။

သားဆုံးပြီးနောက် ဘာဘာဏီ မည်သို့ နေနိုင်မည်နည်း။ ရတ်ရှ်မဏီကမူ အလုပ်နှင့်လက် မပြတ်အောင် လုပ်နေရသဖြင့် ပူဆွေးချိန်မရပါ။ သို့ဖြင့် သားကို ချစ်သောအချစ်နှင့် လင်ကို ချစ်သော အချစ်သည် သူ့ နှလုံးသားထဲတွင် ပေါင်းစည်း သွားကြပြန်သည်။ အမေသည် သူတို့ နှစ်ယောက်လုံးအတွက်



www.burmeseclassic.com

www.burmeseclassic.com



သောကဝန်ကို ထမ်းနေရသည်။ နောက်ထပ် သူခံနိုင်တော့မည် မထင်။

သို့ရာတွင် ယခုအထိတော့ တောင့်ထားနိုင်ပါသေးသည်။





၅

ညနက်လှပြီ။

ရတ်ရှိမဏိသည် မောမောဖြင့် အိပ်ပျော်သွား၏။ သို့ရာတွင် ဘာဘာဏီကမူ အိပ်မပျော်သေးပါ။ အိပ်ရာထဲတွင် တလူးလူး တလိမ့်လိမ့် ဖြစ်နေ၏။ 'ဘုရား.... ဘုရား' ဟု တကာ အိပ်ရာမှ ထသည်။သူ့သား ရွာကျောင်းတွင် တက်စဉ်က သည်အိမ်ထဲက ချောင်ကလေးတစ်ချောင်ထဲတွင် စာကျက်နေကျ ဖြစ်သည်။ ဘာဘာဏီသည် တုန်ရီနေသောလက်ဖြင့် မှန်အိမ်ကို ကိုင်၍ လူသူကင်းမဲ့နေသော အခန်းထဲသို့ လာခဲ့သည်။ ရတ်ရှိမဏိချုပ်ပေးသည့် မွေ့ရာကြီးမှာ နေရာ ရွာကြီးတွင်



www.burmeseclassic.com

www.burmeseclassic.com



မှင်တွေ စွန်းထင်းလျက် ခုတင်ပေါ်တွင် အတိုင်းသား ရှိနေ၏။ ညစ်ပတ်သည့် နံရံများပေါ်တွင် မီးသွေးခဲဖြင့် ခြစ်ထားသည့် ဂဲသြမေတြီပုံတွေ ရှိသေးသည်။ အိပ်ရာပေါ်တွင် ညစ်ပတ်စုတ်ပြတ်နေသည့် လေ့ကျင့်ခန်း စာအုပ်ပုံ တစ်ပုံနှင့် ရှိုင်ယယ်ရီးဒါး တတိယအုပ် အစုတ်ကလေးရှိသေးသည်။ ထို့ပြင် သူ့သား စီးသွားသည့် ခြေညှပ်ဖိနပ်ကလေး။ အရင်က မသိသာသော်လည်း ယခု အထင်းသား မြင်နေရ၏။

ဘာဘာဏီသည် မှန်အိမ်ကို နံရံချိုင့်ခွက်တွင် တင်လိုက်ပြီး ခုတင်ပေါ်တွင် ထိုင်၏။ သူ့မျက်လုံးများသည် ခြောက်သွေ့ကာ မျက်ရည်ခန်းနေကြပြီ။ သို့ရာတွင် သူ့ရင်ထဲကမူ ပူလောင်နေသည်။ အသက်ရှူ လိုက်တိုင်း နံရိုးတွေ ကျိုးသွားတော့မည်ဟုပင် ထင်ရသည်။ အိမ် အရှေ့ဘက်ခြမ်းက ပြတင်းကို ဖွင့်ကာ အိမ် အပြင်သို့ လှမ်းကြည့်လိုက်သည်။

ညကမှောင်ပိန်းလျက်။ မိုးဖွဲကလေးတွေ ရွာနေသည်။ သူ့ရှေ့က ဝင်းခြံထဲတွင် ပေါင်းမြက်တို့ ဖုံးနေသည့် ပန်းခြံတစ်ခြံရှိသည်။ သည်ပန်းခြံကလေးထဲတွင် သူ့သားကာလီပဒသည် သစ်ပင်ပန်းပင်ကလေးတွေ စိုက်ခဲ့ဖူးသည်။ သူစိုက်သည့်နွယ်ပင်များသည် သစ်ပင်များပေါ်





သို့ တွယ်တက်ကာ ပန်းတွေ ဝေအောင် ပွင့်နေ ကြ၏။

တစ်ခါက လုပသည့် ပန်းခြံကလေးကို ကြည့်ရင်း ဘာဘာဏီ၏ လည်ချောင်းသည် တစ်ဆို့ လာ၏။ သူ့တွင် မျှော်ကြည့်စရာ အနာဂါတ်မရှိတော့။ မကြာမီ နွေကျောင်းပိတ်ရက် ရောက်တော့မည်။ ထို့နောက် ပူဇော်ပွဲတော်ချိန် လာဦးမည်။ သို့ရာတွင် ဟာလာဟင်းလင်းဖြစ်နေသော အိမ်ကြီးက မျှော်လင့်တောင့်တမှုကား ရောက်လာတော့မည် မဟုတ်ပါ။ 'သားရယ်၊ ဖြစ်မှ ဖြစ်ရလေ' ဟု ညည်းရင်း ဘာဘာဏီသည် ကြမ်းပေါ်သို့ လဲကျသွားသည်။

သူ့သား ကာလီပဒသည် အဖေ့ကို ဆင်းရဲတွင်းမှ ကယ်ရန် ကာလကတ္တားသို့ သွားခဲ့ခြင်း ဖြစ်၏။ အကာအကွယ်မဲ့သော ဤလူအိုကြီးအား နှမ်းနယ်နေသည့် လောကကြီးအလယ်တွင် ဘာကြောင့်များ ပစ်သွားခဲ့လေသနည်း။

အပြင်ဘက်တွင် မိုးသည် ပို၍သည်းလာ၏။

ထိုစဉ် ခြံထဲက မြက်ခင်းပြင် အမှောင်ထဲမှ ခြေသံများကို ကြားရသည်။ ဘာဘာဏီ၏ နှလုံးသည် ပြင်းစွာ ခုန်စပြုလာ၏။ သူ မတွေးရဲသည့် အတွေးသည် ခေါင်းထဲသို့ ရောက်လာ၏။ သူ့သား ကာလီပဒသည်



www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံကလေးထဲသို့ ရောက်လာလေသလား။

မိုးမှာ သဲသဲမဲမဲရွာနေ၏။ သူ့သားလေး မိုးတွေ စိုရွဲနေတော့မည်။ ဘာဘာဇာဳထိုသို့တွေး၍ စိုးရိမ်နေစဉ် ပြတင်းပေါက်သံတိုင် အပြင်ဘက်တွင် လူတစ်ယောက် လာရပ်သည်။ သူ့ခေါင်းကို ကိုယ်ရုံကြီး ဖုံးထားသဖြင့် ဘယ်သူ ဘယ်ဝါဟု မခွဲခြားနိုင်။ သို့ရာတွင် အရပ် အမောင်းကမူကာလီပဒ၏ အရပ်အမောင်းလောက် ရှိမည် ထင်သည်။

"လာ လူလေး လာ" ဟု ဘာဘာဇာဳက တံခါးကို ခပ်မြန်မြန်ဖွင့် ပေးလိုက်သည်။ ပန်းခြံထဲသို့ ဆင်းလာခဲ့ကာ ပြတင်းပေါက်သို့ သွားသည်။ ဘယ်သူ့ကိုမျှ မတွေ့ရပါ။ သူသည် အမှောင်ထုကြီးထဲတွင် ရပ်စောင့်ရင်း "လူလေးရေ၊ ကာလီပဒရေ" ဟု ခေါ်၏။ ဖြေသံ မကြားရပါ။ သူ့အိမ်စေ နိတိုးသည် သူ့အော်သံကို ကြားသဖြင့် နွားတင်းကုပ်ထဲမှ ထွက်လာကာ ဘာဘာဇာဳကို အိမ်ထဲသို့ မနည်းခေါ်လာခဲ့ရသည်။

နောက်တစ်နေ့ အခန်းကို တံမြက်လှည်းသည့်အခါ၌ နိတိုးသည် ပြတင်းပေါက်နားတွင် ကျနေသည့် အထုပ်တစ်ထုပ်ကို တွေ့သဖြင့် ဘာဘာဇာဳထံ ယူလာခဲ့သည်။ အထုပ်မှာ ရှေးခေတ်က စာရွက်စာတမ်းတစ်ခု





ဖြစ်၏။ မျက်မှန်တပ်ပြီး ဖတ်ကြည့်ကာ ရတ်ရှိမဏာိထံသို့ ပြေးလာပြီး စာရွက်ကို ဖြန့်ပြသည်။

"အဲဒါက ဘာလဲ" သူမကမေးသည်။

"ပျောက်နေတဲ့ သေတမ်းစာလေ"

"ဘယ်သူ ယူလာတာလဲ"

"မနေ့ညက သူလာပြီး ပေးသွားတာ"

"ဘာအသုံးကျသလဲ"

"ခုတော့ အသုံးမကျတော့ဘူးပေါ့ကွာ" ဟု ဆိုကာ ဘာဘာဇာဳသည် စာရွက်ကလေးကို အစိတ်စိတ် ဆုတ်ဖြဲ ပစ်လိုက်သည်။

* * *

ထိုသတင်းသည် ပျံ့သွား၏။ ဘာဂါလာချာရန်းက ခေါင်းကို တဆတ်ဆတ်ငြိမ့်ကာ

"ဒီသေတမ်းစာဟာ ကာလီပဒဆီကို ပြန်ရောက်မှာပါလို့ ကျုပ်တော် မပြောဘူးလား" ဟုပြောသည်။

ကုန်စိမ်းသည် မုန့်ချာရန်းကတော့

"မနေ့ညက ဆယ်နာရီ ရထားဆိုက်တော့ မြို့ သားပုံ ဂိုက်ကောင်းကောင်းနဲ့ လူတစ်ယောက် ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တော့် ဆိုင် ရောက်လာပြီး ချောင်ဒူရီခြဲ ဘယ်မှာလဲလို့ မေးတာနဲ့ ပြလိုက်တယ်။ လက်ထဲမှာလည်း အထုပ်တစ်ထုပ်နဲ့”

“အဓိပ္ပာယ် မရှိတာ”

ဘာဂါလာချာရန်းက ယုတ္တိမတန်သည့် ဇာတ်လမ်းကို ချက်ချင်း ပယ်ချသည်။

[ဘင်္ဂါလီစာရေးဆရာကြီး Rabindranath Tagore ၏ Rashman's son ကို ပြန်သည်။]

၂၈၊ ၇၊ ၉၇
၁၀း၁၀ နာရီ



BURMESE CLASSIC .com

www.burmeseclassic.com